
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | = | ၁၂၇၃ / ၂၀၀၁ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | = | ၈၄၁ / ၂၀၀၁ (၁၀) |
| ပုံနှိပ်ခြင်း | = | ၂၀၀၁ - ခုနှစ် |
| | | နိုဝင်ဘာလ - ပထမအကြိမ် |
| အုပ်ရေ | = | ၅၀၀ |
| တန်ဖိုး | = | ၃၀/ |
| ထုတ်ဝေသူ | = | ဦးတင်ရှိန် (မြဲ - ၀၃၇၆၃) စန်းရောင်ရှိန်စာပေ အမှတ် ၄ / ၁၇၇၊ မေခလမ်း ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ |
| အဖုံးပုံနှိပ်သူ | = | ဦးကျော်ဇင် (မြဲ - ၀၄၂၂၉) နိုင်ရည်မွန် ပုံနှိပ်တိုက် တိုက်ခွဲ ၁၄/၁၆၊ မဟာသုခလမ်းနှင့် ၈၁-ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | = | ဦးရိုးမောင် (မြဲ - ၀၄၈၀၅) ရောင်ခြည်ဦးပုံနှိပ်တိုက် အမှတ် (၇၆)၊ ၄၃-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# ပုညခင်

# နှင်းဆီဖြူပုံပြင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အုံ့ဩရယ်မောဖွယ် ယောကျ်ားနှစ်ယောက်နှင့် စ,တင်တွေ့ဆုံရမည့် ထိုညနေတွင် ငွေ ခပ်ကြမ်းကြမ်းမောင်းလာခဲ့သော BMW ကားကြီးသည် လမ်းဘေးတစ်နေရာတွင် တုန့်ခနဲ ထိုးရပ်သွားခဲ့တာဖြစ်ပါသည်။

"ဟာ ဟ. . .ကားသစ်ကြီးကဘာဖြစ်သွားပါလိမ့်...၊ ကားထုတ်လုပ်တဲ့ကုမ္ပဏီတော့ သိက္ခာကျတယ်ကွာ...။"

ငွေသည် ပြုံးစေ့စေ့ကလေးရေရွတ်လိုက်ပြီး...ခေါင်းမော့ရယ်မောလိုက်သည်။ ပြီးတော့ ငွေ့ဘေးမှာ ခြင်းတောင်းလေးနှင့် အမြဲထည့်ထားသည့် မုန့်ထုပ်တွေကို နှိုက်ယူကာ ဝါးပြေနပြေစားနေလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကားပျက်သည့်အတွက်တော့ ငွေ စိတ်မပူချေ။

ညမှောင်မှောင်မှာ မိုးဖွဲဖွဲရွာနေသေးသော်လည်း ကားပျက်တဲ့ ဒီနေရာဟာ ငွေ့ အိမ်နဲ့အလှမ်းမဝေးလှချေ။ လမ်းဆင်းလျှောက်သွားလည်း ဘာအရှေးလဲ၊ နီးနီးလေးပဲဥစ္စာ။

ငွေသည် ခပ်အေးအေးမှန်းစားနေရင်းက မေမေ့ကို စ,နောက်ချင်စိတ်ပေါ်လာကာ ငွေ့ဆယ်လူလာဖုန်းကို လှမ်းယူပြီး မေ့ဆီ ဖုန်းခေါ်လိုက်လေသည်။

"ဟဲလို...မေလား...မီးပါ၊ ငွေပါ၊ မေ့ရဲ့ငွေကြေးမုံလေးပါ..."

"ဟယ်...သမီးရယ်၊ မေစိတ်ပူနေတာကွယ်၊ သမီး သူငယ်ချင်းကောသီတို့ဆီ ဖုန်းဆက်ကြည့်တော့လည်း မွေးနေ့ပွဲပြီးလို့ သမီးပြန်သွားပါပြီတဲ့၊ မေ အချိန်မှန်းကြည့်နေတာ၊ သမီး အခု ဘယ်နားမှာ ရောက်နေပြီလဲ၊ ကားမောင်းရင်းပြောနေတာလား..."

"ကားမောင်းရင်းပြောနေတာမဟုတ်ဘူး မေရဲ့၊ ကားပျက်ရင်း ပြောနေတာ..."

"ဟင်..ကားပျက်တယ် ဟုတ်လား၊ မဖြစ်နိုင်တာ၊ ကားက အသစ်ကြီးပါ၊ ညညမွေးနေ့က ညည်းအဖေဝယ်ပေးတာ၊ တစ်လပဲရှိသေးတယ် မဟုတ်လား .."



"အင်းလေ..ဘာပဲဖြစ်ဖြစ်၊ ငွေ့ကားကတော့ထိုးရပ်သွားတာ အမှန်ပဲ မေ၊ ငွေကတော့ ကားအကြောင်း ဘာမှနားမလည်ပါဘူး..."

"ဟဲ့..ညနေက ဆီဝင်ထည့်ဖို့ မှာလိုက်တာဝင်ဖြည့်ဖြစ်ရဲ့လား..."

"အယ်..ဟုတ်ပါရဲ့၊ ငွေ အချိန်မရလို့ မဖြည့်ဖြစ်လိုက်ဘူး မေ၊ ဟီဟိ...ဒါဆို ဆီကုန်သွားတာပဲဖြစ်မယ်နော်"

" အေးပေါ့၊ အေးပေါ့၊ ခက်တာပဲ၊ ကဲ ပြောစမ်း၊ ဘယ်နားမှာပျက်နေတာလဲ၊ ဘယ်လိုလာခေါ်ရမင

"ကားက အဒေးကြီးမှာပျက်နေတာ မေ၊ အ..တွေ့လိုက်ရသော ဆို အဝေးကြီးပဲ..."

"အဝေးကြီးဆိုတာ ဘယ်မှာလဲ၊ ပြောဦးမှပေါ့၊ မိုးချုပ်နေပြီနေ့..မိန်းကလေး တစ်ယောက်တည်း၊ ညည်း မကြောက်ဘူးလား၊ မေ စိတ်ပူလှပြီ ပြောစမ်းပါ၊ ဟဲ့...ရယ်မနေစမ်းနဲ့ အရှုးလိုလို၊ အပေါလိုလို..."

"အဟင်း..ဟင်း..မေ ဘာမှစိတ်မပူနဲ့၊ ငွေ့ဘာသာ ပြန်လာခဲ့မယ်၊ ဆယ့်ငါးမိနစ်အတွင်း ရောက်စေရမယ်၊ မေ အေးအေးဆေးဆေးလေး ထိုင်စောင့်၊ ဒါပဲနော် မေ့၊ ငွေ ဖုန်းပိတ်လိုက်ပြီ..."

www.burmeseclassic.com

www.burmeseclassic.com



ငွေသည် မေ့ကို စ,နောက်ကျီစယ်လိုက်ပြီး၊ သဘောတကျ ရယ်မောကာ ကားတံခါးကို ဖွင့်ဆင်းလိုက်လေသည်။ ကားကို သော့ခတ်၊ ဒီအတိုင်းထားခဲ့ပြီး ငွေက လမ်းလျှောက်ပြန်မည်။ ပြီးမှ အိမ်က ဒရိုင်ဘာကို လာယူခိုင်းလိုက်မည်။ အလွယ်လေးပ မဟုတ်လား။

ချ ငွေသည် ဂျမန်ပိုးအနီရဲရဲကို ပွပွကားကားလေးချုပ်ထားသည့် ဖုန်းခေါင်းလုံကြီးကို မ,ကာ..ပလက်ဖောင်းအတိုင်း ခပ်တည်တည်

"ဟဲလို...မေ့ရေ့။ မိုးဖွဲ့ဖွဲ့ကျနေသဖြင့် ကားပေါ်က ထီးကျားကြီးကို

"ဟယ်...သမီးရာ့။ ထီးက ကြီးကြီး၊ ~~ငွေက သေးသေးလေး~~။

ကေသီတို့ဆီ့ကိုရောက်ရသေးခင်မှာတဲ ငွေစီးထားတဲ့ခေါက်ဖိနပ် အနီရဲရဲလေးက ငွေ့ ခြေထောက်နှင့်ရန်ဖြစ်တော့သည်။

ကားမောင်းလာတာမို့ လမ်းလည်းသိပ်မလျှောက်ရတဲ့ ဒီလို ပွဲမျိုးမှာ ငွေက ဒီဖိနပ်ကိုလှရုံသက်သက် စီးလာခဲ့တာပါ။ ခုလို လမ်းလျှောက်နေရတော့ ငွေ့ခြေထောက်ကလေးဟာ ဖိနပ်သိုင်းကြိုးကြောင့် ပွန်းပွဲနာကျင်လာပါသည်။

"အင်း...ဒီတစ်ခါတော့ နင်က ငါ့ကိုပြန်စီးဦးမယ် ဟုတ်လား..."

ငွေသည် ဖိနပ်ကလေးကို ချွတ်ကာ လက်ဖြင့်ကိုင်လာလိုက်ပါသည်။



ဆိုးတော့မဆိုးပါဘူး။

မိုးဖွဲဖွဲအောက်မှာ ထီးကျားကြီးဆောင်း၊ ရေစိုစွ နေတဲ့ပလက်ဖောင်းပေါ်ကို ခြေဗလါးနဲ့နင်း၊ လက်တစ်ဖက်က ဖိနပ်ကိုကိုင်ပြီး လျှောက်ရတဲ့အရသာဟာ တကယ်ဆန်းသစ်တာပဲ ငွေ တွေးကာ ငွေက တိုးတိုးလေးရယ်ရင်း ခပ်ဖြည်းဖြည်းလျှောက် လာခဲ့လေသည်။

ကားမီးရောင်အောက်တွင် ဖြုန်းခနဲတွေ့လိုက်ရသော မြင်ကွင်းကြောင့် သတိုးက မျက်ခုံးပင့်သွားကာ လီဗာကိုဖွ နင်းလိုက်လေသည်။ အဂ္ဂါက..သတိုးလက်ကိုဖတ်ခနဲပိတ်ရိုက်ရင်း....

"ဟေ့ကောင် ဘာဖြစ်တာလဲ၊ လမ်းဒီလောက်ရှင်းနေတာကွာ၊ မြန်မြန်မောင်းစမ်းပါ..."

"စွတ်ပြောမနေပါနဲ့ကွာ၊ ဟိုမှာ မင်းမမြင်ဘူးလား.."

သတိုးက ဂါဝန်အနီလေးနှင့် ဖိနပ်ချွတ်လျှောက်နေသော မိန်းကလေးဆီကို မေးငေါ့ပြလိုက်သည်။ အဂ္ဂါက မထိတရီ အရာဖြင့်...

"တွေ့တယ်လေ..အဲဒါဘာဖြစ်လဲ..."

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ခုခု ဒုက္ခရောက်လာတာကွ၊ ငါတို့ကူညီသင့်တယ်..."

"ဟာကွာ မတွဲစမ်းပါနဲ့သတိုးရာ..ဒီအချိန်...ဒီလိုနေရာတွေမှာ ဒါမျိုးတွေရှိတတ်တာပဲကွ၊ ဒါမဆန်းဘူး၊ အလကားပါကွာ၊ ပုံပြင်လေးတွေပါ.."

"ဟာ..မင်းဒီလိုရမ်းမပြောနဲ့ကွ၊ ကြည့်ရတာ မိကောင်းဖခင် သားသမီးပုံမျိုးလေးပါ..."

"မိကောင်းဖခင်သားသမီးပုံမျိုးဆိုတာ ဘယ်လိုဟာလေးလဲ၊ ရှင်းပြစမ်းပါ"

"နေစမ်းပါအဂ္ဂါရာ၊ မင်း သေသေချာချာကြည့်စမ်းပါ၊ လျှောက်နေတဲ့ပုံက တကယ့်ကိုရိုးရိုးသားသား၊ ကလေးလေးလိုပဲကွ၊ တမင်လုပ်လာတဲ့ပုံမျိုး မဟုတ်ဘူးကွ၊ ဖိနပ်ကိုလည်း ချွတ်ကိုင်လာရသေးတယ်၊ ဘာများဖြစ်လာတာလဲ မသိဘူး၊ အိမ်ကပဲ ထွက်ပြေးလာတာလား..၊ လာကွာ၊ ငါတို့ကားရပ်ပြီး မေးကြရအောင်၊ လိုရင်လည်း ကူညီကြတာပေါ့..."

အဂ္ဂါသည် တီးတိုးဆဲရေးရင်း သတိုးကိုစိတ်ပျက်လက်ပျက် ကြည့်နေလိုက်ပါသည်။ သတိုးဖြစ်နေပုံဟာ ဒီကောင်မလေးကို သူမှ မကူညီရလျှင် ယူကျုံးမရဖြစ်နေတော့မည့်ပုံမျိုး။ သနားကရုဏာတွေ ဖုံးလွှမ်းနေသည့်မျက်နှာကလေးဖြင့် လမ်းလျှောက်နေသည့်



ကောင်မလေးကို လှမ်းကြည့်ကာ ကားကို ခပ်ဖြည်းဖြည်းမောင်းနေသည်။ သူ့ ကြည့်ရတာ စိတ်မဖြောင့် လက်မဖြောင့်ရှိလှသည်။

လူ့ဘာစ်ဖက်သားအပေါ် အရာရာ ကူညီငဲ့ညှာချင်ကာ အလုပ်ရှင်က အလုပ်ရှင်လိုမနေဘဲ၊ နိမ့်နိမ့်ချချရိုးရိုးကျိုးကျိုးတွေ လုပ်တတ်တာ။ အဝတ်အစားကိုဖြစ်ကတတ်ဆန်းဝတ်ကာ ဝန်ထမ်းတွေနှင့် အရောရော အနှောနှော်နေတတ်တဲ့ သတိုးအကျင့်ကို ပြင်ဖို့ပြောရတာလည်း သူ အာပေါက်တော့မည်။

"နေဦး...ဟေ့ကောင် အဂ္ဂါ၊ ငါတို့ ဆင်းမေးကြရအောင်၊ မိန်းကလေးတစ်ယောက်တည်း ဖိနပ်ချွတ်ကြီးနဲ့ လျှောက်နေတာ မကောင်းပါဘူးကွာ..."

"သူ တောင်ကောင်းလို့ လျှောက်နေတာ၊ မင်းက ဘာပူစရာ လိုလဲ၊ ဘာမှန်းမသိဘဲ သွားနှယ်နေရင် မင်းပဲ ဒုက္ခရောက်မှာ ဟေ့ကောင်..."

"ရောက်လည်း ရောက်ပစေတော့ကွာ၊ မဟုတ်ကဟုတ်ကဆိုရင်လည်း ရှောင်သွားရုံပေါ့..."

သတိုးသည် အဂ္ဂါကိုဘုပြောရင်း ကားကို ပလက်ဖောင်းဘက်ကပ်လာ ထိုမိန်းကလေးနှင့်ယှဉ်၍ ခပ်ဖြည်းဖြည်းမောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါက သတိုးပခုံးကို လက်သီးနှင့် တစ်ချက်ထိုးကာ

"ဟေ့ကောင် ခဏ၊ ကားမရပ်နဲ့ဦး၊ ကားပေါ်ကပဲ မေးချင်မေး

အရှုပ်အရှင်းဖြစ်လာရင် ငါနဲ့ မဆိုင်ဘူးနော်"

"သိပ်အဖြစ်မသည်းနဲ့ကွာ။ မင်းကို အမြင်ကပ်တာနဲ့ ကောင်

မလေးကို ကားပေါ်ခေါ်တင်လိုက်မိမယ်.."

" ခွေးကောင် "

"ဟော့..ဟော့..ဒီမှာ မိန်းကလေး..."

ငွေ့နံဘေးမှာတွင် ကားတစ်စီးယှဉ်မောင်းလာပြီ

လှမ်းခေါ်လိုက်သံကို ကြားလျှင်..ငွေ ကြက်သီးတွေဖျန်းခနဲ ထ,က

ကြောက်ရွံ့သွားလေသည်။ ဒင်းတို့က ငွေ့ကို ဘာများထင်နေလဲ

ငွေ့အိမ်ကလည်း မဝေးတော့ပါဘူး။ ငွေ ပြေးထွက်သွားရ

ကောင်းမလား။ အိမ်ကိုပဲ ဖုန်းဆက်လိုက်ရမလား။ ဖုန်းဆက်လိုက်

ရင်တော့ မေက...စိတ်ပူ... ဒေါသတွေ ထွက်ပြီး လိမ်ညာစတန့်ထွင်မိ

ငွေ့ကိုပဲ အပြစ်တင်တော့မှာ သေချာသည်။

ငွေသည် ကြောက်သော်လည်း သတ္တိမွေးကာ ခပ်တည်

တည်ဆက်လျှောက်နေလိုက်သည်။ ကားက ငွေ့နံဘေးမှ ဘီးလှိမ့်



လာကာ ငွေမကြားဘူးအထင်နှင့် အသံမြှင့်၍...

"ဟေ့ ကောင်မလေး၊ ခေါ်နေတာမကြားဘူးလား၊ မင်း

ဘာဖြစ်လာတာလဲ..."

" ကဲ "

ငွေသည် ရုတ်တရက် ဒေါသထွက်လာကာ ငွေ့ဖိနပ်တစ်ဖက်

ကို ကားရှေ့ခန်းထဲ ပစ်ပေါက်ထည့်လိုက်လေသည်။

"ဟာ...ဟား.ဘာလုပ်တာလဲ..."

"ရိုင်းလှချည်လားကွ.."

အူကြောင်ကြောင်အသံတစ်သံနှင့် ဒေါသကြီးသံ တစ်သံကို

တစ်ပြိုင်တည်းကြားလိုက်ရပြီး ကားက ငွေ့နံဘေးမှာ တုန့်ခနဲ

ရပ်တန့်သွားခဲ့ပါသည်။

အန္တရာယ်ပေးမည့်သူဆိုလျှင်လည်း ရှောင်ပြေးလို့ မလွတ်

သည့်အတူတူ ငွေက ခပ်တင်းတင်းရင်ဆိုင်လိုက်သည်။

"ရှင်တို့ ဘယ်လိုလူလဲ၊ နှမချင်းမစာနာဘူးလား၊ ပေါ့သွမ်း

ဆိုးရွားတဲ့ အကျင့်တွေနဲ့ လိုက်နှောင့်ယှက်ဘာ မရှက်ဘူးလား..."

"ဘာတွေလာပြောနေတာလဲ..."

စိတ်ရှုပ်ထွေးစွာ အော်လိုက်သော အသံကြောင့် ငွေပါးစပ်

ပိတ်ကာ ထိုသူကို စေ့စေ့ကြည့်လိုက်မိလေသည်။ ငွေ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ ရိုးသားသန့်စင်သော မျက်ဝန်းတစ်စုံ ဖြစ်သည်။ စိတ်ရှုပ်သလို မျက်ခုံးအတွန့်ချိုးလျက် ငွေ့ကို ကြည့်နေပုံကြောင့် ငွေသည် ဖြုန်းခနဲ အကြောက်ပြေကာ ဇရုတ်ကျချင်သည့်ဗီဇကလေး က ခေါင်းထောင်ထ,လာပါသည်။

အဲဒီ အူကြောင်ကြောင်လူရဲ့ ဟိုဘက်မှာထိုင်နေသူက ငွေ့ကို မတူမတန်သလို တစ်ချက်ကြည့်ပြီး...

"အဲဒါကြောင့် ငါမတားဘူးလား သတိုး၊ ဘာမှန်းမသိဘ သွားနှယ်တော့ အဓော်ကားခံရတာပေါ့..."

"အေး ဟုတ်တယ်၊ ဒါ ငါ့အပြစ်၊ ဒီမှာ မိန်းကလေး မင်း ရမ်းပြီးရန်တွေ့မနေနဲ့။ မင်းကို ဘယ်သူမှမနှောင့်ယှက်အူး ဒုက္ခရောက်နေသလားလို့ ကူညီမလို့မေးတာ၊ အကူအညီမလိုရင် ပြီးတာပဲ..."

သတိုးက ခပ်ပြတ်ပြတ်ပြောရင်း ကားစက်ကို ပြန်နှိုး လိုက်လေသည်။ ငွေသည် ရုတ်တရက်အကြံရကာ ...

"ဒီမှာ ဒီမှာ ကူညီမယ်ဆို ခဏနေပါဦးရှင့်၊ စိတ်မဆိုးပါနဲ့ရှင် ငွေက ကြောက်စိတ်မွှန်ပြီး ပြောမိတာပါ၊ တောင်းပန်ပါတယ်

သူတို့နှစ်ယောက်စလုံးကို ရိုးသားသူဟု ယုံကြည်သွား သော ငွေသည် ငွေ့ရဲ့ ဗီဇဆိုးလေးအတိုင်း ဇာတ်လမ်းတစ်



ဖန်တီးဖို့ ဟန်ပြင်လေသည်။ ငွေ့ဇာတ်လမ်းဟာ သိပ်ရယ်စရာ ကောင်းမှာပဲ။ ငွေသည် ကိုယ့်အကြံနှင့်ကိုယ် အူမြူးလာပါသည်

"ငွေကလေ ငွေက ငွေ့သူငယ်ချင်းမွေးနေ့ပွဲက ပြန်လာ တာပါ၊ အပြန်နောက်ကျနေတော့ ဘတ်စ်ကားလည်း မရှိ တော့ဘူး၊ TAXI ခကလည်း ဈေးကြီးတော့ ငွေ မငှားနိုင်ဘူး အဲဒါ လမ်းလျှောက်ပြန်လာတုန်း နောက်က လမ်းသရဲတွေ လိုက်နှောင့်ယှက်လို့ ထွက်ပြေးလာရတာ ဖိနပ်တောင်မစီးနိုင်ဘူး ဒုက္ခရောက်လိုက်တာ အစ်ကိုတို့ ကူညီချင်စိတ်ရှိတာ ငွေ ဝမ်းသာပါတယ်ရှင်..."

"ဟား...ဟား...တောမှာသွားပြောကွာ။ တောမှာသွားပြော ငါတို့ကပုံလာလာပြောတိုင်း မယုံဘူး မိန်းကလေး၊ ဘာ ဇာတ်လမ်းတွေဆင်မလို့လဲ..."

"ဟော့ကောင် အဂ္ဂါ ရမ်းမပြောနဲ့ကွာ၊ မဟုတ်တဲ့နဲ့တော့ လုပ်ကြံပြောမလား..."

"မင်း အရူးလား သတိုး၊ ဒီလောက်တောက်ပြောင်အဖိုး ထိုက်တန်တဲ့ အဝတ်အစားတွေ ဝတ်ထားပြီး၊ TAXI တောင်မငှားနိုင်ဘူးဆိုတာ ဟုတ်မလားကွ၊ ယုတ္တိမရှိတာ မင်းပဲယုံနေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါတွေက ငွေ့သူငယ်ချင်းဟာတွေ ငွေငှားဝတ်လာတာပါ.."

"ဒါဆို မင်းလက်ထဲက ဆယ်လူလာဖုန်းကရော..."

"ဒါက ငွေ့တူလေးကစားဖို့ဝယ်လာတဲ့ ကစားစရာဖုန်းပါ..."

"မင်းနာမည်က ငွေ ဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့ မငွေပါ"

"နာမည်ကတော့ တောနာမည်ပဲ"

ငွေသည် သက်မကင်းသလို စစ်ဆေးမေးမြန်းနေသော ခပ်တည်တည် လူရှေ့မှာ အပိုးကျိုးကျိုးပြန်ပြောရင်း...ရင်ထဲမှာတော့ တဟိုဟို ဖြစ်နေရပါသည်။ ကားမောင်းလာသည့် သနားကမား ရုပ်ကလေးနှင့် ဒရိုင်ဘာလိုလိုလူကတော့ ငွေ့ကို ယုံကြည်ကာ သနားနေပုံရလေသည်။

ငွေထင်သည်မှာ ခပ်တည်တည်လူက သနားကမားလူကို နိုင်စားရပုံတူပါသည်။ သနားကမားလူက အဝတ်အစား ကောင်းကောင်းမွန်မွန်ဝတ်မထား။ ခပ်တည်တည်လူကတော့ အနောက်တိုင်း ဝတ်စုံပြည့်ဖြင့် ရှိုးကအပြည့်။

"ကဲပါကွာ အဂ္ဂါရာ တရားခံစစ်, စစ်မနေစမ်းပါနဲ့၊ ကဲ အဲဒီတော့ မငွေ။ ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ"



"ရှင်တစ်ယောက်တည်း ကူညီလို့တော့ဖြစ်မှာ မဟုတ်ဘူး၊ နိုင်မယ်မထင်ဘူး၊ ရှင့်ဘေးကလူပါပါမှဖြစ်မယ်၊ ငွေ့ကို နှောင့်ယှက်တဲ့ သူတွေက သိပ်မဝေးတော့ဘူး၊ ဟိုးနောက်မှာ လာနေပြီ၊ ငွေရှေ့ကသွားနှင့်မယ်၊ ရှင်တို့က သူတို့ဆီ ပြန်လှည့်ပြီး ငွေ့နောက်ကို သူတို့လိုက်မလာအောင် ကာကွယ်ပေးမလား..."

"အင်း...အင်း..ဟုတ်ပြီလေ၊ ကာကွယ်ပေးမယ်၊ ကဲ ဒါဆို ခင်ဗျားသွားနှင့်တော့၊ အိမ်က ဝေးသေးလား"

"သိပ်မဝေးတော့ပါဘူး"

"မင်းက ဒီနားမှာနေတယ် ဟုတ်လား၊ ဒါ သူဌေးရပ်ကွက်ပဲ..."

"ကျွန်မက သူဌေးခြံနောက်ကတန်းလျားမှာ နေရတာပါ"

ငွေသည် ခပ်တည်တည်လူကို လိမ့်လိုက်ရင်း...သနားကမားလူကို ချွေကြည့်လိုက်သည်။ သူကတော့...ငွေ့ကို အကြွင်းမဲ့ ယုံကြည်ကာ စိတ်ပူပန်ဟန်ဖြင့်...

"ရစ်မနေစမ်းပါနဲ့ အဂ္ဂါရာ၊ ကဲ...ကဲ မငွေ...သွားတော့၊ နောက်ကြောင်းကိုမပူနဲ့၊ မင်းနောက်က ဘယ်သူမှ လိုက်မလာစေရဘူး၊ ငါ့တာဝန်ထား ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့ ကျေးဇူးတင်လိုက်တာရှင်"

www.burmeseclassic.com

www.burmeseclassic.com



ငွေက ရှိ့ရှိ့ကျိုးကျိုးလေးပြောပြီး သူတို့ရှေ့မှ ခပ်ကုပ်ကုပ်ထွက်လာခဲ့ပါသည်။ သူတို့ကားက နောက်ကြောင်းပြန်လှည့်ကာ ခပ်ဝေးဝေးက လူစုစုဆီဦးတည်သွားနေခဲ့သည်။

ငွေသည် လမ်းသွယ်ကလေးထဲချိုးကာ ငွေတို့ခြံထဲ ဝင်လာခဲ့ပြီးလျှင် ထီးကို အိမ်ထဲပစ်သွင်း၊ ဖိနပ်တစ်ဖက်ကို ပစ်ချကာ မေ့ခါးကိုဖက်လိုက်ရင်း၊ တဟားဟားအော်ရယ်လိုက်လေသည်။ မေကတော့ အကြောင်းမသိဘဲ…အရူးမ၊ အပေါမ၊ ဗရုတ်မ ရယ်လို့ တပွစိစိပြောလို့ မဆုံးနိုင်ပေ။

## အခန်း (၂)

အိပ်ရာဝ နိုးထချိန်တွင် ပထမဦးဆုံးသတိရမိသည်မှာ ညက အဖြစ်အပျက်ကို ဖြစ်သည်။ နီယွန်မီးရောင်ဖြင့် မြင်လိုက်ရသော ချက်နှာနှစ်ခုကို မြင်ယောင်မိတော့ ငွေက ခပ်တိုးတိုးရယ်လိုက်မိပါသည်။ သနားကမားလူ့ရယ်၊ ရုပ်တည် လူရယ်၊ ငွေ့အကွက်ထဲကို ကိုးရိုးကားရား ဝင်သွားရှာပြီ။

"ဟဲ့…အရူးမ..ဗရုတ်မ…နိုးနေပြီ မဟုတ်လား မျက်ခွံကလှုပ်စိလှုပ်စိနဲ့ ပြုံးနေတာ ငါမြင်တယ်နော်၊ ထစမ်း…ညည်းကို ဆူစရာရှိတယ်"

မေ့အသံကြားလျှင် ငွေက မျက်လုံးမဖွင့်သေးဘဲ…

"ဟင် မေကလည်း… ငွေကဖြင့် ခုမှအိပ်ရာနိုးတာ၊ မေ

www.burmeseclassic.com

www.burmeseclassic.com



ဆူရအောင် ဘာတစ်ခုမှ မလုပ်ရသေးပါဘူး”

“ညက ကိစ္စလေ၊ ညက ကိစ္စကို ဆူရမှာ၊ ညက ညည်း အဖေဆီကတယ်လီဖုန်းလာတာနဲ့ ညည်းကို မဆူဖြစ်တော့တာ၊ ဖုန်းပြောပြီးလို့ ညည်းကိုလာကြည့်တော့ ညည်းက အိပ်နေပြီလေ”

“ညက ကိစ္စကို ညမှာပဲထားခဲ့ပါမေရာ၊ မနက်ထိ သယ်မလာကောင်းပါဘူး၊ ညက မေပဲ...ငွေ့ကို အရူးမ၊ အပေါမ၊ ဗရုတ်မလို့ ပွစိပွစိ ပြောပြီးပြီပဲဟာ”

“ညည်း ချွဲကျိနေတဲ့ လေသံနဲ့ ငါ့ကိုနူးမနေစမ်းပါနဲ့ ငွေ့ရယ်၊ ဒီမှာ...ညည်းရဲ့ ဗရုတ်ကျတဲ့ အမူအကျင့်တွေကို ဘယ်တော့ဖျောက်မှာလဲ...

“အမေ့ကို ညာပြောပြီး၊ ညကြီးမိုးချုပ် တစ်ယောက်တည်း လမ်းလျှောက်ပြန်လာတာ ဘယ်လောက် အန္တရာယ်ကြီးသလဲ၊ ဒါ ညည်းသက်သက်စတန့်ထွင်တာ၊ တော်သေးတာပေါ့... လူဆိုးလူယုတ်မာနဲ့ မတွေ့တာ ကံကောင်းလို့ပေါ့”

“လူဆိုးလူယုတ်မာနဲ့ မတွေ့ခဲ့ဘူးလို့ ငွေ မပြောမိပါဘူး”

“ဟင် ဒါဆို ညည်း တွေ့ခဲ့တယ်ပေါ့၊ ပြောစမ်း... ပြောစမ်း... ထစမ်းပါအေ၊ ညက ဘာဖြစ်လို့ မပြောသလဲ...”



ငွေသည် အိပ်ရာမှ ထ,ထိုင်ကာ ကြောက်ရွံ့နေသည့်ပုံဖြင့်...

“ မေ ဆူမှာကြောက်လို့ ငွေ မပြောရဲတာပါ၊ ညက ငွေ့နောက်ကို လမ်းသရဲတွေလိုက်လာတာ”

“ ဘုရား....ဘုရား...”

“ငွေကလည်း ကြောက်ပြီး အတင်းပြေးတာ၊ ဖိနပ်တစ်ဖက် တောင်ကျွတ်ကျန်ခဲ့တယ်၊ ငွေဖြင့် ကြောက်လိုက်တာမေရယ်၊ သူတို့တွေက အတင်းလိုက်၊ ငွေက အတင်းပြေး၊ မီးလုံမီးခင်လေးမှာ ငွေက ချော်လဲ...”

“ဟင်...သမီး...ညည်းတကယ်ပြောနေတာလား၊ သူတို့က ညည်းကို မီလာရောလား...”

“ မီလာတာပေါ့”

“ငွေက ချော်လဲရာက အတင်းကုန်းထပြီး စွတ်ပြေးတာ... သီသီလေးလွတ်လာခဲ့တာပေါ့ မေရဲ့...”

“အမလေး...ငါ့သမီးလေး မသေကောင်းမပျောက်ကောင်းကွယ်...”

ငွေသည် မေမေရဲ့ မထိတ်သာမလန့်သာပုံကို ကြည့်ကာ ရယ်ချင်စိတ်ကို ထိန်းထားရပါသည်။ မေတစ်ယောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ငွေ ဒီလောက်ဗရုတ်သုက္ခတွေပြောမှန်းသိလည်း...ပြောတိုင်းယုံတာပဲ။ ဒါကြောင့် ဖေက စက်ဘီးပူကနေ လှမ်းလှမ်းပြီး မေ့ကို အမြဲသတိပေးရျ စိတ်မချ လက်မချ ဖြစ်ရတာပါပဲ။ ဖေက ဟိုမှာသာ အလုပ်သွား လုပ်နေပေမယ့် စိတ်က မေ့ဆီအမြဲရောက်ကာ ရိုးသားလှတဲ့ မေ့ကို အမြဲမပြတ်ပူပန်နေရတာတပါသည်။ ငွေက မေနဲ့ ဖေ့ကို ချစ်သော်လည်း မကြာခဏ လုပ်ကြံလီဆည့်ပြောရင်း မေ့ကို စ,နောက်မိသည့်အကျင့် ကိုတော့ ဖျောက်မရနိုင်ပါ။ မေ့ကိုမှ မဟုတ်ပါဘူး။ ငွေက ငွေနဲ့ ပတ်သက်သမျှ လူတိုင်းကို အမြဲလို ကျီစယ်နေရမှ..။

ငွေသည် မေ့ရင်ခွင်ထဲ တိုးခွေဝင်လိုက်ကာ..

"ငွေဖြင့် ခုထိကြောက်မပြေသေးပါဘူး မေရယ်၊ ငွေ့ကို မသနားဘူးလားဟင်၊ ငွေ့ကို မဆူနဲ့တော့နော်၊ နော် . . . မေ့ ...နော်..."

"အေးပါ...အေးပါ သမီးရယ်၊ မေသမီးသနားပါတယ်၊ ကဲ..ကဲ ထနော် သမီး၊ မေ့ သမီး မနက်စာစားဖို့ သွားပြင်လိုက်ဦး မယ်.."

မေ ငွေ့အခန်းထဲက အထွက်မှာ ငွေက တံခါးလိုက် ပိတ်ရင်း၊ တံခါးဝမှ ခေါင်းပြူကာ..

"မေ့...ခုန ပြောတာ တကယ်မဟုတ်ဘူးသိလား၊ ငွေ မေ့ကို



စ,ဘာသိလား ဟိဟိ..."

"ဟင်....သမီးစုတ်"

မေ မျက်နှုံးကြီးပင့်၊ မျက်လုံးကြီးပြူးလာချိန်မှာ ငွေက တံခါးကို ဖျတ်ခနဲပိတ်ပြီး...တံခါးကို ကျောမှီကာ ခေါင်းမော့ ရယ်မောလိုက်လေသည်။

ချစ်လို့ စ,တာပါ မေရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ငွေ ဗရုတ်ကျကာ လှည့်စားခဲ့သော ယောကျ်ားနှစ်ယောက်နှင့် ဆောင်မှတ်ဘဲ ပြန်လည်တွေ့ဆုံရမည့် အဲဒီနေ့က ငွေသည် မေ့ကို ဘွားဘွားအိမ်ဝင်ပို့ပေးခဲ့ပြီး လမ်းကြုံနေသည့် မီနီမတ်ထဲ ဝင်လာခဲ့ပါသည်။

မီနီမတ်ကလေးမှာ ဖွင့်တာသိပ်ကြာသေးပုံမရ။ ရန်ကုန်မြို့မှာ ရွှေရောက်ဖူးသော စူပါမတ်ကတ်၊ မီနီမတ်ကက်ရယ်လို့ မရှိသေးတာမို့ ငွေမှာ အသစ်ဖြစ်သော မီနီမတ်ထဲ ဝယ်စရာရှိရှိ မရှိရှိ ရောက်ဖူး အောင်ရှိအောင် ဝင်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်အဆင်လှလှပပ ကျယ်ကျယ်ဝန်းဝန်းရှိတာကို ငွေက သဘောကျနေသည်။ မီနီမတ်နှင့် တွဲလျက်...ကုမ္ပဏီရုံးခန်းတစ်ခုကိုလည်း လှမ်းမြင်နေရပါသည်။

ငွေက မျက်မှန်အနက်ကိုချွတ်ကာ အင်္ကျီမှာချိတ်လိုက်ပြီး ဆိုင်ထဲ ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိပါသည်။ ဘာတွေ အသစ်အဆန်းရှိနိုင်မလဲ....

ငွေ လျှောက်ကြည့်ဆဲတွင် တစ်ဖက်ကောင်တာအနီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး...

"အဲဒီ ပစ္စည်းနှစ်ခုစလုံးကို သူယူလာတာ ကျွန်တော် တွေ့လိုက်ပါတယ်..."

"ဟေ့ကောင် မင်းမစွပ်စွဲနဲ့"

"ဝန်ခံလိုက်ရင် အေးအေးဆေးဆေးပြီးသွားမှာပါခင်ဗျာ"

"ဝန်ခံရအောင် ငါယူတာမှ မဟုတ်ဘဲကွ..."

"ဒီနာရီလေးရော၊ ဟို ရွှေရောင်ဘောလ်ပင်လေးရော၊ ခင်ဗျား ယူပြီး ခင်ဗျားရဲ့ ဘောင်းဘီဘေးအိတ်တွေထဲ ထည့်နေတာ ကျွန်တော် မြင်ပါတယ်၊ ကျွန်တော် နောက်က လိုက်ကြည့်နေတာ မြင်တော့မှ ခင်ဗျားပစ္စည်းတွေကို အမှိုက်ပုံးထဲ ပစ်ချထည့်လိုက်တာပါ"



"မဟုတ်တယ်၊ ခင်ဗျား ကျွန်တော်တို့ဆိုင်ထဲမှာ ဒီလိုလာလုပ်တာ နှစ်ခါရှိပြီ၊ ဟိုတစ်ခါတုန်းက ငွေရှင်းဖို့မေ့လို့ဆိုပြီး ခင်ဗျား ထွက်သွားတာ၊ ကျွန်တော်လိုက်ခေါ်တော့မှ ငွေပြန်ရှင်းတာ၊ ခင်ဗျားကို ကျွန်တော်မှတ်မိတယ်"

"တောက်...မင်းတို့...ကဲကွာ"

သက်သေအခိုင်အမာနှင့် အမိခံနေရသူက သွေးရူး သွေးတမ်းဖြင့် အနီးက ကောင်လေးကို လက်သီးနှင့်လှမ်းထိုးလိုက်ပါသည်။ ထိုသူကို လုံခြုံရေးဝန်ထမ်းက ဖမ်းချုပ်လိုက်ချိန်တွင် ဆိုင်ရှေ့ခြင်းထဲသို့ ကားတစ်စီးဝင်လာတာကို လှမ်းမြင်လိုက်ရသည်။

"ဟိုမှာ...ဆရာလာပြီ"

ဝန်ထမ်းကောင်လေးက အဲဒီကားထံ ခပ်သုတ်သုတ် ထွက်သွားပြီး...မကြာမီ လူနှစ်ယောက်နှင့်အတူ ဆိုင်ထဲပြန်ဝင်လာလေသည်။

ဘုရားရေ...သတိုးနဲ့ အဂ္ဂါပါလား...

ငွေသည် တိုက်ဆိုင်မှုအတွက်အံ့ဩရယ်ချင်လာကာ မျက်မှန်ကိုကို ပြန်တပ်လိုက်ပြီး၊ ပစ္စည်းတင်သည့်စင်ဆောနားမှာ မသိမသာ ကွယ်ရပ်နေလိုက်ပါသည်။

အဂ္ဂါက တွေ့စကလိုပင် သပ်သပ်ရပ်ရပ်ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်ဘောင်ဘီနှင့် ရှပ်လက်ရှည်က သူနှင့် အတော်ကြည့်လို့ကောင်းသည်ဟု ငွေက ကျိတ်၍ အမှတ်ပေးလိုက်သည်။ သတိုးကတော့ တီရှပ်ပွပွကို ဂျင်းပဲန်အရောင်မွဲမွဲနှင့် တွဲဝတ်ထားသည်။ ဝတ်ထားပုံက နည်းနည်းမှ သေသေသပ်သပ်မရှိပါ။

အဂ္ဂါက အခင်းဖြစ်ပွားသည့်နေရာနားရောက်လာကာ…

" ဘာဖြစ်ကြတာလဲ "

"ဒီမှာ ဆရာ၊ ဒီလူ နာရီနဲ့ ဘောလ်ပဲန်ကိုယူပြီး၊ ဒီအမှိုက်ပုံးထဲ ပစ်ချတာ ကျွန်တော်သေသေချာချာမြင်လိုက်ပါတယ်၊ အဲဒါ သူက ဖြောင်ငြင်းပြီး ကျွန်တော့်ကို လက်သီးနဲ့ ထိုးပါတယ်"

"ကဲ ကဲ သူငြင်းတာကို ငါနားထောင်လိုက်ဦးမယ်၊ ခဏနေကြဦး၊ ပြော မင်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာပြောချင်လဲ…"

"ဒါ ကျုပ်ယူတာ မဟုတ်ဘူး"

"ကောင်းပြီး ဒီလိုဆိုရင် ခင်ဗျားအိတ်တွေထဲ တဆိတ်လောက်ရှာကြည့်ပါရစေ၊ ကဲ မောင်တင်စိုး ရှာ သူ့အိတ်တွေကိုရှာကြည့်.."

ဝန်ထမ်းကောင်လေးတွေက အိတ်တွေထဲနှိုက်ကြည့်



သောအခါ တိုလီမုတ်စလေးတွေတစ်ခုပြီး တစ်ခုထွက်လာပါတော့သည်။

"ဟာ..ဒါတွေယူတာ ကျွန်တော်တို့မမြင်လိုက်ဘူး ဆရာ၊ နာရီနဲ့ဘောလ်ပဲန်ပဲမှတ်တာ…"

"ကဲ ဒီမှာခင်ဗျား မျက်မြင်ပဲနော်.."

"အဲဒါတွေက ကျုပ် ငွေချေပြီးဝယ်မလို့ပါ၊ ငွေလာမရှင်းရသေးတာတွေပါ"

"မဖြစ်နိုင်တာ အသေအချာပဲ၊ ခင်ဗျား ငြင်းဖို့မကြိုးစားပါနဲ့တော့၊ အစကတည်းက ငွေပေးဝယ်ဖို့ စိတ်ကူးရှိရင် ဆွဲခြင်းမယူဘဲ ဘောင်းဘီအိတ်ထဲ ထည့်ခဲ့မှာ မဟုတ်ပါဘူး၊ ကဲ ခင်ဗျား ဘာမှ ထပ်ပြောစရာမလိုတော့ဘူးနော်၊ ရဲစခန်းပဲအပ်လိုက်ရတော့မယ်"

" နေ…နေဦး အဂ္ဂါ"

အဖြစ်အပျက်ကို မှုန်ကုပ်ကုပ်ရပ်ကြည့်နေသော သတိုးကကြားဝင်လာကာ…

"သေသေချာချာ မေးပါဦးကွာ၊ အဲဒီလောက်တော့ မလုပ်ပါနဲ့"

"ဒီထက်သေချာတာ ဘာရှိသေးလို့လဲ သတိုး၊ အပြစ်ရှိတဲ့သူကို ထိုက်သင့်တဲ့ဒဏ်ခတ်မှုတော့ ပေးရမှာပဲ"

"မဟုတ်သေးဘူးလေ၊ မတော်တဆမှားယွင်းတာမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"မတော်တဆကော ဘောင်းဘီအိတ်ထဲ ဝှက်မထည့်ဘူးကွ"

"သူ့ ဆွဲခြင်းယူဖို့ မေ့ပြီးရှိတဲ့အိတ်ထဲထည့်တာမျိုးရော မဖြစ်နိုင်ဘူးလား..."

"သတိုး တော်ကွာ၊ မင်းဝင်မပါနဲ့ မင်းကသူ့သက်သေလား၊ မင်းဝင်လာရင်ရှုပ်ပြီ"

"ခြော် ပစ္စည်းလည်း ပြန်ရပြီ မဟုတ်လား၊ လွှတ်လိုက်ပါကွာ၊ အဓိက က ကိုယ့်ပစ္စည်းမဆုံးဖို့ပဲ၊ ကဲ ညီလေးသွား တော့ သွားတော့၊ နောက် ဒီလို မလုပ်နဲ့"

"ဟော့ကောင် မသွားနဲ့၊ သတိုး တော်ကွာ၊ မင်း ငါလုပ်တဲ့ ကိစ္စမှာ ကဖျက်သဖျက်ဝင်မလုပ်နဲ့၊ ဟေ့ ဒီမှာ ဒီကောင်လေးကို ခဏခေါ်ထား၊ ရဲကို ဖုန်းဆက်လိုက်..."

"မဟုတ်သေးဘူး အဂ္ဂါ"

"မင်း မဟုတ်တာ သတိုး၊ မင်း အဲဒီလို သဘောကောင်း နေရင် ဆိုင်ရောကမ္ဘာပါ ပြုတ်ပြုတ်ပြုန်းဖို့ပဲ ရှိတော့တယ်..."

"လူတစ်ယောက်အပေါ်ရက်စက်ရာကျနေတယ်ကွ၊ မင်းမှာ စာနာစိတ်မရှိဘူးလား"

"မင်း အဲဒါ သွေခြိုးကွ၊ အပြစ်လုပ်တဲ့လူကို အပြစ်ပေးတာ ရက်စက်မှုမဟုတ်ဘူးဆိုတာ မင်းမြဲမြဲမှတ်ထား၊ တော်ပြီကွာ၊



လာ...လာ...မင်းမကျေနပ်ရင် ရုံးခန်းထဲကျမှ ဆက်ရှင်းမယ်..."

နှစ်ယောက်သားဟာ တစ်ယောက်တစ်ပြန်ငြင်းခုန်ရင်း အစ်ဖက်ရုံးခန်းထဲ လှမ်းဝင်သွားပါသည်။ ငွေက ချောင်ကပ်ကာ ချောင်းကြည့်နေရင်း သတိုးရဲ့ အူကြောင်ကြောင်ပုံစံကို ရယ်ချင်နေမိပါသည်။

ပြဿနာတွေရှင်းသွားတော့မှ ငွေက အရောင်း စာရေးမလေး အားကပ်ကာ...

"ညီမလေး ခုန ဟိုဘက်ရုံးခန်းထဲဝင်သွားတဲ့ နှစ်ယောက်က ဘယ်သူက ညီမတို့ Boss လဲ..."

"နှစ်ယောက်စလုံးပဲ အစ်မ၊ သူငယ်ချင်းနှစ်ယောက် ရှယ်ယာလုပ်ထားကြတာပါ..."

"သူတို့နှစ်ယောက်က အချင်းချင်းမတည့်ကြဘူးလား ဟင်း... အဟင်း...စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ သူတို့ငြင်းနေပုံကို အစ်မ သဘောကျလို့ပါ..."

"ဟုတ်တယ် အစ်မရဲ့၊ သိပ်ရယ်ရတာပဲ၊ နှစ်ယောက်က အမြဲငြင်းနေတာ၊ ကိုသတိုးက သဘောကောင်းတယ်လေ၊ ကိုအဂ္ဂါက ပြတ်သားတယ်၊ သူတို့ချင်း ချစ်တော့ ချစ်ကြ ပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စကားမစပ်၊ ညီမတို့ဆီမှာ ဝန်ထမ်းအသစ်မလိုဘူး လားဟင်..."

"လိုတယ် အစ်မ၊ ဒီတစ်ရက်နှစ်ရက်အတွင်းပဲ၊ သတင်းစာထဲမှာ ကြော်ငြာပါလိမ့်မယ်..."

"ဟုတ်လား၊ အဟင်း...ကျေးဇူးနော် ညီမ"

ငွေသည် သတိုးတို့ မိနီမတ်ထဲမှ အူမြူးလျက်ပြန်ထွက်လာခဲ့ပါသည်။ ငွေ့မှာလည်း ငွေ့အကြံအစည်နှင့် ငွေ ဖင်တည်း။ အလုပ်မရှိဘဲနေရတာကို ပျင်းရိနေပြီဖြစ်သော ငွေဟာ အလုပ်လည်းလုပ်၊ ဗရုတ်လည်းကျဖို့ကြံစည်ရင်း၊ ရင်ထဲ ကလိကလိနှင့် ပျော်မြူးနေရလေသည်။

အခန်း (၄)

"မင်း စကာတင်ရွေးထားတဲ့ လျှောက်လွှာတွေက ကုန်မှပဲ မကုန်နိုင်တော့ဘူးလား သတိုးရာ၊ တစ်နိုင်ငံလုံးများ အလုပ်ခန့်ချင်နေသလား မသိပါဘူး..."

"တစ်ယောက်ပဲ ကျန်ပါတော့တယ်ကွ"

"ခေါ်လိုက်ကွာ၊ မြန်မြန်ခေါ်လိုက်၊ ဗိုက်ဆာလှပြီ၊ ဒီကိစ္စပြီးမှ သွားစားရမှာ"

သတိုးနှင့် အဂ္ဂါက ရုံးခန်းထဲမှာ အတူတကွ ထိုင်လျက် ခင်တာဖျူးရမည့်လူတွေကို တစ်ယောက်ပြီး တစ်ယောက် ခေါ်တွေ့နေရင်း၊ သဘောထားကွဲလွဲမှုတွေ အမျိုးမျိုး ဖြစ်ပေါ်နေတတ်ပါသည်။

နောက်ဆုံးတွေ့ရမည့်သူ ဝင်အလာကိုစောင့်ရင်း လျှောက်လွှာ

www.burmeseclassic.com

www.burmeseclassic.com



ကို ငုံ့ကြည့်ဆဲတွင် အရိပ်တစ်ခု သူတို့ရှေ့မှာ ရပ်လာသည်။ အဂ္ဂါက သူ့စတိုင်လ်အတိုင်း မော့မကြည့်သေးဘဲ...

"နာမည်က ငွေကြေးမုံနော်"

"ဟုတ်ကဲ့ရှင့်၊ မငွေလို့လည်းခေါ်ပါတယ်"

"မငွေ"

သူတို့နှစ်ယောက် လွှတ်ခနဲပြိုင်တူရေရွတ်မိကာ ပြိုင်တူ ခေါင်းမော့လာခဲ့ရပါသည်။ တစ်စက်မှ မေ့ချင်စရာ မကောင်းတဲ့ ဒီနာမည်။ သူတို့ကို တပတ်ရိုက်သွားတဲ့ ဒီနာမည်။

"မင်း...."

သတိုးက ငွေ့ကိုပြူးတူးပြဲတဲကြည့်နေပြီး အဂ္ဂါက ခပ်တင်းတင်းကြည့်နေပါသည်။ ငွေသည် မျက်လုံးကလေးတွေမှေးပိတ်သွားသည်အထိ တအားရယ်ပြလိုက်ရင်း...

"ဟုတ်ကဲ့ မငွေပါ၊ ကိုသတိုးနဲ့ ကိုအဂ္ဂါတို့ ငွေ့ကိုမှတ်မိတဲ့ အတွက် ကျေးဇူးတင်ပါတယ်.."

အဂ္ဂါက မသိမသာမဲ့တဲ့တဲ့ပြုံးလိုက်ပါသည်။ သတိုး ကတော့ ဘာပြောရမည်မသိသေးဘဲ။ အဲဒီညက အဖြစ်အပျက်ကို ပြန်သတိရမိသည်။

အဲဒီညက သူတို့နှစ်ယောက်က ကားကိုနောက်ပြန်လှည့်ကာ



ခပ်ဆေးဝေးက လူအုပ်စုဆီကို စောင့်ကြည့်နေခဲ့ရသည်။ အဲဒီအုပ်စုမှာ ကောင်လေးတွေချည်းမဟုတ်။ သူတို့ ကောင်မလေးတွေလည်း ပါနေသည်။ ဒါဟာ မငွေကို နှောင့်ယှက်တဲ့ လမ်းသရဲလည်းမဖြစ်နိုင်။ သူတို့ဘာသာ သူတို့ လွတ်လပ်ပျော်ရွှင်စွာ လျှောက်လာနေကြတာဖြစ်သည်။ အကြောင်းကြောင်းနှင့်ပင် သူတို့လှည့်ပြန်လာခဲ့ရသည်။ မငွေကိုတော့ အစအနပင် မတွေ့ရတော့။

အဂ္ဂါက သတိုးကိုသာ တပျစ်တောက်တောက် အပြစ်တင်နေသည်။ အလကားပါ ပုံပြောသွားတာ။ ဟုတ်ချင်မှဟုတ်မှာ။ သက်သက်အရှုးလုပ်နေတာ စသဖြင့်....

"မင်းက အလုပ်လာလျှောက်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ကိုအဂ္ဂါနဲ့ ကိုသတိုး"

သတိုးက ငွေကြေးမုံကို အကဲခတ်လိုက်ပါသည်။ ဝတ်ထားတာကတော့ နွမ်းနွမ်းပါးပါးပဲ။ နားပေါက်ကလေးတောင် ဟောင်းလောင်းဖြစ်နေသည်။ တကယ့် အရိုးခံရုပ်ကလေး။

"ဒီလျှောက်လွှာမှာ ကပ်ထားတဲ့ပုံက မင်းနဲ့မတူဘူး"

ဘယ်တူမလဲ။ တမင်ရုပ်ဖျက်ပြီးရိုက်ထားရတာ။ ငွေ့ ရုပ်ကို အစောတည်းက မြင်ရင်ပယ်လိုက်မှာစိုးလို့..

ငွေသည် မှင်သေသေမျက်နှာကလေးဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံက ငွေရိုက်ထားတာကြာပြီ၊ နေမကောင်းဖြစ်ပြီး၊ အရမ်းပိန်နေတုန်းကရိုက်ထားတာ..."

"နေဦး သတိုး၊ မင်းအလုပ်အတွက် အင်တာဗျူးဖို့ မလိုအပ်ဘူး၊ ဟို ညက ကိစ္စကို အလျှင်မေးရမယ်၊ ကဲ မင်း အမှန်အတိုင်း ဖြေပါ ငွေကြေးမုံ၊ ဟိုတစ်ညက မင်း ဘာရည်ရွယ်ချက်နဲ့ ငါတို့ကို အရှုးလုပ်သွားတာလဲ.."

"ရှင်...ငွေ ဘာအရူးလုပ်မိလို့လဲ..."

"မင်းပြောတဲ့ လမ်းသရဲဆိုတာ ဘယ်မှာမှမတွေ့ခဲ့ဘူး ငွေကြေးမုံ၊ မင်းပြောတာ မဖြစ်နိုင်ဘူး..."

"အို ငွေက ဘာလို့ညာရမှာလဲ၊ ညာလိုက်လို့ ငွေ့မှာ ဘာ အကျိုးရှိမှာလဲ၊ ငွေ တကယ်ပြောခဲ့တာပဲ၊ သူတို့ တခြား ထွက်သွားလို့နေမှာပေါ့"

"အင်း ဒါလည်းဖြစ်နိုင်တာပဲ အဂ္ဂါ..."

"ငါ မယုံဘူး သတိုး၊ ငါ မယုံကြည်တဲ့သူကို အလုပ်မခန့် နိုင်ဘူး၊ အဲဒီလျှောက်လွှာကို ပယ်လိုက်တော့၊ မင်းဆက်ပြီး ဗျူးဖို့မလိုအပ်တော့ဘူး"

"အဲဒီလိုတော့ မရက်စက်ပါနဲ့ ကိုအဂ္ဂါ၊ ငွေ...ငွေ ဒီအလုပ်ကို မရလို့မဖြစ်ဘူး၊ ငွေတို့က အရမ်းဆင်းရဲပါတယ်၊ ငွေ ဒီ



အလုပ်ကလေးရမှ ငွေ့မိသားစုကို ထောက်ပံ့နိုင်မှာ၊ ငွေ့ကို အလုပ်ခန့်ပါနော်"

တစ်တွတ်တွတ် တောင်းပန်နေသော ငွေကြေးမုံကို ကြည့်ကာ သတိုး သနားလာရပါသည်။ သူမရဲ့ မျက်လုံးလေးတွေဟာ ဖြူစင်သန့်ရှင်းနေခဲ့တာပဲ။ အဲဒီမျက်လုံးလေးတွေကို သူ အမှန် တကယ်ယုံကြည်သွားခဲ့ပါသည်။ သူရုတ်တရက် ဆုံးဖြတ်ချက် ချမိကာ...

"ကောင်းပြီ...မင်း မနက်ဖြန်ကစပြီး အလုပ်ဆင်းတော့..."

" ငါသဘောမတူဘူး သတိုး..."

"သဘောတူလိုက်ပါ ကိုအဂ္ဂါ"

"မင်း ဝင်မပြောနဲ့ ငွေကြေးမုံ၊ ဒီမှာ သတိုး၊ မင်းတစ်ယောက် တည်းသဘောနဲ့ မဆုံးဖြတ်ပါနဲ့"

"အလုပ်ခန့်တဲ့ကိစ္စကွာ၊ မင်းသဘောကျ ခန့်ခွင့်ရှိသလို ငါ့ သဘောကျလည်း ခန့်ခွင့်ရှိတာပဲ..."

"ငါ့ သဘောကျခန့်တဲ့ လူတွေမှာ မင်းကန့်ကွက်စရာ အပြစ်မရှိ ခဲ့ဘူးလေ၊ အခု မင်းသဘောကျ ခန့်တာကို ငါက ကန့်ကွက် ချင်တယ်၊ ရှုတ်ရှုတ်ယှက်ယှက်မယုံသင်္ကာစရာ ကိစ္စတွေနဲ့ ငါမပတ်သက်ချင်ဘူး၊ မင်းလည်းပတ်သက်ဖို့မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခုဟာကကွာ... လူမှုရေးငဲ့ညှာမှုလေးကို ရှေ့တန်းတင်ပြီး ခန့်ချင်တာပါ၊ သူ့ခမျာ ဒီအလုပ်မှမရရင်..."

"မင်း ဒီလိုပဲ၊ သနားအောင်ပြောရင် ဘယ်သူ့မဆို ယုံလိုက်တာပဲ သူတကယ်ပဲ ဆင်းရဲနွမ်းပါးတယ်လို့ မင်း ယင်သလား သတိုး"

"တကယ်မဆင်းရဲဘဲနဲ့တော့ ဘယ်သူကမှ အသနားခံပြီး လာ ပြောမနေပါဘူး၊ ဟိုမှာကြည့်လိုက်ပါဦးကွာ။ဒီလောက် ညှိုးငယ် နေတဲ့ ရုပ်ကလေးကို..."

ငွေရဲ့တမင် ဖန်တီးလုပ်ကြံညှိုးနွမ်းထားသည့် ရုပ်ကလေးကို သတိုးက မေးငေါ့ပြသောအခါ ငွေ ရယ်ချင်စိတ်ကို မနိုင်မနင်း ထိန်းလိုက်ရပါသည်။ သတိုးဟာ ငွေ့ဘက်က ငွေ ဗရုတ်ကျသမျှ သူ ယုံစားနေတော့မှာပဲ။ ဝမ်းနည်းပါတယ် သတိုးရယ်။

"တော်ပြီ...တော်ပြီ သတိုး၊ သူ့ရှေ့မှာငါတို့နှစ်ယောက် အငြင်းပွား နေရတာ အဓိပ္ပါယ်မရှိဘူး"

"အေး အဲဒါဆိုလည်း သူ့ကိုအပြင်ခဏထွက်ခိုင်းပြီး၊ မင်းနဲ့ ငါနဲ့ တံခါးပိတ်ဆွေးနွေးမယ်၊ ကဲ..မငွေ ခဏလေး အပြင် ထွက်ပေး၊ ငါတို့ပြီးရင် ခေါ်လိုက်မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကိုသတိုး၊ ငွေကံကောင်းပါစေလို့ ငွေ ဘာသာငွေ ဆုတောင်းနေပါ့မယ်"



ငွေကြေးမှ အပြင်ရောက်သွားလျှင် အဂ္ဂါက တံခါး ဆွဲပိတ်ကာ...

"သတိုး မင်းကိုငါဘယ်နှစ်ခါပြောပြော အမှတ်မရှိဘူးကွာ၊ ကိုယ့် ဝန်ထမ်းတွေရှေ့မှာ အလုပ်ရှင်တွေက ငြင်းနေရတယ်ဆိုတာ လုံးဝမဖြစ်သင့်ဘူး"

"ဒါကတော့ ထုံးစံဖြစ်နေပြီ အဂ္ဂါ၊ အကျင့်ပါနေပြီ၊ ပြင်မရ တော့ဘူး၊ ခုကိစ္စက မင်းကဝင်ကန့်ကွက်တာ၊ ငါ့ဘာသာခန့် တာကို မင်းငြိမ်နေလိုက်ရင်ပြီးပြီ"

"မင်းခန့်တဲ့မိန်းကလေးက အချိုးမှမပြေတာ။ သူနဲ့စတွေ့တာ ညကြီးမိုးချုပ်ကွာ၊ အဲဒီအချိန်ကြီး တစ်ယောက်တည်းပြန်လာတာ၊ သူများအဝတ်တွေလည်း ငှားဝတ်လာသေးတယ်၊ ဘာအထင် ကြီးစရာရှိလို့လဲ၊ ပြီးတော့ ငါတို့ကိုတောင် အရူးလုပ်သွား သေးတာ လုံးဝပုံမှန် မဟုတ်ဘူး"

"ဒါကတော့ မင်းထုံးစံကိုး၊ မင်းက ဘယ်မိန်းမကိုများ အထင်ကြီးဘူးလို့လဲ၊ ဒီကောင်မလေးကိုလည်း မင်း ဘယ် အထင်ကြီးပါ့မလဲ၊ မိန်းမဆိုတာ အထင်သေးစရာ မဟုတ်ဘူး ကွ၊ သူတို့လည်း သူတို့ဂုဏ်ကျက်သရေနဲ့သူတို့ပဲ..."

"မိန်းမချီးမွမ်းခန်းဖွင့်မနေနဲ့ကွာ၊ ငါက မင်းလိုသော့ အားနွဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတိုင်းဏို မသနားတတ်ဘူး၊ ဒီ ကောင်မလေးကို အလုပ်
ခန့်ဖို့ ကိစ္စ ငါကန့်ကွက်တယ်"

"ငါကတော့ ခန့်မှာပဲ"

"အေး ဖြစ်လာသမျှကိစ္စအဝဝကို မင်းဟာဝန်ယူနိုင်ရင်ခန့်.."

" ယူတယ်ကွာ "

"ကောင်းပြီ၊ မင်းစကားနဲ့မင်းပဲနော်၊ ဒီကောင်မလေး လုပ်တာ
ကိုင်တာ အချိုးမပြေ ရင် မင်းခေါင်းပေါ်ပုံချမှာပဲ..."

"အိုကေ...ကိစ္စမရှိဘူး"

သတိုးက ပေါ့ပေါ့ပါးပါးပြောကာ ပိတ်ထားသည့် ရုံးခန်း
တံခါးကို ဖွင့်ဖို့လှည့်ထွက်လိုက်လျှင် အဂ္ဂါက ခနိုးခနဲ့ လေသံဖြင့်..

"ဟော့ကောင် မင်းသိပ်ခန့်ချင်နေတာ၊ ဒီကောင်မလေး
သိပ်လှနေလို့တော့ မဟုတ်ပါဘူးနော်"

"ခွေးကောင် ငါ ဒါမဟုတ်ဘူးကွ..."

သတိုးက သူ့နှာခေါင်းသူလက်နှင့်ကိုင်ပြလိုက်ရင်း အဂ္ဂါကို
မကျေမနပ်လှည့်ပြောလိုက်ပါသည်။

" ဟိတ်...ရှတ်...ရှတ်.."

" ငွေ့ကိုလား "



" ဟုတ်တယ် "

ငွေမျှော်လင့်တကြီးလှမ်းကြည့်နေသော မှန်တံခါးချပ်
လျှောခနဲ ပွင့်လာပြီး သတိုးက ခပ်ပြုံးပြုံးမျက်နှာဖြင့် လက်ရပ်
ခေါ်လိုက်သောအခါ ငွေက ကိုယ့်ကိုကိုယ် လက်ညှိုးထိုးပြ လိုက်ပြီး၊
ဈတ်ခနဲ ထ,လာခဲ့လိုက်ပါသည်။

ငွေသည် သတိုးနားရောက်လျှင် တိုးတိုးသံဖြင့်..

"ဘယ်လိုလဲဟင် ငွေ့ကို အလုပ်ခန့်လို့ရပြီလား"

" ရပြီ...ရပြီ"

" ဝမ်းသားလိုက်တာတော့..."

ငွေက ခပ်မြူးမြူးပြောလိုက်စဉ် အဂ္ဂါက ခပ်တည်
တည်မျက်နှာထားဖြင့် ငွေတို့နံဘေးမှဖြတ်ထွက်သွားခဲ့သည်။ ငွေက
သူ့ကိုတစ်ချက်လှည့်ကြည့်ပြီး သတိုးကို နှာခေါင်းရှုံ့ ပြလိုက်မိတော့
သတိုးရှေ့က ပြုံးစေ့စေ့ဖြစ်သွားရလေသည်။

ငွေနဲ့ သတိုးဟာ အဲဒီနေ့ကစလို့ တကယ့်သူငယ်ချင်း
တွေလိုရင်းနှီးခင်မင်သွားခဲ့ကြပါသည်။ (အဂ္ဂါကတော့ ငွေတို့
နှစ်ယောက်ရဲ့ခင်မင်မှုကို အံ့လည်းအံ့ဩ မနာလိုလည်းဖြစ်သေး၏)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ငွေ စ,တင်အလုပ်ဝင်ပြီးမကြာခင်မှာပင် သတိုးနဲ့အင်္ဂါတို့ရဲ့ အကျင့်နှစ်ခုက ငွေ့ရှေ့မှောက်သို့ 'ရယ်စရာ'အဖြစ် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာခဲ့ပါသည်။

ငွေက ခြံဝင်းဝ လမ်းသွယ်ကလေးအတိုင်း လျှောက်လာ ရင်း၊ ငွေ့ရှေ့မှ သွားနေသော သတိုးကို လှမ်းမြင်လိုက်ရပါသည်။ သတိုးပုံစံက တစ်မျိုးပြောင်းကာ ပိုးတွဲလုံချည်နှင့် ရှပ်လက်ရှည်ကို ဝတ်ထားသည်။ အဝတ်အစားက သစ်သော် လည်း ဝတ်ထားပုံက သေသေသပ်သပ် မဟုတ်ပါ။ ရယ်စရာ အကောင်းဆုံးကတော့ ရှူးဖိနပ်ကြီးဝတ်ထားခြင်းပင်၊ သတိုး ဘယ်လိုဖြစ်လာသေးပါလိမ့်။ တမင်စတန့်ထွင်လာတာ လားမသိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ငွေသည် သူ့ကိုမီအောင်ခပ်သုတ်သုတ်လိုက်လာရင်း…

"ကိုသတိုး ခဏနေဦး"

ဟု လှမ်းခေါ်လိုက်သည်။ သူက လူတွေအများကြီး ရှိနေသော မီနီမတ်ထဲ လှမ်းဝင်တော့မည့်ဆဲဆဲ…

"ကိုသတိုး ဖိနပ်၊ ဖိနပ်ကတစ်မျိုးကြီး ဖြစ်နေတယ် ဟိဟိ…"

ငွေသည် ရုတ်တရက်လွှတ်ခနဲအော်ပြောလိုက်မိပြီးမှ ကျိတ်ရယ်လိုက်သည်။ ဆိုင်ထဲက လူတချို့က သူ့ကိုလှည့် ကြည့်ကာ ပြုံးစေ့စေ့ဖြင့် မျက်နှာလွှဲသွားပါသည်။ သူက သူ့ ဖိနပ်သူငုံ့ကြည့်ပြီး ငွေ့ဆီခပ်သုတ်သုတ် လျှောက်လာကာ…

"တိုးတိုးပြောပါလား မငွေရယ်၊ ငါကမေ့တတ်တယ်ဟ၊ အပြင်ကနေ ဘောင်းဘီဝတ်ပြီး ပြန်လာတာ၊ အမေက ဒီနေ့ ငါ့မွေးနေ့မို့ မြန်မာဝတ်စုံပဲဝတ်ဖို့ ထုတ်ပေးထားတာနဲ့ ပြီးပြီးရော ဆွဲဝတ်လာတာ၊ ဖိနပ်လဲဖို့မေ့လာခဲ့တာ"

"ငွေလည်း ဘယ်သိပါ့မလဲ၊ ရုတ်တရက်ကြီးအမြင် မတော်တာတွေ့လို့ လွှတ်ခနဲအော်လိုက်မိတာ၊ နည်းနည်းလည်း ရယ်စရာကောင်းနေလို့ ရယ်လိုက်မိတာ"

"အေးပါ အေးပါ ထားပါ၊ နောက် ငါမေ့တာတွေ့ရင် အော်ကြီးဟစ်ကျယ်ပြောမနေနဲ့"



"ကိုသတိုးက တော်တော်မေ့တတ်သလား"

"အေး – မေ့တတ်တယ်၊ ကိုတွေဘာတွေတပ်ခေါ်မနေနဲ့ဟာ၊ သတိုးပဲခေါ် နှင်နဲ့ငါနဲ့ အသက်သိပ်မကွာပါဘူး၊ ဟိုကောင် အဂ္ဂါနဲ့လည်း မတိမ်းမယိမ်းပဲ၊ ဒါပေမယ့် အဂ္ဂါက လူကြီးယောင်ဆောင်တတ်တယ်ဟ၊ ရုပ်တည်ကြီးနဲ့ လူကြီးလိုအရိုအသေခံရအောင်နေတာ၊ သူ့အစားစိတ်ကျဉ်းကျပ်တယ်"

"အဟင်း…ငွေနဲ့ သတိုးက စိတ်တူတယ်၊ ငွေ့ကိုလည်း ငွေပဲခေါ်၊ မငွေလို့ခေါ်မနေနဲ့…"

"အေး…အေး၊ နှင် အလုပ်လုပ်ရတာအဆင်ပြေတယ် မဟုတ်လား၊ ကဲ ငါ အိမ်ပြန်ပြီး ဖိနပ်လဲလိုက်ဦးမယ်ဟာ၊ သတိပေးတာ ကျေးဇူးတင်တယ်၊ အော်ကြီးဟစ်ကျယ် မပြောရင်ပိုပြီး ကျေးဇူးတင်တယ်…"

သတိုးကခပ်မြန်မြန်ပြောပြီး ကားဆီပြန်လှည့်သွားသည်။

သတိုးနဲ့ အဂ္ဂါကတော့။ အကွာကြီးကွာပါသည်။ ငွေအလုပ်လုပ်ရသည်မှာ သူတို့နှစ်ဦးပေါင်း၍ ထိုင်သောရုံးခန်းထဲမှာ ဖြစ်သည်။ သူတို့ လိုအပ်သမျှ စာရွက်စာတမ်းများကို ငွေက ကွန်ပျူတာရိုက်ပေးရသည်။ အဂ္ဂါက ရုံးခန်းထောင့် စားပွဲမှာ အလုပ်လုပ်နေသောငွေ့ကို တစ်နေ့လုံးနေလို့တောင် စကားတစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



မပြော။ သူ့ဘာသာသူ ရုပ်တည်ကြီးဖြင့် နေနေတတ်ပါသည်။

သတိုးကတော့ ခိုင်းစရာရှိလည်းပြုံးပြုံးရွှင်ရွှင်၊ ဝန်ထမ်းတွေနှင့်လည်း လုံးထွေးနေတတ်ပါသည်။

ငွေ ရုံးခန်းထဲဝင်လာကာ ကွန်ပျူတာကိုဖုန်သုတ်နေဆဲတွင် အဂ္ဂါက ရုံးခန်းတံခါးကို ဆွဲဖွင့်၍ စတိုင်လ်အပြည့်ဖြင့် ဝင်လာသည်။ ကုတ်အင်္ကျီကို လက်မှာပွေ့ထားကာ တစ်ဖက်က ဟန်းဖုန်းဖြင့် စကားပြောလျက်..။

ငွေက ကွန်ပျူတာရိုက်ရင်း၊ သူ့ကိုလှည့်ကြည့်တော့ သူက ဖုန်းပိတ်လိုက်ရင်း လှမ်းကြည့်နေတာနှင့် ဆုံနေသည်။ ငွေက နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြလိုက်သည်။ ဟင် ဘယ်လိုကြီးလဲ၊ သူက ခပ်တည်တည်မျက်နှာလွှဲသွားသည်။

ငွေသည် နည်းနည်းအသည်းယားလာကာ...

"ဒီမှာ ငွေရယ်ပြနေတယ်လေ၊ မမြင်လိုက်ဘူးလားဟင်"

သူက ကုတ်အင်္ကျီကို ကုလားထိုင်နောက်မှီပေါ်ပစ် တင်ကာ ငွေ့ကို မကြည့်ဘဲ...

"မင်းက အားတိုင်းရယ်ပြနေတာပဲ၊ ငါက ငါ့အလုပ်ကိစ္စကို အမြဲခေါင်းထဲထည့်ထားရတယ်၊ အားတိုင်းရယ်ပြ မနေနိုင်ဘူး..."

"အဲဒါ ဘယ်ကောင်းမလဲ အဂ္ဂါရဲ့..."



"ကျွတ် ...ဟော့ မင်း ငါ့ကိုဘယ်လိုခေါ်လိုက်တာလဲ"

"ဟိုဒင်း အဂ္ဂါနဲ့ သတိုးက အသက်ချင်းအတူတူပဲ မဟုတ်လား၊ ငွေက သတိုးကိုလည်း သတိုးပဲခေါ်ရတော့ အဂ္ဂါကိုလည်း အဂ္ဂါလို့ပဲ ခေါ်မိတာပါ..."

"ဟော့ သတိုးက၊ သတိုးပဲ၊ သူကသူ့ဘာသာသူ နေချင်သလို နေတာ၊ အဲဒီပုံစံ ငါမကြိုက်ဘူး၊ စည်းဆိုတာရှိတယ်ကွ၊ လေးစားမှုဆိုတာ ရှိရတယ်၊ ဝခုံးချင်းယှဉ်လို့ မရဘူး၊ အဲဒါ မင်းနားမလည်ဘူးလားကွာ"

"ဆောရီး..ဆောရီးပါ ဆရာကြီး"

"ဟာ ဘယ်လိုခေါ်ရပြန်တာလဲ"

"ဟို... ဆိုင်က လူတွေက ရှင့်ကို ဆရာခေါ်တယ် မဟုတ်လား၊ ငွေက ဒီရုံးခန်းထဲမှာ အလုပ်လုပ်ရတော့ ပိုပြီးလေးစားတဲ့ သဘောနဲ့ခေါ်တာပါ.."

"ကျွတ်..တော်ပြီကွာ၊ အချိုးကိုမပြောဘူး၊ မင်း ငါ့ကို အဲဒီလို ခေါ်စရာမလိုဘူး၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်.."

"အေး ဒီအရွယ်အထိ ရောက်နေပြီ၊ အလုပ်ရှင်ကို ခေါ်ဖို့ အခေါ်အဝေါ်က အစ ငါလိုက်ပြောမနေနိုင်ဘူး သွားတော့

www.burmeseclassic.com

www.burmeseclassic.com



သွားတော့ ကိုယ့်အလုပ်ကိုယ်လုပ်"

ငွေသည် ကိုယ့်နေရာကိုယ်ပြန်လာထိုင်ရင်း၊ သူ့ကို ကလိလိုက်ရသည့်အတွက် ကျေနပ်နေသည်။ ဒီလိုဘဝင်မြင့် မြင့်၊ ခွကျကျလူတစ်ယောက်ရယ်။ မေ့တတ်ပြီး၊ သူ့တစ်ပါးအပေါ် အလွန်သနားတတ်တဲ့ လူတစ်ယောက်ရယ်နဲ့ဆို ငွေရဲ့ လုပ်ငန်းခွင်ကြီးဟာ အစဉ်အမြဲရယ်စရာအတိဖုံးလွှမ်းနေရတော့မည်။

## အခန်း (၆)

"ကိုအဂ္ဂါက အဲဒီလိုပဲ ငွေရဲ့၊ သိပ်ဘဝင်မြင့်တာ၊ သူ့ရုပ်ကြီးကလည်း အမြဲခပ်တည်တည်ပဲ.."

"တည်ပေမယ့် ကြည့်လို့တော့ကောင်းတယ် သိလား၊ တကယ် စမတ်ကျတယ်.."

"အံမယ် ငွေက သဘောကျနေတာလား"

"အင်း...ပုံစံက စမတ်ကျနေတော့ သဘောကျတာပေါ့၊ ဒါပေမယ့် ရိုးရိုးပါ၊ တစ်မျိုးလျှောက်ထင်မနေနဲ့၊ နွယ်နီ ရှင်ဘာဟင်းလဲ၊ ဟယ် ပဲပြုတ်ကြော်နဲ့ ငါးပိချက်ပါလား၊ ဒါမျိုး စားရခဲ့တယ်၊ ငွေ့ကို ကျွေးနော်၊ အိမ်မှာဆို အဲဒါမျိုး သိပ်မစားရဘူး နွယ်နီရဲ့၊ ရော့ ရှင်က ငွေ့ဟင်းတွေစားနော်၊ ကြည့်ပြာတို့ ဒီမှာ ဟင်းတွေအများကြီးပဲသိလား၊ ယူစားကြ"

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းထမင်းစားချိန်မို့ ငွေက မိနီမတ်ထဲက ကောင်မလေးတွေနှင့် ရောနှောစားကာ စကားလည်းများ၊ ထမင်းလည်းစား စည်ကားသိုက်မြိုက်နေတတ်ပါသည်။ မေထည့် ပေးလိုက်သော အဆီတဝင်းဝင်းအသားဟင်းတွေကို သူတို့ ချိုင့်ထဲထည့်ပေးပြီး ငွေကတော့ သူတို့ချိုင့်ထဲက ပဲပြုတ်ကြော်လေး၊ မျှစ်ကြော်လေး၊ ဆီသိပ်မပါတဲ့ ငါးပိရည်ဖျော်လေးတွေကို ယူယူစားကာ ခံတွင်းတွေ့နေတတ်ပါသည်။

အိမ်မှာဆို မေက သွေးတိုးမှာကြောက်ကာ သူလည်း ငါးပိမစား၊ ငွေတို့ကိုလည်း မစားစေရဟု အမိန့်ထုတ်ထားသည်။ မျှစ်ကြော်ဆို အကြောတက်လို့၊ ဘာဟင်းက ဘာဖြစ်လို့ အမြဲရှေး များကာ ကြက်သားနဲ့ ပုစွန်ကိုတော့ ကြော်လိုက်၊ သုတ်လိုက်၊ ပြုတ်လိုက်၊ ကင်လိုက် အမျိုးမျိုးလုပ်စားတတ်တာမို့။ ငွေ ငြီးငွေ့လှပြီ။ ခုလို အပြောင်းအလဲ ဟင်းလေးတွေ စားရတာ ငွေခံတွင်းတွေ့လှသည်။

ငွေ့မှာ ဒီမှာ အလုပ်လုပ်ခွင့်ရဖို့ မေ့ကို မနည်းစည်းရုံး သိမ်းသွင်းလာရတာပါ။

"မေရယ်၊ ငွေကလေ အချိန်တွေကို အလဟဿဖြုန်းတီး မပစ်ချင်လို့ပါ၊ အလုပ်တစ်ခုခု ဝင်လုပ်တော့ ဗဟုသုတရတာပေါ့၊ ငွေလုပ်ရမယ့် အလုပ်က ပင်လည်းမပင်ပန်းပါဘူး၊ ကွန်ပျူတာ



ရိုက်ရုံလေးပဲ၊ မေ ခွင့်ပြုပါနော်"

ငွေက ဒမ့်ကို ချော့ချော့မော့မော့ပြောတော့ မေက ခိတ်ပူပန်စွာ...

"ငွေရယ် ညည်းမလဲ၊ ခုမှ ဘာစိတ်ကူးပေါ်[illegible]ကိုရမြန်တာလဲ၊ ညည်း အလျင်ကပြောတော့ အိမ်[illegible]မှာနေရတာပျော်တယ်ဆို၊ ကျောင်းဖွင့်ရင်တောင် ကျောင်းတက်ဖို့ ပျင်းနေမှာပဲဆို၊ တစ်နေ့ တစ်နေ့ ကွန်ပျူတာဂိမ်းဆော့လိုက်၊ ကာရာအိုကေဆိုလိုက်၊ တီဗီကြည့်လိုက်၊ ကစားကွင်းသွားလိုက်နဲ့ ညည်းအချိန်တွေက ရော လေခက်နိုင်လို့လား"

"အဲဒါကြောင့် အကျိုးမရှိတဲ့ အလုပ်တွေကိုစွန့်ပြီး၊ အကျိုးရှိတဲ့ အလုပ်ကိုလုပ်ပါမယ်ဆိုမှပဲ မေကလဲ.."

"အေးပါ၊ အဲဒီ စိတ်ဓာတ်ကလေးကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သမီးက အပင်ပန်းခံနိုင်လို့လား၊ သမီး အလုပ်လုပ်ရမယ့်နေရာမှာ အဲကွန်းကောရှိရဲ့လား၊ ငွေရယ် သမီး အအေးကြိုက်တာ မေအသိပဲနော်၊ ကားမောင်းရင်လည်း အဲကွန်းက အမြဲဖွင့်၊ အိမ်မှာဆိုလည်း အဲကွန်းခန်းထဲမှာပဲ နေနေတာ ရာသီဥတုက ပူလာရင် မနေနိုင်မထိုင်နိုင် ဖြစ်နေတော့မှာ"

"ငွေ အလုပ်လုပ်မယ့် ကုမ္ပဏီက မဆင်းရဲပါဘူး မေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲကွန်းလောက်တော့ ရှိပါတယ်၊ မှူနေပါနဲ့..."

"ကဲ ဒီလောက် လုပ်ချင်နေလည်း သမီးသဘောပဲ၊ မေ မတားတော့ဘူး၊ ရုံးသွားရင် သမီးစီးနေကျကားပဲ မောင်းယူသွား..."

ငွေသည် ရင်ထိတ်သွားကာ..

"အမယ်လေး မေရယ်၊ သူများကုမ္ပဏီမှာ လခစားလုပ်ရမယ့်သူက ကားကြီးမောင်းယူမသွားချင်ပါဘူး၊ သူများအမြင်ကပ်စရာ ဖြစ်နေပါမယ်"

"ငွေရယ် သမီး ဒီလိုသွားနေကျပဲ၊ သွားပေါ့၊ အဲဒီလိုမှ မသွားရင်...ဘယ်လိုလုပ်မလဲ..."

"ငွေ ဘတ်(စ်)စီးသွားမှာပေါ့"

"ဘုရားရေ..ဒါက အရူးတစ်မျိုးဟဲ့၊ ဒုက္ခပါပဲ၊ သမီးရယ် ညည်း ဘယ်တုန်းကများ ဘတ်(စ်)ကားစီးဖူးလို့လဲ"

"ငွေ စီးကြည့်ချင်လို့ပါ မေရဲ့၊ အတွေ့အကြုံပေါ့၊ လူတွေ အများကြီးနဲ့အတူတူတိုးဝှေ့စီးရတာ ပျော်စရာကြီးနေမှာ"

"အရူးထတာပဲ၊ တစ်မျိုးပြီးတစ်မျိုးအရူးထ,တာပဲ၊ တားမရလည်း ညည်းသဘောပဲ၊ ညည်းအဖေကိုသာ ရအောင်ပြော"

မေသည် ညည်းညည်းညူညူပြောကာ ငွေ့ကို လက်လျှော့



သွားပါသည်။ ဖေကတော့ ငွေအလုပ်လုပ်မှာကို အင်မတန် သဘောကျပါသည်။ ငွေ ဖုန်းဆက်ပြောတော့..

"ကောင်းတယ် သမီး၊ ဖေ မြန်မာပြည်ပြန်လာပြီး ကုမ္ပဏီ ထောင်ရင် ငါ့သမီးကို မန်နေဂျာခန့်မယ်၊ အတွေ့အကြုံရအောင် ဆည်းပူးထား"

ဖေ့ဆီဖုန်းဆက်ပြီး ငွေက မေ့ကိုလက်မ,ထောင်ပြနိုင် ပါသည်။ မေကတော့ မျက်စောင်းကြီးထိုးကာ ချစ်စနိုးငြူစူ နေခဲ့ ပါသည်။

အတွေ့အကြုံအသစ်အဆန်းတွေထဲမှာ ငွေပျော် လည်းပျော် ပါလည်းမောပါသည်။ ပထမတစ်ရက်က မေ မသိအောင် ငွေ့သူငယ်ချင်းအိမ်ဝင်ပြီး ငွေ့သူငယ်ချင်းအိမ်မှာ ခေါ်ထားသည့် ထမီတာ ညီမဝမ်းကွဲလေးရဲ့အဝတ်အစားတွေကို ငှားဝတ်ရသည်။ နောက်နေ့တွင်မှာတော့ ယူနီဖောင်း ဝတ်ရတာမို့ အဝတ်အစားအတွက် ပူစရာမလိုတော့ပါ။ ငွေ့ သူငယ်ချင်း နွေးကတော့ ငွေလုပ်နေသမျှကို ကြည့်ကာ ...

"ဗရုတ်မ ဘာတွေစတန့်ထွင်ဦးမလဲ"

"ဟဲ...ဟဲ စောင့်ကြည့်ပေါ့"

ငွေက ငွေ့အကျင့်အတိုင်း ပြုံးစေ့စေ့..။

www.burmeseclassic.com

www.burmeseclassic.com



ငွေက ဘတ်စ်ကားတိုးစီးရတာတော့ တကယ့်ငရဲ ရယ်စရာကြီးပင်။ စပါယ်ယာရဲ့စကားလုံးတွေကလည်း ထိထိမိမိ ရှိလှပါသည်။

ရှုံးချိန်ဆို လူက ကြပ်ကာ။ ဘက်ခုံ ဖုပ်လျှင် ရှေ့ လူကို ပြေးပြေးဖက်မိနေသည်။ လူတွေ တလှေကြီးနှင့် ယော လားဝါးလား ဖြစ်နေသည်။ ငွေ့အတွက်တော့ အားလုံးဟာ ရယ်စရာတွေသာ...။

"ဟိတ်...ငွေ ဘာတွေတွေးနေတာလဲ၊ ထမင်းစားလေ၊ ကျွန်ုပ် ကိုအကြောင်း တွေးနေတာထင်တယ်"

"မတွေးပါဘူးနော်၊ ငွေ တွေးတာက တခြားပါ၊ ဒါပေမဲ့ ကိုအကြောင်းတော့ ငွေသိချင်သားပဲ၊ ပြောပါဦး၊ ရှုံး ဆရာအကြောင်းကို..."

"သူက လူ့ခွစာ၊ အင်မတန် မာနကြီးတာ ငွေရဲ့၊ မိန်း တွေဆိုလည်း ဘယ်မိန်းမမှအထင်ကြီးတာ မဟုတ်ဘူး၊ မိ တွေနဲ့ဆို ခပ်ကင်းကင်းပဲနေတာ"

"မိန်းမတွေက သူ့ ကိုက်စားမယ့်အတိုင်းပဲ"

"သတိုး ကရော"

"ကိုသတိုးကတော့ တကယ်သဘောကောင်းတယ်၊ ကျွန်



ဆိုလည်း သူငယ်ချင်းပေါင်းပေါင်းပြီးနေတာ၊ ကျွန်မတို့က ကိုသတိုးကိုပဲ ခင်တယ်၊ ဟော ဟိုမှာ ကိုသတိုးလာနေပြီ"

ငွေလှမ်းကြည့်လိုက်တော့ ငွေတို့ဆီလျှောက်လာ သော သတိုးကို မြင်ရသည်။ အပြင်က ပြန်လာပုံရသော သတိုးက ငွေတို့ထမင်းဝိုင်းနား ရောက်လာကာ...

"ဟား...ဗိုက်ဆာတာနဲ့အတော်ပဲကွာ၊ ဘာဟင်းတွေ ချက်ကြ သလဲ၊ ဒီနေ့တော့ အချိန်မရတာနဲ့ အိမ်ပြန်မစားတော့ဘူး၊ တရုတ်ဆိုင်ကပဲ မှာစားရတော့မှာ၊ ခုတော့ မမှာတော့ဘူးကွာ၊ ကဲ...ကဲ တစ်ယောက် ထမင်းတစ် ဇွန်းစီ ဒီချိုင့်လွတ်ထဲကို ထည့်ကြ၊ တစ်ဇွန်းစီပဲနော်၊ မနက်စာဘဲမဟုတ်လား၊ စေတနာ ရှိတဲ့သူက မောက်မောက်ခပ်၊ စေတနာမရှိတဲ့သူက ဇွန်းဖျားလေး နဲ့ပဲကလော်ထည့်၊ အိုကေ ရပြီ..."

သတိုးက ငွေတို့စားပွဲထိပ်မှာ ဝင်ထိုင်ကာ တကယ်ပဲ ဝင်စားပါတော့သည်။ သူ့ပုံစံက ရင်းနှီးခင်မင်ဖွယ်ပင်။

"ထမင်းချည်းပဲတော့မရဘူး၊ ဟင်းလည်းထည့်ကြဦး၊ ငွေ ဘာဟင်းချက်လဲ၊ ဟင်းမကောင်းရင် သူတို့ဆီက ယူစားသိလား၊ ဒီမှာက မောင်နှမတွေလိုပဲ၊ ဘာမှ အားနာစရာမရှိဘူး ဟား... ဒီပုစွန်ထုပ်ကြီးက ရှယ်ပါပဲလား၊ ဘယ်သူ ဟင်းပေါက်ပြီးထဲ့

www.burmeseclassic.com



ချက်လာတာလဲဟော့၊ ဒီလောက်ကြီးတဲ့ ပုစွန်ထုပ်ကြီး မမြင်ဖူးတာကြာပြီ…"

ငွေသည် ရုတ်တရက် အလိမ်ပေါ်မည်စိုးကာ ငြိမ်ကုပ်နေဆဲတွင် နွယ်နီက…

"အဲဒါ ငွေ့ ပုစွန်ထုပ်လေ ကိုသတိုးရဲ့…"

"ဟင်…ငွေ့ပုစွန်ထုပ်…"

သတိုးသည် ပါးစပ်ထဲသွင်းလက်စ ထမင်းလုတ်ကို ပြန်ချကာ ငွေ့ကို တအံ့တသြ ကြည့်နေသည်။

"ငွေက အားနာစရာမရှိဘူး ကိုသတိုးရေ…နွယ်နီတို့ကသာ ပြန်အားနာနေရတာ၊ သူက နေ့တိုင်းဟင်း ကောင်းတွေထည့်လာပြီး နွယ်နီတို့ကို ကျွေးတာ၊ သူကျတော့ နွယ်နီတို့ဟင်းတွေကိုပဲ ယူစားနေတာလေ.."

"ငွေ…ငွေက ဆင်းရဲတယ်ဆို…"

"ဟင် ငွေက ဆင်းရဲတယ် ဟုတ်လို့လား"

"အင်း…အင်း…ဟုတ်တယ်လေ၊ ဒါပေမယ့် ဒါက"

ငွေသည် ဒဲ့ဒိုးကြီးမေးချလိုက်သော သတိုးရဲ့မေးခွန်းကို ဘယ်လိုဖြေရမှန်းမသိဖြစ်နေဆဲတွင် နွယ်နီတို့အားလုံးကလည်း ငွေ့ကို တအံ့တသြ ဝိုင်းကြည့်နေပါသည်။ ကောသီက ငွေ့ကို စိုက်ကြည့်ရင်း…



"ငွေက ဆင်းရဲတယ်…မဖြစ်နိုင်ပါဘူး၊ ကော မှတ်မိတယ်၊ ဟိုတစ်ခါ ကောတို့ ဆိုင်မှာသူခိုးမိတဲ့နေ့ကလေ ငွေ မှတ်မိတယ် မဟုတ်လား၊ ဒီဆိုင်မှာ ဝန်ထမ်းသစ်လိုသလားလို့ ကောကိုမေးပြီး ကားလှလှကြီးကို ကိုယ်တိုင်မောင်း ထွက်သွားတာ၊ ကော မေးကြည့်မလို့ မေ့နေတာ၊ ခုမှဝဲမေးဖြစ်တယ်၊ အဲဒါ ငွေပဲ မဟုတ်လားဟင်"

"အာ…မဟုတ်ရပါဘူး ကောရာ၊ ငွေလား ဒီလိုဆိုင်မျိုးမှာ ဝယ်နိုင်မှာ။ ကော မျက်စေ့မှားတာဖြစ်မှာပါ၊ ရုပ်ချင်းဆင်တဲ့ သူလည်း ဖြစ်နိုင်တာပဲလေ၊ သတိုး–ရှင်ကလည်း ငွေ့ကို မျက်လုံးပြူးကြီးနဲ့ကြည့်နေလိုက်တာ သူခိုးစောင့်ဖမ်းနေတာကျနေတာ ဒီဟင်းတွေက ငွေတို့ ဖေဖေ အလုပ်လုပ်ရတဲ့အိမ်ရှင်က ငွေ့ကိုကို သနားလို့ဆိုပြီး သူတို့ အလျှံပယ်ချက်ထားတဲ့ဟင်းတွေထဲက မျှထည့်ပေးလိုက်တာပါ၊ အဲဒီ အိမ်ရှင်က ငွေ့ကို သမီးလေးလို ချစ်လို့တဲ့လေ…"

"သြော်…အြော်…တော်တော်သဘောကောင်းတဲ့အိမ်ရှင်ပဲနော်၊ အရမ်းချမ်းသာကြလို့လည်း ဒီလောက်စေတနာပိုနိုင်တာနေမှာပေါ့"

သတိုးက ငွေ့အပြောကို ယုံကြည်ကာ ခေါင်းတညိတ်

www.burmeseclassic.com

www.burmeseclassic.com



ညီတ်နှင့် ထမင်းဆက်စားနေပါသည်။ နွယ်နီတို့ကေတို့ကလည်း ယုံကြ ဆဲလ်ဖုန်းနှင့် ထမင်းဝိုင်းက ပုံမှန်ပြန်ဖြစ်သွားပါသည်။ ငွေလည်း အခုမှပင် အ သက်ရှူချောင်သွားရသည်။

အားလုံး ထမင်းစားပြီးကြတော့ ချက်ချင်းမထသေး စကားထိုင်ပြောနေကြဆဲ ကြောင် ကိုအဂ္ဂါရှိနေသောရုံးခန်းမှန် တံခါး လျှောခနဲပွင့်သွားကာ…

"ကဲ ထမင်းစားကြတာလား၊ စကားပြောကြတာလား Break time ပြည့်သွားပြီ၊ ငါးမိနစ်တောင်ကျော်နေပြီ စည်းကမ်းရှိကြပါ…"

ကိုအဂ္ဂါက လှမ်းပြောပြီး တံခါးပြန်ဆွဲပိတ်သွားတော့ သတိုးက ပခုံးတစ်ချက်တွန့်လိုက်သည်။ ငွေက မသိမသာ နှာခေါင်း ရှုံ့ပြလိုက်မိပါသည်။

အခန်း (၇)

သတိုးနှင့်အဂ္ဂါကို ချောက်ချဖို့ စိတ်ကူးနေသော ငွေ့ အတွက် အဲဒီနေ့က အခွင့်အရေး သာနေခဲ့ပါသည်။

ရုံးခန်းထဲမှာ ငွေတစ်ယောက်တည်း။ ကွန်ပျူတာထဲကို data တွေကို စစ်နေရသည်။ အဂ္ဂါကတော့ စောစောကပဲ ရုံးခန်းထဲဝင်လာကာ သူ့ over coat ဆင်စွယ်ရောင်ကို ကုလားထိုင်နောက်မှီပေါ်တင်ထားခဲ့ပြီး အပြင်ပြန်ထွက်သွားသည်။

ငွေသည် ပေါ်လာသောအကြံကို အကောင်အထည် ဖော်ရန် ထိုင်ရာမှ အသာထလိုက်ပါသည်။ ပြီးတော့ ငွေ့ စလင်းဘက်အိတ်ထဲမှ နှုတ်ခမ်းနီတောင့်ကို ထုတ်ယူကာ သူ့ ကုတ်အင်္ကျီရဲ့ပခုံးစွန်းမှာ ဖိခြစ်ထားလိုက်လေသည်။ မိန်းမ တွေနဲ့ကင်းတယ်ဆိုတဲ့သူ တစ်ခါတလေတော့ ချောက်ကျ ပစေဦး။

www.burmeseclassic.com



ငွေက နှုတ်ခမ်းနီကိုပြန်ထည့်ကာ မှင်သေသေ ပြန်ထိုင်နေဆဲတွင် သတိုးက ရုံးခန်းထဲဝင်လာကာ ပျာပျာသလဲဖြင့်...

"ငွေရေ...လုပ်ပါဦးဟာ ကူရှာပေးပါဦး၊ ငါ့ haned phone ဘယ်နားချထားမိသလဲမသိဘူး၊ ရှာတာလည်းနဲ့နေပြီ..."

"နင်က မေ့တတ်တာကိုး သတိုးရယ်၊ ဒီလိုမေ့ပုံမျိုးနဲ့ ဘယ်လိုများ အလုပ်လုပ်နေသလဲ၊ အရေးကြီးတဲ့ကိစ္စမျိုးတွေမေ့နေရင် ဘယ်လိုလုပ်မလဲ"

"အမြဲတော့ မမေ့ပါဘူးငွေရာ၊ တစ်ခါတလေမှပါ.."

"အေးလေ အဲဒီတစ်ခါတလေက အရေးကြီးတဲ့ကိစ္စဆိုရင် ဒုက္ခပေါ့...သတိုးရဲ့"

ငွေက ပါးစပ်ကလည်းပြောရင်း သူ့ hand phone ကို ကူရှာပေးနေရသည်။ သတိုးက ရှာနေရင်းကပင် ငွေ့ကို ကျောခိုင်းကာ နံရံကပ် စင်မြင့်ကလေးပေါ်ကို ခြေဖျားထောက်၍ ကြည့်နေသည်။

" အယ်..."

သူ့ခါးကြားမှာ ထိုးထားသော hand phone က ငွေ့ မျက်စိထဲ တန်းခနဲဝင်လာပါသည်။ ငွေသည် ခဏတစ်ချက်ကျိတ်ရယ်ကာ...ဗရုတ်ကျ ချင်စိတ်ကလေးက ခေါင်းပြူ လာပါသည်။ ငွေက သတိုးခါးကြားက haned phone ကို အသာလေးဖြုတ်ယူကာ ပိတ်ပစ်လိုက်ပြီး ငွေ့စလင်းဘတ်စ် ထဲ လျှောခနဲထည့်ထားလိုက်သည်။ သတိုးက ပြူးပြူးပြာပြာ ရှာဆဲ...။



"ရှာတာလည်း နဲ့နေပြီပဲ သတိုးရယ်၊ သတိုး ဖုန်းက အိမ်မှာကျန်ခဲ့တာကော မဖြစ်နိုင်ဘူးလား"

"အိမ်မှာရှာပြီးပြီ၊ ဘယ်မှာမှ မတွေ့ဘူး..."

"ဒါဆိုလည်း လမ်းမှာ ကျကျန်ခဲ့တာဖြစ်မှာပေါ့၊ တစ်နေရာရာဝင်ရင်း မေ့ကျထားခဲ့သလား၊ စဉ်းစားပါဦး"

"အဲဒါလည်း မဖြစ်နိုင်ဘူး၊ ငါ အိမ်ကနေ ရုံးကိုတန်းလာခဲ့တာပဲ"

"ခေါင်းအေးအေးထားပြီး စဉ်းစားပါဦးဟာ၊ နင် တစ်နေရာရာမှာမေ့ကျန်ခဲ့တာကို ကောက်ရတဲ့သူက မရိုးသားဘူးဆိုရင် နင့် ဖုန်းကိုပိတ်ထားမှာပဲ၊ ကဲ ရုံးက ဖုန်းနဲ့ နင့် hannd phone ကို ခေါ်ကြည့်လိုက်ဟာ..."

ငွေ ချောက်တွန်းလိုက်တော့ သတိုးက ရုံးကဖုန်းဖြင့် သူ့ ဖုန်းကို ခေါ်ကြည့်လိုက်သည်။ ၅

"ပြဿနာပဲ ပိတ်ထားတယ်ဟာ..."

"သူ ဆက်စရာရှိလို့ဆက်ချင်ရင်၊ ညကျမှ ဖုန်းဖွင့်ပြီးဆက်လိမ့်မယ် ထင်တယ်၊ ညကျမှ ခေါ်ကြည့်လိုက် ဟာ.."

"အေးလေ လောလောဆယ်တော့ အဲဒီလိုပဲ လုပ်ရ တော့မှာပေါ့၊ အလုပ်ကိစ္စအရေးကြီးတဲ့ call တွေဝင်လာရင်တော့ ဒုက္ခပဲဟာ၊ အားလုံးလွဲချော်ကုန်တော့မှာပဲ"

သတိုးက စိတ်ပျက်လက်ပျက်ပြောရင်း အပြင်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ ငွေသည် မျက်နှာကလေးပင့်ကာ အကြံခက်နေရသည်။ သူ့ကို စ၊ နောက်ချင်သော်လည်း သူ့အလုပ်ကိစ္စတွေကိုတော့ မလွဲချော်စေချင်ပါ။ ငွေ နာရီငုံ့ကြည့်လိုက်တော့ ရုံးဆင်းတော့မည်။

အဌါက ရုံးခန်းထဲပြန်ဝင်လာကာ သူ့ကုတ်အင်္ကျီကို ကပျာကယာ ကောက်ဝတ်ပြီး။ အပြင်ပြန်ထွက်သွားသည်။

ရုံးဆင်းချိန်ရောက်လျှင် ငွေက သတိုးရဲ့ phone ကို ပြန်ဖွင့်ထားလိုက်ပြီး။ ရုံးမှခပ်သုတ်သုတ်ပြန်လာခဲ့သည်။

"အစ်မလေး....လာ...လာ..တစ်ယောက်စာ ရသေးတယ်၊ တက်တက်"

ငွေက လူကျပ်ကျပ်ဘက်စ်ကားထဲ တိုးဝှေ့တက် လိုက်သည်။ ငါးပိသိပ်ငါးချဉ်သိပ် ကားထဲ တစ်ကိုယ်စာဝင် ဆံ့ အောင် တိုးနေဆဲတွင်....

" တူတူ....တူ...."

မြတ်စွာဘုရား....hand phone က အသံမြည်နေပြီ...။

ငွေသည် ဘတ်စ်ကားထဲ တစ်ကိုယ်စာဆံ့ အောင် မနည်းတိုးဝှေ့ နေရဆဲတွင် စလင်းဘက်ထဲက ဖုန်းကို ခက်ခက်ခဲခဲနှိုက်ယူ နားထောင်လိုက်ရပါသည်။



" ဟဲလို...အမိန့်ရှိပါရှင်.."

"ဟဲလို..အခု ပြောနေတာ ဘယ်သူလဲ၊ ကျွန်တော် သတိုးဆီ ဆက်တာပါ..."

"ဟုတ်ကဲ့ ကျွန်မ ကိုသတိုးရဲ့ စက္ကထရီပါ။ အလုပ်ကိစ္စ မှာစရာရှိရင် ကျွန်မကို မှာထားခဲ့လို့ရပါတယ်"

"ကဲ..ကဲ တိုးထားလေ တိုးထား၊ ဟိုအစ်မလေး အဝမှာ တစ်မနေနဲ့ အထဲကိုတိုး၊ အထဲကိုတိုး..."

စပယ်ယာရဲ့ ဖိအားပေးမှုကြောင့် ငွေက ဖုန်းခွက်ကို [illegible]တ်ဖဝါးနှင့်ကာကွယ်ထားရင် စပယ်ယာကို လက်ကာပြ[illegible]းရသည်။

"ဟာ အစ်မ လုပ်ပါဗျာ၊ အထဲတိုးလိုက်ဖါ၊ ဒုက္ခပါပဲဗျာ"

ဘတ်စ်ကားပေါ်လာပြီး ဆယ်လူလာနဲ့စကားပြောနေရတယ်လို့၊ ဆယ်လူလာတောင်ကိုင်နိုင်နေမှပဲ၊ ဘတ်စ်ကားစီးမနေနဲ့တော့ပေါ့၊ ဒီမှာ ဒီလိုရုံးဆင်းချိန်လေး လုပ်စားရတာ ကိုယ်ချင်းစာမှပေါ့ ဗျာ"

"ဟာ ဘာသံတွေလဲ၊ ခင်ဗျား ဘယ်ရောက်နေတာလဲ"

"ဪ.. အဟင်း.. ဟို ဘတ်စ်ကားဂိတ်နားရောက်နေလို့ပါ"

"စပယ်ယာအသံက ဆူလှချည်လားဗျာ၊ ဒုက္ခပါပဲ၊ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



စကားပြောမလဲ.."

"ကဲ..သနားကမားနဲ့အစ်မလေး၊ ပြောနေတာကြပြီဗျာ၊ ခင်ဗျာ
တစ်ယောက်တည်းအတွက် ဒီမှာ အားလုံး အထဲဝင်လို့မ
တော့ဘူး"

"ဟာ စပယ်ယာက ခင်ဗျားကိုပြောနေတာလား"

"မဟုတ်...မဟုတ်ပါဘူးရှင်.."

"ကဲ...ကဲ...အစ်မ ဟုတ်ပြီ...တိုးထား၊ ဖေယ်တိုး လေးတိုး
ဟာ အဲဒီမှာတော့ မရပ်နဲ့လေ အထဲထိမတိုးနိုင်ရင်လည်း
ဆားကပ်ဗျာ၊ ဆားကပ်"

"ဟာဗျာ..ဆူညံနေတာဗျာ။ ကျွန်တော် မနက်ဖြန်မှပဲ ပြန်ဆက်
လိုက်တော့မယ်။ အလုပ်ကိစ္စက သိပ်အရေးမကြီးပါဘူး"

တစ်ဖက်က ဖုန်းချသွားတော့မှ ငွေ သက်ပြင်းချနိုင်
တော့သည်။ ရှုပ်လှတဲ့ စပယ်ယာကိုတော့ ငွေ မျက်စောင်း
တစ်ချက်ထိုးလိုက်မိပါသည်။ ဆားလူတွေကတော့ ငွေ့ကို ပြုံးစိ
စိကြည့်၍နေသည်။

# အခန်း (၈)

အိမ်ပြန်ရောက်ပြီးကတည်းက သိပ်မကြာခင် အင်္ဂါ ရင်ဆိုင်ရ
သည်မှာ မာမီရဲ့အကဲခတ်မျက်ဝန်းများကို ဖြစ်သည်။ မာမီက
သူ့ကို မကြာခဏလှမ်းကြည့်နေသည်။ မျက်နှာလည်းမကောင်း၊
ခဏကြာတော့ သူ့ရှေ့မှာလာထိုင်ကာ...

"သားကို မာမီ ပြောစရာရှိလို့..."

"ဟုတ်ကဲ့ မာမီ"

သူကဖတ်လက်စ Myanmar Times ဂျာနယ်ကို ဘေးချကာ
မာမီ့စကားကို နားထောင်လိုက်နေလိုက်ပါသည်။

"ဒီခေတ်မှာ ယောကျ်ားလေးတွေအတွက် ပျော်စရာပါးစရာများ
တာ မာမီသိပါတယ် သားရယ်.."

"ခင်ဗျာ...မာမီဆိုလိုတာက..."

"ခဏနေဦး သား၊ မာမီပြောတာနားထောင်၊ သားမှာ ရည်းစား

www.burmeseclassic.com



သနားမရှိတာ မာမီသိတယ်၊ ဒါပေမယ့် လူငယ်ဆိုတာက တစ်ခါတလေ အပျော်အပါးလေးတွေ ဘာလေးတွေလည်း ရှိမယ်ပေါ့..."

သူက ပထမတော့ မာမီဘာကို ရည်ရွယ်နေသည်ကိုဆိုတာ ရုတ်ချင်း နားမလည်နိုင်ပါ။

"အပျော်အပါးဆိုတာကလည်း တစ်ခါဆိုတစ်ခါ အလျောက် ဒုက္ခရောက်စရာတွေ ကြုံလာနိုင်တယ်လေ၊ တကယ်တော့ ဒါတွေကို သားဖေဖေသာရှိသေးရင် သားအဖချင်း ပွင့်ပွင့် လင်းလင်းပြောရုံပဲလေ၊ မာမီဆိုလိုတာက သားရယ်၊ သားအနေနဲ့ အရွယ်လည်း ရောက်နေပြီ၊ အလုပ်အကိုင်ကလည်း အခြေခံ နေပြီဆိုတော့ အန္တရာယ်ဖြစ်မယ့် အပျော်အပါးတွေဘက် မလှည့်ဘဲ ရည်းစားလေးတစ်ယောက်လောက် အတည်တကျ ထားပြီး အိမ်ထောင်ပြုဖို့ စဉ်းစားသင့်တယ်၊ မာမီက ရှာပေးရမယ် ဆိုလည်းရှာပေးပါ့မယ်"

"ဟာ မာမီစကားတွေက တစ်မျိုးကြီးပဲ၊ ကျွန်တော် ဘာအမှား လုပ်မိလို့လဲ၊ ဘယ်လို မိန်းကလေးနဲ့မှ ရင်းနှီးပတ်သက်မှု မရှိပါဘူး၊ ဘာအပျော်အပါးမှလည်း မလိုက်စားပါဘူး၊ အဲဒါကို မာမီယုံပါ"



"ယုံချင်ပါတယ် သားရယ်၊ ဒါပေမယ့် ညနေက သားကုတ် အင်္ကျီမှာ နှုတ်ခမ်းနီတွေတွေ့ကတည်းက မာမီ စိတ်မကောင်း ဖြစ်နေလို့ သားကိုသတိပေးတာပါ"

"နှုတ်ခမ်းနီ...!...၊ မဖြစ်နိုင်ပါဘူး မာမီ၊ ကျွန်တော် ဒီနေ့ ဘယ်လိုမိန်းကလေးနဲ့မှ နီးနီးကပ်ကပ်ရှိမနေခဲ့ဘူး"

"ဒါပေမယ့် သားရဲ့ကုတ်အင်္ကျီပေါ်မှာ စွန်းနေတာကတော့ နှုတ်ခမ်းနီ မှနှုတ်ခမ်းနီပဲသား၊ မာမီ သားကိုမဆူချင်ပါဘူး၊ နောက်ကို သတိထားဖို့ပဲ ပြောချင်တာ"

"မဟုတ်သေးဘူး မာမီ"

"သား အင်္ကျီပဲ သားပြန်ကြည့်လိုက်ပါဦး"

သူ စိတ်ထဲတွေးမိတာ သူ့အခန်းထဲဝင်လာခဲ့သည်။ သူ့နာရွက်ဖျားတွေပင် ထူပူနေရသည်။ သူ ကုတ်အင်္ကျီကို ဆွဲယူ ပြန်ကြည့်လိုက်တော့ တကယ်ပဲ နှုတ်ခမ်းနီ တွေကို တွေ့ရလေသည်။

ပြဿနာပဲ...

အဲ့ဒါ တကယ်ပဲ စိတ်ရှုပ်သွားခဲ့ရပါသည်။ မာမီ့ အထင် မှားမှုကြီးက ဆိုးရွားလိုက်တာ။ ကိုယ့်မှာကလည်း ချစ်သူရည်းစား မရှိတာ အသေအချာမို့ ကိုယ့် မိန်းကလေးဆီက စွန်းထင်းလာတာ လို့တောင် အဆင်မခံရ။ အဲဒီလို အထင်ခံရတာကမှ တော်သေးသည်။

www.burmeseclassic.com



ဒီကိစ္စက အဂ္ဂါကို တအုံ့နွေးနွေးဒုက္ခပေးနေပါသည်။ ဘယ်သူ့ဆီက ပေစွန်းလာသလဲ။ သူ စဉ်းစားကြည့်သည်။

ငွေကြေးမှံ...

သူ ငွေကြေးမှုံကို ဖြုန်းခနဲသတိရသွားပါသည်။ သူတို့ရုံးခန်းထဲမှာ ဒီမိန်းကလေးပဲရှိနေခဲ့တာ မဟုတ်လား။

ဖြူစင်ရိုးသားပုံကလေးနှင့် အမြဲပြုံးရွှင်နေတတ်သော အဲဒီမိန်းကလေးကို ကြည့်မရဘဲနဲ့တောင် သူ သတိပြုမိနေခဲ့သည်။

ဆင်းရဲလှသည်ဟု ဆိုသော်လည်း သူမရုပ်ရည်။ သူမ အမူအရာတွေက မနိမ့်ပါးပါ။ နွမ်းပါးသူလို ငုံ့လျှိုးနေတာလည်းမဟုတ်။ အမြဲရဲဝံ့ထင်ပေါ်ကာ သူတို့ကိုတောင် ရင်ဘောင်တန်းချင်သလိုမျိုး။ သူမကို ကြည့်ရတာ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲဟု သူ့စိတ်ထဲ အလိုလိုထင်နေတာကလည်း ထူးဆန်းနေပါသည်။

" သွားစမ်းကွာ "

သူ မာမီ့ကိုလည်းစိတ်တို၊ အလိုလိုရောက်လာသည့် နှုတ်ခမ်းနီစွန်းကြီးကိုလည်း ကြည့်မရတာမို့ အကျႌကို အခန်းထောင့်သို့ပစ်ပေါက်လိုက်မိပါသည်။



## အခန်း (၉)

" တူတူ...တူတူ... "

ည ဆယ်နာရီလောက် သူ့ Hand phone ကို အိမ်က phone ဖြင့်ခေါ်ဖို့ ဖုန်းနားမှာ လာထိုင်ထိုင်ချင်း ဖုန်းသံမြည်လာပါသည်။

" ဟဲလို...သတိုးပါ "

"ဟေ့ကောင်...သတိုး၊ မင်းတို့ကုမ္ပဏီက အဲဒီလောက်တောင် ဆင်းရဲမွဲတေနေပြီလား"

"ဟေ့ကောင် ..ကျော်ဇော၊ ဘာတွေလာပြောနေတာလဲ၊ အခြေအမြစ်မရှိတဲ့စကားတွေ လာပြောမနေနဲ့၊ လိုရင်းကိုပြော"

သတိုးက သူငယ်ချင်းဖြစ်သူ ကျော်ဇောကို ဝိုက်ပေါက်ပစ်လိုက်မိပါသည်။ ကျော်ဇောက သတိုးတို့ ကုမ္ပဏီအတွက်

www.burmeseclassic.com

www.burmeseclassic.com



မစ္စည်းဆော့ တင်သွင်းနေသူ ဖြစ်သည်။

"မင်းကလေး...ဟိုကောင်အင်္ဂါလို ဟိတ်ကြီးဟန်ကြီးလုပ်တာကို အတုခိုးပြီး၊ စက္ကူထရီတွေဘာတွေတော့ ခန့်ထားပါရဲ့၊ စက္ကူထရီ အပြင်သွားတာကို ဘတ်(စ်)ကားနဲ့ သွားခိုင်းရတယ်လို့ကွာ။ တက္ကစီလောက်တော့ ပေးစီးသင့်ပါတယ်ကွ"

"ဟေ့ကောင် ဘာတွေလာပြောနေတာလဲကွာ၊ ငါနားမလည်ဘူး၊ ငါ့မှာဘာစက္ကူထရီမှမရှိဘူး"

"အပိုတွေပြောမနေနဲ့၊ နေစမ်းပါဦး၊ မင်းက ဘယ်သွားနေလို့ မင်းစက္ကူထရီကို hand phone ပေးကိုင်ထားရတာလဲ၊ ဘာအထာတွေလဲ"

"ကျော်ဇော...တော်ပြီကွာ၊ ငါ တကယ်နားမလည်လို့ပါ၊ ရှင်းအောင်ပြောစမ်းပါ.."

"ညနေက မင်း hand phone ကို ငါခေါ်တော့၊ ကောင်မလေး တစ်ယောက်ထူးတယ်ကွ။ မင်းရဲ့စက္ကူထရီတဲ့။ အနားမှာလည်း စပယ်ယာ့အသံကြည်လို့၊ ဘတ်စ်ကားတိုးစီးနေတဲ့ပုံစံပဲ.."

"သေစမ်းကွာ၊ အဲဒါ ငါ့ hand phone ကောက်ရထားတဲ့ သူပဲဖြစ်မယ်၊ ငါ ဖုန်းပျောက်နေတယ်ကွာ"

"ဟိုက်ရှော..ပြဿနာပဲ၊ ငါ လုံးဝ အဲဒီလို မထင်မိဘူးကွ.."



"ကောင်မလေးအသံက ဘယ်လိုအသံလဲ"

"ခပ်ငယ်ငယ်ပဲ၊ ရည်ရည်မွန်မွန်ပဲ.."

"ပြဿနာပဲ တကယ့်ပြဿနာပဲ၊ ဟေ့ကောင် မင်းဘာပြောဦးမလဲ၊ ငါ ဖုန်းချလိုက်တော့မယ် hand phone ကို ခေါ်ကြည့်မလို့.."

"အေး..မနက်ဖြန် မင်းကိုငါလာမတွေ့နိုင်သေးဘူးလို့ ပြောမလို့၊ ငါ...စင်္ကာပူခဏသွားမလို့ကွ"

"အေး...ပြီးရော..ပြီးရော..ပြန်လာမှတွေ့တာပေါ့"

သတိုးက သူ့ hand phone နံပါတ်တွေကို ခပ်မြန်မြန် နှိပ်လိုက်ပါသည်။ ချက်ချင်း call ဝင်သွားသည်။ တစ်ဖက်က ဖုန်းဖွင့်နားထောင်နေပုံရသော်လည်း အသံတိတ်နေသည်။

" ဟဲလို...ဟဲလို "

သူ..နှစ်ခါ သုံးခါ ဟဲလို ပြီးတော့မှ တစ်ဖက်က အသံ ကျယ်ကျယ်ကို ကြားလိုက်ရပါသည်။

"အိမ်း...ဘုန်းကြီး ဒီနေ့ဟောမယ့်တရားကတော့၊ ကုသိုလ်နဲ့ ချမ်းသာခြင်းတဲ့၊ ဒကာ၊ ဒကာမကြီးတို့အနေနဲ့..."

" မြတ်စွာဘုရား..."

တရားဟောသံကျယ်ကြီးကြောင့် သူ ရုတ်တရက် ကြောင် သွားသည်။ ခဏကြာတော့မှ တရားသံတိကနဲပြတ်သွားကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်..သတိုး...နှင့် ဖုန်းကို ငါခဏယူလာတာသိလား၊ မနက်ဖြ
ပြန်ပေးမယ်၊ လိမ်မှာတယ် မဟုတ်လား၊ စိတ်မဆိုးနဲ့နော်..."

ကြည်လင်ရွှင်ပျနေသော ငွေ့အသံပေါ်လာပြီး၊ ဖုန်းလိုင်း
ပြတ်သွားလေသည်။ သူ့ နောက်တစ်ကြိမ်ပြန်ခေါ်တော့ ဖုန်းပိတ်
သွားပြီ...။

"မိငွေ့ အစုတ်ပလုတ်မ၊ ငါ့ဖုန်းကိုခိုးသွားတယ်"

သတိုးမှာ ဒေါသဖြစ်ရမလို၊ အံ့ဩရယ်မောရမလိုဖြစ်ကာ
တီးတိုးရေရွတ်နေလိုက်ပါသည်။

"မင်း မှန်မှန်ဖြေနော်၊ ဒီအခန်းထဲမှာ မိန်းမဆိုလို့ မင်းပဲ
ရှိတာ၊ မင်းဘာတွေ လုပ်ကြဲထားသလဲ..."

"ဘာမှမလုပ်ကြဲပါဘူး၊ ငွေ့ ဘာသာ အေးအေးဆေးဆေး
ကွန်ပျူတာရိုက်နေတာ၊ ကိုအဂ္ဂါအကျီကို ယောင်လို့ကောင်
ကိုင်မကြည့်မိပါဘူး"

သတိုး ရုံးခန်းထဲဝင်ဝင်ချင်း တင်းမာနေသော အခြေ
အနေတစ်ရပ်နှင့် ရပ်ဆိုင်တိုးမိပါသည်။ အဂ္ဂါက ငွေ့ကိုတရားခံ
စစ် စစ်နေပြီး ငွေ့က မှင်သေသေ မျက်နှာကလေးဖြင့် အေးအေး



ဆေးဆေး...။

"ဘာဖြစ်လို့လဲ အဂ္ဂါ.."

"မနေ့က ငါ ဝတ်လာတဲ့ကုတ်အကျီပေါ်မှာကွာ၊ ဘယ်လိုက
ဘယ်လို...နှုတ်ခမ်းနီတွေ စွန်းလာသလဲမသိပါဘူး၊ ငါ
ဘယ်မိန်းကလေးနဲ့မှလည်း နီးနီးကပ်ကပ် ရှိမနေပါဘူး၊ ကုတ်
အကျီကို ချွတ်ပြီး ရုံးခန်းထဲမှာပဲထား, ထားတာ၊ ဒီလိုဖြစ်တယ်ဆို
တော့ ဒီအခန်းထဲမှာ သူပဲရှိတာ၊ အဲဒါကြောင့် သူ့ကိုစစ်နေရတာ၊
မာမီကကွာ...ငါ့ကို ပေါက်ကရတွေထင်နေတာ၊ ဘယ်လိုရှင်းရ
မှန်းကို မသိတော့ဘူး..."

'မင်း မှာလည်း ပြဿနာနဲ့ကို၊ ငါလည်းမနေ့က.."

သတိုးက ဖုန်းပျောက်သည့်ကိစ္စပြောတော့မည့်ဆဲဆဲ
ငွေ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ ငွေ့က မျက်လုံး
တစ်ဖက်မှိတ်ပြကာ လက်ဟန်ပြလျက် ဘာမှမပြောဖို့ အချက်ပြ
နေပါသည်။

ဩော်....ငွေ့....ငွေ့....

ဘာစိတ်ကူးနဲ့ ဗရုတ်ကျနေတာလဲ ငွေ့ရယ်။ အဂ္ဂါ အဖို့
မှာလည်း မင်းလက်ချက်ပဲ မဟုတ်လား။ သတိုး ကိစ္စကိုငါ အဂ္ဂါ
သိသွားလျှင် ငွေ့ကို အလုပ်ထုတ်ပစ်ဖို့ ဖိအားပေးခံရတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



အသေအချာပင်။ ငွေ့ကိုတော့ အလုပ်ထုတ်မခံရစေချင်ပါ။

"အဟမ်း....ငါလည်းမနေ့က...မနေ့က... အလုပ်ရှုပ်နေတာနဲ့ကွာ ရုံးကိုတောင်ခဏပဲလာဖြစ်ပါတယ်.."

သတိုးစကားလွှဲလိုက်တော့ ငွေ့က အဂ္ဂါမမြင်အောင် လက်နှစ်ဖက်ယှက်၍ ဦးညွှတ်ပြနေသည်။

"ကဲ...ငွေ့ကြေးမုံ...မင်း ဝန်မခံဘူးလား"

"ငွေ့ လုပ်တာမှ မဟုတ်တာ၊ ဘယ်လိုလုပ်ဝန်ခံမလဲ၊ အဲဒီလို ရမ်းပြီးမစွပ်စွဲပါနဲ့"

"အေးပေါ့ကွာ၊ လက်ပူးလက်ကြပ်မှမမိတော့လည်း မင်းငြင်း အားရှိတာပေါ့"

"သတိုး... ငွေ့ မလုပ်တဲ့ကိစ္စကို ကိုအဂ္ဂါက အပ်ကျမပ်ကျ စွပ်စွဲနေတယ်၊ ကူပြောပါဦး.."

သတိုးသည် ငွေ့ကိုမယုံလှသော်လည်း ကိစ္စမြန်မြန် ပြီးသွားစေချင်သဖြင့်...

"ဟုတ်သားပဲ အဂ္ဂါရာ၊ သူ့အတွက် ဘာအကျိုးထူးမှာမို့လို့ ဒီလိုလုပ်ရမှာလဲ၊ မဖြစ်နိုင်ပါဘူးကွာ.."

အဂ္ဂါက ငွေ့ကို မကျေမနပ်တစ်ချက်ကြည့်ကာ အပြင် ထွက်သွားသည်။

ငွေ့က သူ့စလင်းဘက်(စ်)ကလေးကို သွားယူကာ hand phone ကို ထုတ်ပေးလိုက်ရင်း...

"ရော့..သတိုး ဖုန်း၊ စိတ်တော်တော်ညစ်သွားသလား၊ ဆော့ရီ နော်၊ ငွေ့က သက်သက်နောက်တာပါ"

"ငွေ့ရာ..ငါ့နေရာမှာ အဂ္ဂါသာဆို နင်မလွယ်ဘူး"

"သတိုးကို တိုးတိုးလေးပြောရဦးမယ်၊ အဂ္ဂါကို ပြန်မပြောနဲ့ သိလား၊ ခုန..နှုတ်ခမ်းနီကိစ္စကလေ...ငွေ့လုပ်တာသိလား..."

"ငါ ထင်တော့ထင်သားပဲ၊ ဘာရည်ရွယ်ချက်နဲ့ ဗရုတ်ကျ နေရတာလဲ ငွေ့ရယ်..."

"အဟင်း...ဟင်း...ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ငွေ့ ပျင်း လို့ နောက်နေတာ၊ ပြီးတော့ သတိုးနဲ့ အဂ္ဂါကိုလည်း ခင်လို့..."

ငွေ့က ချစ်စဖွယ်ပြုံးရယ်လျက် ပြောလေသည်။ ငွေ့ အပြုံးက ငွေ့လုပ်တဲ့ အပြစ်တွေကို ကြေပျက်သွားအောင် တန်ဖိုးကြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"အစ်မ…ဆရာ ထမင်းကြော်မှာထားလို့ပါ…"

"ဪ…အေး…အေး…ထားခဲ့ မောင်လေး၊ ဪ…ဘယ်ဆရာ မှာတာလဲ…သတိုးလား၊ ကိုအဂ္ဂါလား…"

" ကိုအဂ္ဂါပါ…"

အလုပ်သမားကောင်လေးက ထမင်းကြော်ပန်းကန်ကို လှမ်းပေးပြီး ပြန်ထွက်သွားသည်။ ငွေက ကိုအဂ္ဂါစားပွဲပေါ်မှာ ထမင်းကြော်ပန်းကန်ကို သွားချပေးရင်း၊ ထမင်းကြော် ပန်းကန်ထဲက ဆံပင်ညိုကို ကပ်သီးကပ်သပ်မြင်ဖြစ် အောင်မြင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ဆိုင်တွေက အဲ့ဒီလိုပဲ။ ရှေ့မှာသာ လှလှပပ ပြင်ထားပြီး...နောက်ပိုင်းမှာတော့ ညစ်ပတ်ချင်တိုင်း၊ ညစ်ပတ်နေသည် ကိုအဂ္ဂါလာလျှင်တော့ ဆံပင်ညှို အကြောင်းပြောပြရဦးမည်။

ငွေက ကွန်ပျူတာရှေ့မှာ ပြန်ထိုင်ကာ အလုပ်ရှုပ်နေဆဲ တွင် သတိုးနှင့်အဂ္ဂါက ရုံးခန်းထဲသို့ အတူတကွဝင်လာရင်း...

"ဗိုက်ဆာတယ်ကွာ"

"မင်း မစားရသေးဘူးလား သတိုး၊ ငါတော့ ထမင်းကြော် မှာထားတယ်"

"ဟာ တစ်ပန်းကန်ထဲကွာ.."

"အေး...စားချင်ရင်ထပ်မှာနော်၊ ငါ့ဆီကလာကပ်မစားနဲ့၊ ငါ နှစ်ယောက်တစ်ပန်းကန် မစားတတ်ဘူး"

"အေး..အဲဒီအကျင့်နဲ့တော့ ရည်းစားရရင် ရည်းစားစိတ်ကောက် တာ ခံရဦးမယ်..."

ငွေက ကွန်ပျူတာကို ပိတ်လိုက်ပြီး ဆံပင်ညှို အကြောင်း ပြောပြဖို့ သတိုးတို့ဘက်ကိုလှည့်ကြည့်လိုက်ပါသည်။ ကိုအဂ္ဂါက တစ်စွန်းခပ်စားပြီးလို့ ဝါးတောင်နေပြီ။ ငွေသည် ပြောချင်တာ ထိန်းမရနိုင်တော့ဘဲ...

"ကိုအဂ္ဂါ.. ခုနက..အဲဒီထမင်းကြော်ထဲမှာ ဆံပင်တစ်ချောင်းတွေ့



ငွေ ဖယ်ထားလိုက်ရတယ်"

"အေ...ဝေါ့..."

" ဘုရားရေ..."

ငွေ့စကားလည်းဆုံး...ရုတ်တရက် ဝေါ့ခနဲထိုးအန်လိုက် သော ကိုအဂ္ဂါကို ကြည့်ရင်း ငွေ အံ့ဩလန့်ဖျပ်သွားရပါသည်။

"သတိုး...လုပ်ပါဦး။ ကိုအဂ္ဂါ ဘာဖြစ်သွားတာလဲ။ကိုအဂ္ဂါ... ကိုအဂ္ဂါ..."

"ဝေါ့...သွား...သွား မင်းမလာနဲ့..မင်း ငါ့ကို ဒုက္ခပေးဖို့များ ရောက်လာသလား၊ ဝေါ့..."

"အဂ္ဂါ...စကားမပြောနဲ့ကွာ၊ အန်..အန်..ပြီးအောင် အန်လိုက်..."

ငွေသည် တဝေါ့ဝေါ့အန်နေသော ကိုအဂ္ဂါကို ဘယ်လို ပြုစုပေးရမည်မသိဘဲ၊ သတိုးနောက်နားမှာ ကပ်ရပ်နေမိသည်။

"သတိုး...သူ ဘာဖြစ်သွားတာလဲဟင်"

"အဂ္ဂါက ရွံတတ်တယ်ငွေ၊ သာမန်ထက်ပိုပြီး ရွံတတ်တယ်၊ သူ့ရှေ့မှာ ရွံစရာတစ်ခုခုလာပြောရင်၊ မအန်ဘဲ ဘယ်လိုမှ မနေနိုင်ဘူး၊ ခုကိစ္စက ဆံပင်ညှိုဝင်နေတဲ့ ထမင်းကြော်ကို စားပြီးသားဖြစ်နေတော့ ပိုဆိုးတာပေါ့"

"ဟယ်..ငွေကလည်း မသိလို့ပြောမိတာပါ၊ သူ စားမိတာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း တစ်လုတ်တည်းပါ..."

"အေး...တစ်လုတ်လည်း တစ်လုတ်အလျောက် ရှိတာပဲကွ"

အန်ပြီးသွားသော အဂ္ဂါက ငွေကိုမကျေမနပ်ကြည့်ရင်း လှမ်းဟောက်လိုက်ပါသည်။ ငွေက သတိုးနောက်မှာ ကွယ်ရပ်နေလိုက်သည်။

"ငွေကြေးမုံ့...လာခဲ့၊ ရှေ့ကိုလာခဲ့၊ ဒီကိစ္စက မင်း တမင်လုပ်ကြံတဲ့ ကိစ္စ၊ မင်းကို ငါမယုံဘူးနော်၊ နှုတ်ခမ်းနီကိစ္စကလည်း မင်း ဝန်မခံပေမယ့် မင်းလက်ချက်ပဲဆိုတာ ငါသိတယ်၊ ငါမေးတာကို မှန်မှန်ဖြေစမ်း..."

"ငွေ ဘာလုပ်ကြံလို့လဲ၊ ကိုအဂ္ဂါ ရှိတတ်မှန်း ငွေမှမသိတာ၊ အစကတည်းက ကိုသတိုးက မေ့တတ်တယ်၊ ကိုအဂ္ဂါက ရှိတတ်တယ်ဆိုတာ ပြည့်ပြည့်စုံစုံ ပြောထားကြပါလား"

"တော်ပြီကွာ...တော်ပြီ...တော်ပြီ...မင်းပြောလိုက်ရင် ဆင်ခြေက တော့အပြည့်ပဲ၊ ငါ ရှေ့ဆက်စိတ်ရှုပ်မခံနိုင်တော့ဘူး၊ ကဲ.. သတိုး...မင်း သူနဲ့ပတ်သက်သမျှ တာဝန်ယူတယ် မဟုတ်လား၊ သူ အလုပ်ထွက်ဖို့ ကိစ္စကို မင်းပဲတာဝန်ယူလိုက်..."

"ဟာ...ဒီလောက်ကြီးတော့မလုပ်ပါနဲ့ကွာ၊ သူမသိလို့ ဖြစ်ရတဲ့ ကိစ္စကို ပုံကြီးမချဲ့ပါနဲ့..."



"မသိတာ မဟုတ်ဘူးကွ၊ မသိတတ်တာ အလိုက်မသိတာ..."

"ဒါကတော့ ငယ်သေးတာကိုး..."

"ဒါ ငယ်သလား၊ မင်းနဲ့တောင် နင်,ငါ သုံးပြီးပြောနေတာပဲ..."

"နောက် ဒီလို မဖြစ်စေရဘူးကွာ၊ မင်းက ဘာလိုင်;ကြီး စိတ်တိုနေတာ၊ မင်းရှိတတ်မှန်း သူကဘယ်လိုသိမှာလဲ"

ငွေသည် ငွေ့ကို အလုပ်ထုတ်ပစ်မှာကိုတော့ အင်မတန်ကြောက်မိလေသည်။ ငွေက ဒီလုပ်ငန်းခွင်ထဲမှာ ပျော်နေပြီ။ သူတို့ကိုလည်း ခင်နေပြီ။ ငွေ ချက်ချင်းကြီးတော့ အလုပ်မထွက်ချင်သေးပါ။ ခပ်ပေါ့ပေါ့၊ ဇရုတ်ကျကျစိတ်မျိုးဖြင့် ဝင်လာသော်လည်း ခုတော့ဖြင့် ငွေက ဒီလုပ်ငန်းခွင်ထဲမှာ အတည်တကျရှိချင်နေသည်။

ငွေ့ဘဝဟာ လိုချင်တာမှန်သမျှ တ,တောင် တ, စရာ မလိုဘဲ ပြီးပြည့်စုံခဲ့သည်။ စက်ဘူမှာအလုပ်သွားလုပ်နေတဲ့ ဖေဖော ငွေ့ကို သဲသဲလှုပ်ချစ်မြတ်နိုးခဲ့သည်။ ငွေတို့ မိသားစုဟာ ဖေက မြန်မာပြည်ပြန်လာလိုက်၊ ငွေတို့သားအမိက စက်ဘူမှာသွားနေလိုက်ဖြင့် အမြဲချစ်ခင်စည်းလုံးနေခဲ့ကြသည်။

ငွေသည် အောက်ခြေဘဝများနှင့် မနီးစပ်။ လုပ်ငန်းခွင်ဝန်ထမ်းတွေရဲ့ဘဝများကိုလည်း ငွေ သိပ်နားမလည်၊ ငွေ့ဘဝသည် ပေါ့ပေါ့ကလေးသာတည်း...။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့..ငွေ့ရော ဘတ်စ်ကားလည်း တိုးစီးတတ်ပြီ၊ ဒီက ဝန်ထမ်းတွေနှင့်လည်း ခင်မင်အသားကျနေပြီ။

သတိုးနဲ့ အင်္ဂါဟာ အပေါ်ယံမှာဘယ်လိုအသွင်သဏ္ဌာန်တွေပဲကွဲကွဲ..စိတ်ရင်းတွေဖြူတာ၊ မိန်းမသား တစ်ယောက်အပေါ် အခွင့်အရေးယူလိုစိတ်မရှိတာကို မိုးဖွဲဖွဲကြား အလင်းဖျော့ဖျော့ ကလေးအောက်မှာ တွေ့စ,ကတည်းက ငွေ သိရှိ ယုံကြည်ကာ အဲ့ဩဖို့ကောင်းလောက်အောင်ပင် ခင်မင်နှစ်လိုစိတ်တွေ ဖြစ်ခဲ့ရပါသည်။

သူတို့နှစ်ယောက်ကြားမှာ ကြိုက်သလိုခလောက်ဆန်ချင်စိတ်။ အရာရာအပေါ် ရယ်စရာအဖြစ် ဖန်တီးလိုစိတ်တွေက ငွေ့ကို ဒီမှာ အလုပ်လုပ်ချင်စိတ်ဖြစ်အောင်တွန်းပို့ပေးခဲ့သည်။ ခုတော့လည်း အမှန်တကယ်ပင် ဆော်ယာခွဲ်ဖြစ်နေခဲ့ရပါပြီ။

ငွေ ဘာပြောပြော၊ ဘာလုပ်လုပ် သည်းခံတတ်တဲ့ သတိုးရယ်။ ငွေ့ကိုမျက်နှာထားတင်းတင်းဆက်ဆံတတ်သော (ငွေ တိတ်တိတ်ကလေး လုပ်ကြံချောက်ချထားသည့်) အင်္ဂါရယ်။ ဗရုတ်ကျချင်တဲ့ ဗရုတ်မ ငွေရယ်။

ဒီသုံးယောက်အုပ်စုလေးကို ချက်ချင်းကြီးတော့ မပြိုကွဲစေချင်တော့ပါ။



ငွေသည် သရုပ်ဆောင်သည်ဆိုသော်လည်း တကယ်ပင် ခံစားရမှုတွေ စိတ်ပါလာရကာ အင်္ဂါကို အသနားခံသည့် မျက်နှာ ငယ်လေးဖြင့် မော့ကြည့်ရင်း....

“ငွေ့ ကိုအလုပ်မထုတ်ပါနဲ့နော် ကိုအင်္ဂါ၊ အလုပ်ပြုတ်ပြီး ငွေ့မှာ ဝင်ငွေမရှိရင်၊ ငွေ ထောက်ပံ့နေရတဲ့ ငွေ့ မိသားစုပါ ဒုက္ခရောက်ရတော့မှာ၊ ငွေကတိပေးတယ်။ ငွေ ဒီနေ့ကစပြီး ကိုအင်္ဂါတို့ မကြိုက်တာ ဘာဆိုဘာမှမလုပ်ဘူး၊ ငွေ့မှာ ပျော်ချင်ရုံသက်သက်အပြင် ဘယ်သူ့အပေါ်မှာမှ စိတ်ဆိုး၊ စိတ်ယုတ်မထားပါဘူး...”

လူတကာ မသနား သနားအောင်လုပ်နေတော့တာပဲ။ အင်္ဂါက ခပ်ချဉ်ချဉ်တွေးသော်လည်း စိတ်ထဲမှာတော့ ဘာ အကျိုးအခဲမှမရှိပါ။ သူမနဲ့ ပတ်သက်ပြီး သံသယရှိတာ သတိုးကိုရော သူ့ကိုပါ မလေးမစားဆက်ဆံမှာကို ကာကွယ်တာကလွဲရင် တမင်သက်သက်အညိုးအတေးကြီးနှင့် အပြစ်ရှာနေတာတော့ မဟုတ်ပါ။

သူမကိုယ် သူမ ဆင်းရဲပါသည်ဟု ခဏခဏပြောသော်လည်း အနေအထားကျတော့ ဘယ်တော့မှ အောက်ကျို့ညိုးငယ်နေတာမဟုတ်။ အင်္ဂါအနေနဲ့ကလည်း ဒေါင့်မကျိုးတာကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်နှိပ်ကွပ်နေတာကလွဲရင်၊ သနားငဲ့ညှာ စိတ်တော့ရှိပါသည်။ အမှန်တကယ် ဆင်းရဲနွမ်းပါး သူကို မညှာမတာတော့ မလုပ်ရက်နိုင်ပါ။

သူမက အဂ္ဂါကိုရော သတိုးကိုပါ မျက်နှာချိုလေး သွေးကာ...

"စိတ်မဆိုးပါနဲ့တော့နော်၊ ဒီ..ဒီ အန်ဖတ်တွေကိုလည်း ငွေ သန့်ရှင်းရေးလုပ်ပေးမယ်နော်"

"ငွေကြေးမှုံ၊ တော်ပြီ..မလိုဘူး၊ ကိုယ့်နေရာကိုယ်သွားတော့ နောက်ကိုသာ အလိုက်မသိတဲ့ လုပ်ရပ်တွေ လျှောက် လျှောက် မလုပ်မိစေနဲ့"

" ဟုတ်ကဲ့ "

အဂ္ဂါ စိတ်ပြေသွားတော့မှ သတိုးသက်ပြင်းချနိုင်ပါသည်။ အစကတည်းက အဂ္ဂါကို အတိုက်အခံလုပ်ကာ ခန့်ထားရတာ ဘာပြဿနာမှမဖြစ်စေချင်။ ခက်တာက ငွေပဲ၊ ငွေရဲ့ စ,ချင် နောက်ချင်တဲ့ အကျင့်ဟာ တော်တော်ဖျောက်ရ ခက်လိမ့်မည်။ ဗီဇကိုက ပါလာတာ ဖြစ်မည်။

သတိုးကတော့ သူမကို စ,တွေ့ တွေ့ချင်းမှာပင် နှစ်လိုစိတ် ဖြစ်ပေါ်ခဲ့ရတာကို ဝန်ခံရဦးမည်။ မထင်မှတ်ဘဲ အလုပ်လာလျှောက်တော့ အံ့သြဝမ်းသာတာက တစ်ဖက်၊ ဟိုတစ်ညက အဖြစ်အပျက်အတွက် အလန့်တကြားဖြစ်ရတာကတစ်ဖက်၊ ဆင်းရဲနွမ်းပါးပါသည်ဟု ပြောဆိုတောင်းပန်လာတော့လည်း ဘယ်လိုမှ မငြင်းရက်နိုင်ခဲ့ပါ။ ယုံစရာကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရဲရဲဝံ့ဝံ့ ယုံပစ်လိုက်သည်။



ငွေ့ရဲ့အချိုးမကျတဲ့ ဆက်ဆံရေးကို သူခွင့်လွှတ်နိုင်သော်လည်း ဟို ဘဝင်ကောင် အဂ္ဂါက မနှစ်မြို့နိုင်ပါတဲ့။ ဒီ သောက် ခင်မင်စရာ ဖြူဖြူစင်စင် မိန်းကလေးကို အပြစ်မြင်တတ်တာ၊ ထစ်ကနဲရှိ အလုပ်ဖြုတ်ပစ်ချင်တာဟာ အဂ္ဂါရဲ့ ဗီဇပဲလား မသိနိုင်ပါ။ သတိုးကတော့ ရုံးရဲ့ဆွဲလည်းလေးနဲ့ နှုန်းခနဲ ဝေးမသွားချင့်ပါ။ သံယောဇဉ်ကြိုးက ခုမှဖွဲ့ပေမယ့် ခတော်မြဲနေပြီ...။

"သတိုး...မျက်နှာကြီးတည်မနေနဲ့တော့လေ၊ ကိုအဂ္ဂါက ငွေ့ကို ခွင့်လွှတ်လိုက်ပြီ၊ ငွေတောင် ပြုံးနိုင်နေပြီတွေ့လား.."

အဲဒါတွေပေါ့... သိပ်ကြည့်မရတာ။ ပလီစီချောက်ချက်တွေကို သူပဲပြောနိုင်လွန်းသည်။ အဂ္ဂါက ထိုသို့တွေးကာ တစ်ချက်စောင်းကြည့်သည်။

ငွေက ရေတစ်ခွက်သွားခပ်လာကာ အဂ္ဂါ ရှေ့မှာချပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက်ရယ်ပြလိုက်ပြီး...

"ကိုအဂ္ဂါ...ဒီမှာ...ရေသောက်လိုက်ပါဦးနော်၊ ခုန အန်ထားရတာ တော်တော်ပင်ပန်းသွားတယ် မဟုတ်လား..."

" ထားခဲ့...ပြီးမှသောက်မယ်.."

အဂ္ဂါ ခပ်တည်တည်ပြောတော့ သတိုး၏ မခုံး တစ်ချက် တွန့်လိုက်ပါသည်။ ငွေကတော့ ပြုံးပြုံးကလေးပင်။

## အခန်း (၁၁)

"ခုလိုတော့လည်း အပိုးကျိုးလို့ပါလား"

"ငွေ အဲလိုကြီး အပိုးကျိုးသွားတော့ ပျင်းစရာကြီးဖြစ်သွားတယ် ကွာ၊ အလျှင်လို ပြန်နေရင် ပိုကောင်းမယ်"

ငွေသည် သတိုးနဲ့ အဂ္ဂါ အတူလျှောက်လာတာ မြင်လျှင် အလျှင်လိုသွားဖြစ်လေးနှင့် ရယ်မပြတော့တဲ့။ ခေါင်းကလေးညွှတ်ကာ ပြုံးရုံကလေးပြုံးပြသွားပါသည်။ သတိုးကိုလည်း စကားများများ လာမပြောတာမို့ သတိုးမှာ ပျင်းရိကာ မနေတတ်၊ မထိုင်တတ် ဖြစ်ရပါသည်။ အဂ္ဂါကတော့ အဲဒီလို ငြိမ်ဝပ်နေတာကိုပဲ ပိုသဘောကျနေပုံရသည်။

"မင်းက သူ့သူငယ်ချင်းလား သတိုး၊ သူ့ အလုပ်ရှင်ဆိုတာလည်း မမေ့နဲ့၊ မင်း အဲဒီလို ကိုယ့်နေရာနဲ့ကိုယ် မနေတတ်လို့ မင်းကို ဘယ်သူကမှ မလေးစားတာ"

www.burmeseclassic.com

www.burmeseclassic.com



"မလေးစားရင်လည်းနေကွာ၊ မင်းလိုတော့ ရုပ်တည်ကြီးနဲ့ မနေနိုင်ဘူး၊ ငွေ ဒီလိုကြီးနေတာ ပုံမှန် မဟုတ်ဘူးကွ၊ ငါ သူ့ကိုစကားသွားပြောလိုက်ဦးမယ်"

"နေစမ်းပါကွာ၊ သူ့အရှိန်နဲ့ သူနေစမ်းပါစေ၊ လွှတ်ထား လိုက်စမ်းပါ၊ ဒီလို ဖြစ်ဖို့ မနည်း ဆုံးမထားရတာ.."

"မင်းက တင်းမာလှချည်လား...အဂ္ဂါ"

"ဒီကောင်မလေးကို ငါ သိပ်မယုံကြည်ဘူး သတိုး"

"ဘာတွေ မယုံကြည်စရာကောင်းလို့လဲ"

"ဆင်းရဲတယ်တဲ့ကွာ၊ တစ်စက်မှဆင်းရဲတဲ့လက္ခဏာက မရှိပါဘူး၊ ရုပ်လက္ခဏာရော စိတ်လက္ခဏာရော"

"ဆင်းရဲပြီးလှတဲ့ မိန်းကလေးတွေလည်းရှိပါတယ် အဂ္ဂါရာ၊ အင်း...ငါလည်းသတိတော့ပြုမိတယ်ကွ၊ ငွေ လှတာက ရိုးရိုးလှတာ မဟုတ်ဘူး၊ အဆင်မြင့်မြင့်လှတာ၊ နုနုရွရွလေးလှတာ၊ သူဌေးသမီးအတိုင်းပဲကွ၊ လက်ဆယ်ချောင်းလုံး လက်သည်း အရှည်နဲ့ လက်ချောင်းကလေးတွေကိုက..ရှည်ရှည်သွယ်သွယ် လေး..."

"အဟက်...မင်းက သေသေချာချာကြည့်ထားတာကိုး...ဩော် သတိုး..သတိုး..ရိုးလှ ရိုးလှနဲ့.."



"ဟော့ကောင် ပေါက်ကရမပြောနဲ့၊ ဒါ တကူးတက ကြည့်မှ မဟုတ်ဘူး၊ သူ့ ဘာသာ အလိုလိုနေရင်းမြင်တာပဲ၊မင်းရော မမြင်လို့လား၊ ငါ့လို ပါးစပ်က ထုတ်မပြောလို့သာ ..."

အဂ္ဂါက သတိုးမခံချင်အောင်ခနိုးခနဲ့လုပ်နေပါသည်။ သတိုးက ရှက်လည်းရှက်ကာ စူပွပွမျက်နှာထားဖြင့် အဂ္ဂါကို ငဲ့ကြည့်ရင်း...

"မင်းကို ငါဝေဖန်ရရင်...ငွေ့အပေါ်မှာ မင်းသဘောထားက မမှန်ကန်သလိုပဲ အဂ္ဂါ"

" ဘာကြောင့် "

"တင်းနေတယ်ကွာ၊ မျက်နှာသာ လုံးဝမပေးဘူး"

"ဒါက ငါ့ ထုံးစံပါပဲ၊ သူ့အပြင် ဘယ်သူ့ကိုမှလည်း မျက်နှာသာ မပေးပါဘူး"

"ဒါပေမယ့် မင်းက ငွေ့ကိုဆို အလုပ်ထုတ်ပစ်ချင်ရတာနဲ့ ဘာနဲ့...မင်းက ငွေ့ကို အသလွှတ်ကြီးမုန်းနေတာလား..."

အဂ္ဂါက မြုံစိစိ ဖြင့် ငြိမ်နေလိုက်သည်။ ငွေ့အပေါ် အာဃာတမရှိလှပေမယ့် အဖြစ်သည်းလှသောသတိုးကိုတော့ ခနဲ့လိုသေးသည်။ ထင်ချင်သလိုထင်ပါစေတော့... အပေါ်ယံမှာ တင်းမာလျက်နဲ့ပဲ ငွေ့ရဲ့ချစ်စဖွယ်အပြုအမူတွေကို သူ သတိ

www.burmeseclassic.com

www.burmeseclassic.com



ပြုမိနေခဲ့တာ မဟုတ်လား..။ သတိုးသိလျှင် လှောင်ရယ်ဦးမှာ ဒါကိုတော့ သူ့ဖွင့်မပြောချင်ပါ။

"ဟော့ကောင်..ငါ မေးနေတယ်လေကွာ၊ ဖြေစမ်းပါ"

" မဖြေဘူးကွာ "

"ဝေ့လည်လည်လုပ်မနေနဲ့၊ ဖြေကွာ.."

"အသည်းအသန်ပဲ၊ အေးကွာ အေး၊ ငါ ငွေကြေးမုံကို မုန်းနေတယ်၊ ကြည့်မရဘူး၊ ငါ တစ်ယောက်တည်း သဘောနဲ့ အလုပ်တောင်ထုတ်ပစ်ချင်တယ်၊ ဘယ်လိုလဲ ထုတ်ပစ်လိုက်ရမလား"

သတိုးက မှုန်ကုပ်ကုပ်ဖြင့် တစ်ဖက်လှည့်သွားရင်း..

"အလကား အပြစ်ရှာနေတာကွာ၊ အဓိပ္ပာယ်ကို မရှိဘူး၊ မင်းသူ့ကို မင်းသဘောနဲ့မင်း အလုပ်ထုတ်တဲ့နေ့ဟာ ဒီကုမ္ပဏီကနေ ငါ ရှယ်ယာနုတ်တဲ့နေ့ပဲ"

"အဟား...ပြင်းထန်လှချည်လား၊ စိတ်လျှော့... စိတ်လျှော့.."

အဂ္ဂါက သတိုးမခံချင်အောင်ပြောရင်း တစ်ဖက်လှည့်ကာ ပြုံးနေလိုက်ပါသည်။

## အခန်း (၁၂)

သတိုးသည် သူ့ကားကို မီးနီမတ်ကက်ခြံဝင်းထဲမှ ကွေ့ကာ လမ်းမဘက်သို့ ဦးတည်လိုက်လျှင် ကားမှတ်တိုင်ဘက်သို့ လျှောက်သွားနေသော ငွေ့ကို လှမ်းမြင်လိုက်ရပါသည်။

အဂ္ဂါက နေ့လယ်ပိုင်းကပင် အလုပ်ကိစ္စတစ်ခုအတွက် ထွက်သွားရင်း။ ရုံးကိုပြန်လာဖို့ အချိန်မမီတော့တာမို့ အိမ်ကိုပဲ တန်းပြန်သွားခဲ့ပြီ၊ နောက်မို့ဆို သူတို့ ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့် ပြန်ရင်ပြန်၊ ဒါမှမဟုတ် ကားတစ်စီးတည်းဖြင့် အတူတကွ ပြန်သည့်အခါ ပြန်သည်။

ငွေနဲ့ စ,တွေ့တဲ့ ညတုန်းကတော့ အဂ္ဂါနဲ့သူ ညှိခဲ့ပွဲတစ်ခုမှပြန်လာခဲ့ကြတာဖြစ်သည်။ အဲဒီ ညကို သူ အမြဲအမှတ်ရနေခဲ့ပါသည်။ ငွေက တွေ့စ,တာပင် အမှတ်တရဖြစ်စရာတွေကို ဖန်တီးခဲ့တာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ငွေ့နောက်နားမလှမ်းမကမ်းမှာ ကားကိုရပ်လိုက်ရင်း...

"ငွေ.."

"ဩော် ကိုသတိုး ပြန်တော့မလို့လား"

ဘယ်လိုကြီးလဲ ငွေရာ။ သတိုးက ခေါင်းတစ်ချက်ကုပ်လိုက်သည်။ ငွေ့စတိုင်လ်နဲ့ သူအံသွားမကျ၊ နှစ်ယောထ်ကြား မှာ လစ်ဟာကာ တစ်ခုခုလိုနေသည်။ ငွေက ခပ်ယောင်ယောင်လေးပဲ ပြုံးပြကာ သူ့ကိုနှုတ်ဆက်လိုက်ပြီး၊ သူ့လမ်းသူ ဆက်သွားနေပါသည်။

သူက ကားလီဗာကို ပြန်နင်းလိုက်ရင်း ငွေ့နောက်မှ လိုက်လာကာ...

"ငွေ...ဘယ်လိုကြီးလဲဟာ..အသားမကျလိုက်တာ၊ အဲလိုကြီး မနေစမ်းပါနဲ့၊ အလျှင်ကလို ငါ့ကိုတွေ့တာနဲ့ ဟိတ် သတိုး နေကောင်းလား၊ ဒီနေ့အဖို့ ဘာကိုမှ သတိမမေ့စေနဲ့နော်၊ အဲဒါမျိုးတွေပြောပြီး နင့်မျက်လုံးလေးပိတ်သွားအောင် ရယ်ပြစမ်းပါ..."

"အဲဒါက အလျှင်က ငွေ၊ အခုက အခုငွေ၊ မတူတော့ဘူး"

" တူရမယ် "

"အဲဒီလို ဖွတ်မပြောနဲ့လေ၊ ကိုအံ့ဩါက အခုငွေကိုပဲ စိတ်တိုင်းကျတာ"



"သူ့ဘာသာ စိတ်တိုင်းကျကျ မကျကျ၊ ငါကတော့ အလျှင်က ငွေကိုပဲစိတ်တိုင်းကျတယ်၊ ကဲ..လာ..ကားပေါ်တက်၊ ငါ နင့်အိမ်ကိုလိုက်ပို့ပေးမယ်"

"မပို့ပါနဲ့၊ နေပါစေ၊ Boss ကားကိုမစီးချင်ပါဘူး"

"ဟာ ဘာ Boss လဲ၊ ဘာမှ မဟော့(စ်)ဘူး၊ တက်ဆိုတက်ဟာ၊ ငါ့ကို ဒေါသထွက်အောင်မလုပ်စမ်းပါနဲ့"

"ကဲ...ကဲ တက်ပါပြီ၊ တက်ပါပြီ။ နောက်ခန်းမှာပဲ ထိုင်မယ်နော်"

"ငါ့ကို ဒရိုင်ဘာလို့သဘောထားပြီး နောက်ခန်းက အမြိန့်သားစီးမှာလား"

"အဟိဟိ...ခနဲ့တဲ့တဲ့ကြီး ပြောတတ်တယ်တော့"

"အေး..အဲဒီလိုရယ်စမ်း၊ အဲဒါကမှ ပကတိ ငွေ"

ငွေက ကားရှေ့ခန်းမှာဝင်ထိုင်လိုက်တော့..သူကားမောင်းထွက်လာခဲ့ရင်း...

"အဂ္ဂါစကားကိုများ ကြောက်မနေစမ်းပါနဲ့ ငွေရာ၊ ကိုယ့်ဘာသာအလျှင်လိုပဲ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ"

"သူက ငွေ့ကို မကြိုက်ရင် အလုပ်ထုတ်ပစ်မှာစိုးတာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"သူထုတ်ပစ်ရင် ငါ ပြန်ခန့်မယ်ဟာ"

"အဲလိုကြီးတော့ ဘယ်ကောင်းပါ့မလဲ သတိုးရဲ့"

"ငွေ့ဟိုရှေ့လမ်းထဲက ကဖေးဆိုင်လေးက အသစ်ဖွင့်ထားတာ၊ ကော်ဖီတော်တော်ကောင်းတယ် ပြောတယ်၊ကော်ဖီဝင်သောက်ရအောင်"

"သောက်လေ၊ ဪ အဲဒီဆိုင်က်လေး ငွေသိတယ်၊ ပြီးခဲ့တဲ့တနင်္ဂနွေကတောင် ငွေတစ်ယောက်တည်းသွားသောက်ဖြစ်သေးတယ်"

ငွေက ခပ်သွက်သွက်ပြောလိုက်သောအခါ သတိုး နည်းနည်းတော့ အံ့သြသွားရပါသည်။ ငွေဟာ အံ့သြစရာပဲ။ သတိုးကားပေါ်တက်စီးတော့လည်း တံခါးဖွင့်ပုံ၊ ပိတ်ပုံ၊ ကား ပေါ်ဝင်ထိုင်လိုက်ပုံက စမတ်တကျ ရဲရဲတင်းတင်း။ ခုလည်း ချေးကြီးကြီးအဆင့်မြင့်မြင့်ကော်ဖီဆိုင်မှာ သူသောက်ဖူးနေ ပြန်ပြီ။

ဆိုင်ထဲဝင်လာကာ စားပွဲမှာထိုင်မိကြတော့ ငွေက သွက်လက်စွာပင်...

"ငွေက Blue mountain ကော်ဖီသောက်မယ်၊ သတိုးက ဘာသောက်မလဲ.."

"Brazil ပဲသောက်မယ်"



"သတိုး Blue mountain မသောက်ဖူးဘူးလား"

"မသောက်ဖူးဘူး၊ Brazil တစ်မျိုးတည်းပဲ စွဲသောက်နေကျ"

"Blue mountain က ကမ္ဘာပေါ်မှာနံပါတ်တစ်အကောင်းဆုံးကော်ဖီပဲ သတိုးရဲ့၊ Jamaica နိုင်ငံကထွက်တာလေ၊ အနံ့ရောအရသာပါ ထူးခြားတယ်၊ စမ်းသောက်ကြည့်ပါလား"

ငွေ့ကို သူ အံ့သြပြီးရင်း အံ့သြနေရပါသည်။ ငွေဟာ ျေးကြီးကြီး ကော်ဖီကိုမှ အမြဲစွဲသောက်နေသူလား။ ကော်ဖီ ကြောင်းသိပုံကလည်း တဖက်ကမ်းခတ်နေသလားမသိ။ တိုးတောင် အဲဒီလောက်မသိလှပါ။ တကယ်တော့ ဒီလို ာ်ဖီဆိုင်တွေဟာ ငွေကြေးတတ်နိုင်သူတွေနှင့်သာ နီးစပ်ပါသည်။ တိုးက မအောင့်အည်းနိုင်တော့ဘဲ...

"ငွေ... ကော်ဖီအကြောင်းတော်တော်သိနေပါလား၊ ငွေ ဒီလို ကော်ဖီတွေအမြဲသောက်နေကျလား"

ငွေသည် အနည်းငယ်မျှပျက်သွားပြီးမှ ရယ်မောလိုက် ရင်း...

"အဟင်း... မသောက်နိုင်ပါဘူး သတိုးရယ်၊ တစ်ခါတလေ သူငယ်ချင်းတွေတိုက်မှပဲ သောက်ရတာပါ၊ လခထုတ်ရက်ဆိုရင်တော့ တစ်ခါတလေ ငွေ တစ်ယောက်တည်း ဝင်သောက်တာပေါ့၊ ငွေ့ကိုအထင်ကြီးမနေပါနဲ့ သတိုးရဲ့..."

www.burmeseclassic.com

www.burmeseclassic.com



သူ သိပ်တောင် မယုံချင်တော့ပါ။ ငွေဟာ ဘာအတွက် ဘာကို ဖုံးကွယ်ထားပါလိမ့်။ ငွေ စကားရော၊ ဖောရောလုပ်နေပုံဟာ အသိသာကြီး...။

ငွေကတော့ ဘာမှမဖြစ်သလိုပင်။ ဝိတ်တာလေးလာ ချပေးသော ကော်ဖီကို သူ့ဘာသာသူ ကျွမ်းကျွမ်းကျင်ကျင် ဖျော်နေသည်။ သူကလည်း ငွေ့လက်ချောင်းကလေးတွေရဲ့ ကျွမ်းကျင်မှုကို တအံ့တသြ စောင့်ကြည့်နေလိုက်ပါသည်။ ငွေက ကော်ဖီတစ်ကျိုက်သောက်လိုက်ရင်း...

"ကိုအဂ္ဂါကိုတော့ ငွေ သဘောကျပါတယ်"

သတိုးသည် ကော်ဖီကိုစ္စမှ အာရုံပြောင်းကာ ငွေ့ကို စိုက်ကြည့်ရင်း...

"ငွေက ဘာကို သဘောကျရပြန်တာလဲ၊ ဒီလောက် ငွေ့အပေါ် ဖိနှိပ်နေတဲ့သူကိုလေ..."

"သူ အဲဒီလိုလုပ်တာ အဓိပ္ပာယ်ရှိတယ် သတိုးရဲ့၊ သူ နေပုံ ထိုင်ပုံက မှန်ကန်တယ်၊ အလုပ်ရှင်ဆိုတာ ကိုယ့်ဝန်ထမ်းတွေ အထင်ကြီးလေးစားအောင် ကြောက်ရွံ့ရိုသေအောင် နေတတ်ရမယ်၊ စမတ်တကျဝတ်တတ်ရမယ်၊ အလုပ်ရှင်ဖြစ်ပြီး ဖြစ်သလိုဝတ်၊ ဖြစ်သလိုနေတော့ ဘယ်ကောင်းမလဲ"



"ဟာ ငွေ၊ အဲဒါ နင် ငါ့ကို စောင်းပြောနေတာလား"

"အဟိဟိ...အဲဒီလိုတော့ မဟုတ်ပါဘူး သတိုးလေးရယ်၊ စိတ်မဆိုးပါနဲ့...ငွေကလေ...သတိုးကိုလည်း ကိုအဂ္ဂါလိုပဲ စမတ်တကျ နေစေချင်တယ်၊ အဝတ်အစားဝတ်ရင်လည်း စမတ်တကျ ဝတ်ပေါ့၊ အခုလိုဆိုတော့ ဝန်ထမ်းနဲ့အလုပ်ရှင်နဲ့က မကွဲဘူး ဖြစ်နေတယ်"

"သွားစမ်းပါဟာ၊ ဟန်ဆောင်ပန်ဆောင် အပေါ်ယံကိစ္စတွေ ငါ စိတ်မဝင်စားဘူး"

"မဟုတ်သေးဘူးလေ၊ ငွေပြောတာက သတိုးအနေနဲ့ ကိုအဂ္ဂါလို မျိုး အလုပ်ရှင်နဲ့တူအောင်နေလိုက်ရင်.."

"တော်..တော်..ငွေ၊ ငါ စိတ်မဝင်စားဘူး၊ ထပ်မပြောနဲ့တော့၊ သူလည်း သူ့စတိုင်လ်နဲ့သူ၊ ငါလည်းငါ့စတိုင်လ်နဲ့ငါပဲ၊ ဘာ လို့သူ့စတိုင်လ်ကို ငါက အတုခိုးရမှာလဲ၊ ငါ့ပုံစံစုတ်ပြတ်နေလို့ နင်မပေါင်းချင်ဘူးဆိုလည်းနေ.."

"အံမယ်...အဲဒီလိုလည်းမပြောမိပါဘူး၊ အဟား...ဟား သတိုးက ကလေးကြီးလိုပဲတော်.."

သတိုးက မှုန်ကုပ်ကုပ်မျက်နှာဖြင့် တစ်ဖက်သို့ကြည့်ကာ ငြိမ်နေပါသည်။ ငွေက ပြုံးစိစိရုပ်ကလေးနှင့် လိုက်ကြည့်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဒီမျက်နှာကြီးကို ဘယ်လိုနည်းနဲ့ ရယ်အောင်လုပ်ရပါ့မလဲ၊ ဪ...သတိုးကို ငွေ ပြောပြဦးမယ်၊ ငွေလေ ဘတ်စ်ကားစီးရတာ အရမ်းပျော်တာပဲသိလား၊ စပယ်ယာတွေက အရမ်းရယ်ရတယ်၊ သူတို့စကားလုံးတွေက အရမ်းထိထိမိမိရှိတာပဲ၊ ရုံးသွားရုံးပြန်ချိန်ဆို သူတို့ အရမ်းတက်ကြွတာပဲ၊ ဒီမှာ သူတို့မျိုး ငွေပြောပြမယ်၊ နားထောင် အဟမ်း...အားလုံးကို ကျေးဇူးတင်တယ်နော်၊ ကျေးဇူးတင်တယ်၊ ဟို အစ်မ အပေါက်ဝမှာ ဝိတ်ရပ်မနေနဲ့လေ၊ ဒီအပေါက်လေးနဲ့ပဲလုပ်စားနေရတာပါဗျာ၊ စီးပွားရှာသူချင်း ကိုယ်ချင်းစာပါ၊ တိုးတိုးဘေးတစောင်းလေးတိုး၊ နောက်ဖက်အထိတိုးပါဗျာ၊ နောက်မှာနေရာတွေအများကြီးရှိပါသေးတယ်၊ ကဲ...ကားခလေး လှမ်းလိုက်ပါ၊ လက်တို့မတောင်းရပါစေနဲ့၊ အစ်မ ခဏလေး အမ်းပေးမယ် စိတ်ချ၊ အစ်ကို ငါးဖယ်တိုးလေးတိုးထား၊ မှတ်တိုင်ပါလား၊ တိုးထားမယ်၊ ကဲအားလုံးပဲ ဂိတ်ဆုံးပါပြီခင်ဗျာ၊ ဆင်းတာကိုစောင့် ဆင်းတာကိုစောင့်၊ တိုးမတက်နဲ့ အားလုံးထိုင်စီးရမယ်"

သတိုးသည် ငွေ့ရဲ့ စပယ်ယာစတိုင်လ်ကြောင့် ရယ်ချလိုက်မိရင်း ငွေ့ကိုလည်း ဘယ်နှစ်ခါမှန်းမသိအံ့သြရပြန်ပါသည်။ ငွေဟာ ဘတ်စ်ကားတွေ ဒီလောက်ကြပ်နေတာကိုပဲ အထူးအဆန်းလို



သဘောကျနေသည်။ စိတ်ညစ်ရကောင်းမှန်းလည်း သိပုံမရ။

"အင်း...အဲဒီလို ရယ်မှပေါ့ သတိုးရဲ့၊ နင်ရယ်အောင် လုပ်ရတာနဲ့ ငါတောင် 'စပယ်ယာမ' ဖြစ်တော့မယ်"

"ငွေရာ..ဘတ်စ်ကားတွေ ဒီလောက်ကြပ်နေတာ၊ နင်က ပျော်နေသလား"

"လူတွေ အများကြီးနဲ့ စီးရတာ၊ ပျော်စရာကြီးပဲ သတိုးရဲ့"

"ငွေက ဒီလိုလူတွေအများကြီးနဲ့ မစီးဖူးလို့လား"

"အင်း..စီးဖူးပါတယ်၊ ဘတ်စ်ကားပဲ အမြဲစီးနေရတာ၊ ဪ ဘယ်နှစ်နှစ်ရှိတောင်ရှိပြီလဲ၊ ပြန်ကြရအောင် သတိုး၊ ကိုအင်္ဂါသာ နင်နဲ့ငါ ဒီလို ကော်ဖီဆိုင်အတူထိုင်မှန်းသိရင် စိတ်ဆိုးမလား မသိဘူးနော်..."

"နင်က ကြောက်လို့လား"

"ကိုယ့်အလုပ်ရှင်ပဲ ကြောက်တာပေါ့"

"ငါကျ မကြောက်ဘူး"

"နင်က ကြောက်အောင်မှ မနေတတ်တာကိုး"

ငွေစကားလွှဲလိုက်တာကို သူ သတိပြုမိပါသည်။ ငွေ...ငွေနဲ့ ပတ်သက်ပြီး စဉ်းစားစရာတွေများလှပြီ။

ငွေသည် သတိုးတို့နှင့်စ,တွေ့သော လမ်းသန်းမှတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ရယ်ခိုင်းကာ...

"ရပြီ..သတိုး၊ ငွေ ဒီကပဲလမ်းလျှောက်သွားမယ်၊ ငွေတို့ အလုပ်ရှင်မေမေကြီးက ငွေကို ယောကျ်ားလေး တစ်ယောက် ကားနဲ့လိုက်ပို့တာမြင်ရင် ငွေ အဆူခံရမှာ၊ ကဲ... သွားပြီနော်...တာ့တာ"

ငွေက ကားတံခါးကိုဖွင့်ဆင်းကာ လမ်းတစ်ဖက်သို့ ကူးသွားသည်။ သတိုးသည် ငွေကို စ,ချင်လာကာ ကားမှန်ကို လျှောခနဲချလိုက်ရင်း...

" ဟော့ စပယ်ယာမ.."

ဟု လှမ်းခေါ်ကာ တာ့တာပြခဲ့ပြီး။ ကားကိုမောင်းထွက်လာခဲ့ပါသည်။ ငွေ...ခြေတစ်ချက်ဆောင့်လိုက်တာကို ကားနောက်ကြည့်မှန်မှ တစ်ဆင့်လှမ်းမြင်ရလေသည်။

# အခန်း (၁၃)

"ဟာ...မီးပျက်သွားပြီ..."

နေ့လယ်တစ်နာရီလောက်မှာ မီးပျက်သွားသဖြင့် ရုံးထဲမှာ အဲကွန်းလည်းမကယ်နိုင်တော့ဘဲ တဖြည်းဖြည်း အပူဒဏ်ကို ခံစားလာကြရပါသည်။ သို့သော် ခုန အအေးငွေ့လေး လက်ကျန်ရှိနေသေးတာမို့ သိပ်တော့မပူသေးပါ။

"ဒီဘက်က မီးသိပ်မပျက်ပါဘူး၊ ပျက်လည်းခဏပဲ၊ သိပ်မကြာဘူး ပြန်လာလိမ့်မယ်၊ အိုက်ရင် မှန်ပြတင်းတွေ ဖွင့်ထားကြ"

အဂ္ဂါကတော့ ပူတာ အေးတာကို သိပ်ဂရုမစိုက်ဘဲ။ စားပွဲထိုင်ကာ အလုပ်လုပ်မပျက်။ သူက သိပ်ပြီးနုနုရွရွဘဝမှ လာခဲ့တာတော့မဟုတ်ပါ။ ဖေဖေ့သူငယ်ချင်းရဲ့ကူညီမှုနဲ့ ရှန်းရှင်းကန်ရင်း

www.burmeseclassic.com



တက်လာခဲ့ရတာဖြစ်သည်။ ရုံးထဲ ကားထဲမှာသာအဲကွန်းနှင့်နေ
မယ့်၊ အလုပ်ကိစ္စတွေအတွက်သွား စရာရှိလျှင် ချွေးတရွှဲရွှဲနဲ့ပဲသွား
လာရတတ်ပါသည်။

ခဏကြာတော့ သူလုပ်လက်စ အလုပ်တွေကိုခဏ ဖြတ်က
ခေါင်းကို ဟိုဘက်ဒီဘက်ငဲ့၍ အညောင်းဖြေသိုက်ရင်း...ငွေ့
လှမ်းမြင်လိုက်ရတာဖြစ်သည်။

ငွေဟာ သူ့စားပွဲလေးမှာထိုင်ကာ ချွေးတပြိုက်ပြို
ကျနေသည်။ ကြည့်ရတာ ဒီလောက်အပူဒဏ်လေးကိုတော
နည်းနည်းလေးမှ မခံနိုင်ပုံမျိုး၊ ပြီးတော့ စာအုပ်တစ်အုပ်ကို ယူ
ယပ်ခတ်နေပုံက တကယ့်ကိုအသည်းအသန်။ သူ တောင် ဒီလော
မအိုက်သေးပါ။ သူ့ရုံးခန်းအပြင်က ဝန်ထမ်းတွေကို လှမ်းကြည့်
လည်း အားလုံးက သူတို့ အလုပ်ကိုသူတို့ အေးအေးဆေး
ဆက်လုပ်နေနိုင်ပါသည်။

အဂ္ဂါသည် ထိုင်ရာမှ ထ,ကာ ငွေ့အနားသို့ ထ,
လိုက်ရင်း...

"မင်း ဘာဖြစ်နေတာလဲ ငွေကြေးမုံ"

"ဟို...အိုက်...အိုက်လို့သေတော့မယ်၊ မီးကဘယ်တော့မှပြန်
မလဲမသိဘူး၊ မီးစက်မောင်းလို့မရဘူးလားဟင်"



"မီးက ပြန်လာမှာပါ၊ ခဏပျက်တာ၊ သိပ်ကြာရင်လည်း
မီးစက်မောင်းဖို့ စီစဉ်ပြီးသားပဲ"

"ငွေ ပူရင်နေလို့မရဘူး"

"ငါတော့နေရတာမဆိုးပါဘူး၊ သိပ်မပူသေးပါဘူးမင်းကြည့်ရတာ
အမြဲတမ်း အအေးခန်းထဲမှာနေရပုံပဲ၊ ဟုတ်လား..."

"အင်းလေ၊ အဲကွန်းနဲ့မှ ဟို...အဟင်း...အဲလိုတော့ ဘယ်နေရပ့
မလဲ ကိုအဂ္ဂါရဲ့၊ ငွေက ဒီလောက်ဆင်းရဲတာ၊ ဒီလိုလေ
ငွေက ငယ်ငယ်တုန်းက တောင်ကြီးဘက်မှာနေတာ၊ အဲဒီမှာက
သိပ်အေးတာဆိုတော့ ရန်ကုန်က ရာသီဥတုနဲ့ အသားမကျ
ဖြစ်နေတာပေါ့"

"ဪ...ဪ..."

အဂ္ဂါက ခေါင်းတညိတ်ညိတ်လုပ်ကာ စားပွဲမှာ ပြန်လာ
ထိုင်ခဲ့သည်။ သူ့စိတ်ထဲမှာ ငွေဟာ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ။
အချိန်ကြာလေ ပိုသေချာလေ။

သိပ်မကြာခင် မီးပြန်လာသည်။ ငွေက 'ဟေး မီးပြန်
လာပြီ' ဟု ကလေးတစ်ယောက်လို အော်ကာ အဲကွန်းတွေကို
ဝမ်းသာအားရ ထ,ဖွင့်နေပါသည်။

အဂ္ဂါသည် ငွေ့ရဲ့ဖုံးကွယ်မှုများကို တစ်ခုပြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ချင်လာပါသည်။ တကယ်တော့ ငွေဟာ ဟန်မဆောင်တတ်ဘဲ၊ ဟန်ဆောင်နေတတ်သော မိန်းကလေးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

အဂ္ဂါက အတန်ကြာစဉ်းစားနေခဲ့ပြီးမှ သူ့ပိုက်ဆံ အိတ်ထဲက ကားသော့ကိုထုတ်ယူကာ ငွေ့ရှေ့မှာသွားရပ် ရင်း....

"ငွေ ကျုပ်ကိုအကူအညီတစ်ခုပေးနိုင်မလား..."

"ပြောကြည့်လေ...ကူနိုင်ရင်ကူမှာပေါ့..."

အဂ္ဂါက ကားသော့လေးကို မြှောက်ပြရင်း....

"ကျုပ်ကားကို သိတယ်မဟုတ်လား၊ ကားရပ်ထားတဲ့ နေရာက နေအရမ်းပူနေပြီ၊ ပြီးတော့ ဝင်ဝထွက်ဝနဲ့လည်း မလွတ်မလပ် ဖြစ်နေတယ်၊ ကျေးဇူးပြုပြီး နေရာရွှေ့ပေးပါလား၊ ကျုပ် ဒီမှာ အရေးကြီးတဲ့ဖုန်းတစ်ခုစောင့်နေလို့"

"ရတယ်လေ...ငွေ ရွှေ့ပေးမယ်"

ငွေက သူ့လက်ထဲက သော့ကိုလှမ်းယူပြီး သွက်လက်စွာ ထွက်သွားပါသည်။

အဂ္ဂါက ပြူတင်းဝမှတစ်ဆင့် ငွေ့ရဲ့အမူအရာတွေကို လှမ်းကြည့် အကဲခတ်နေသည်။ ငွေ့ အမူအရာက အင်မတန် ကျွမ်းကျင်ပိုင်နိုင်ပါသည်။ ကားသော့ဖွင့်လိုက်ပုံ နေရာရွှေ့ပေးလိုက် ပုံဟာ တကယ့်ကိုကွက်တိ၊ ဘာမှ အထစ် အငေါ့ မရှိ။



ကားရွှေ့ပေးခဲ့ပြီး ကားသော့ကလေးကို ကစားကာ ခုံးခန်းထဲပြန်ဝင်လာသော ငွေသည် ဖုန်းခန်း အဂ္ဂါရဲ့မျက်ဝန်း တွေကို သတိပြုမိသွားရပါသည်။

ဘုရားရေ....ငါမှားသွားပြီ...။

ငွေသည် ခုမှပဲ သူ့အဖြစ်ကို သတိပြန်ရသွားသည်။ ငွေဟာ ငွေ ဖုန်းကွယ်ထားရတဲ့ အခြေအနေမှန်ကို အမှတ်တမဲ့မေ့လျော့ သွားခဲ့ရတာဖြစ်သည်။ အစကတည်းက ငွေ ကားမမောင်းတတ်ဘူးလို့ ဘာကြောင့် မငြင်းခဲ့မိပါလိမ့်..။

ငွေသည် ချက်ချင်းပင် ဣန္ဒြေပြန်ဆယ်ကာ ကိုအဂ္ဂါ ရှေ့မှာ ကားသော့လေးပြန်ချပေးလိုက်ရင်း....

"အဟင်း...ငွေကလေ...ကားမောင်းအရမ်း ဝါသနာပါတာ သိလား၊ ငွေ့သူငယ်ချင်းတစ်ယောက် သင်ပေးထားလို့ မောင်း တတ်နေတာ၊ အားရင် သူ့ကားပဲတက်တက်မောင်းပြီး သူ့ ဒရိုင်ဘာလုပ်ရင်း ကျွမ်းကျင်နေတာ..."

အဂ္ဂါသည် စာငုံ့ရေးနေရာမှ မျက်လွှာတစ်ချက်ပင့် ကြည့်ကာ...

"မင်းကို ဘယ်သူက စစ်နေလို့လဲ"

"လိုရမယ်ရ ပြောပြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ငွေသည် နည်းနည်းစိတ်တိုလာကာ စူပွပွပြန်ပြောရင်း ကိုယ့်နေရာကိုယ်ပြန်လာထိုင်နေလိုက်သည်။ အဂ္ဂါကတော့ ခုနခိုင်းလိုက်တာ သူမဟုတ်တော့သလို နေစိမ့် နေပါသည်။ ငွေသည် အသည်းယားလာကာ သူ့ကိုလှမ်းခေါ် လိုက်သည်။

" ကိုအဂ္ဂါ "

" ပြော "

" မေ့နေသလား "

" ဘာကိုလဲ "

"ငွေ အခု ကိုအဂ္ဂါ အကူအညီတောင်းတာကို လုပ်ပေးပြီးပြီလေ၊ အကူအညီတောင်းပြီးရင် ကျေးဇူးတင်တယ်လို့ ပြောရတယ်မဟုတ်လား၊ ကိုအဂ္ဂါပြောဖို့ မေ့နေသလားလို့ ငွေ သတိပေးတာပါ"

"အေး...ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်"

သူက ခပ်ဆောင့်ဆောင့်ပြောတော့ ငွေက သူ့ကို နောက်ခိုင်းလျက်နဲ့ပဲ ကျိတ်ပြုံးနေလိုက်ပါသည်။

## အခန်း (၁၄)

"ငွေ...ငွေ့ အလုပ်တွေ ပြီးတော့မလား"

"ပြီးတော့မယ် သတိုး..."

"ငါ ကားပေါ်က စောင့်နေမယ်"

" သတိုးပြန်နှင့်လေ "

"မိုးချုပ်တော့မယ်ဟ၊ နင်တစ်ယောက်တည်း ပြန်မလွှတ်နိုင်ပါဘူး၊ ငါတို့ကားနဲ့ဝင်ပို့ပေးခဲ့မှာပေါ့၊ မြန်မြန်လာခဲ့နော်"

သတိုးက ကားသော့ကို ဆွဲယူကာ ကားပါကင်ဘက်သို့ လျှောက်လာခဲ့သည်။ အဂ္ဂါက ကားနားမှာရပ်စောင့်နေရင်း....

"ကြာလိုက်တာကွာ...ငါ့ ကားပျက်လို့ မင်းကားကို ကပ်စီးပြီဆို သိပ်စိတ်ကုန်ရတယ်..."

"ခဏနေဦးကွ...ငွေ့ကိုစောင့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါက သတိုး ကားပေါ်တက်ထိုင်ရင်း သတိုးကို ငဲ့ကြည့်ကာ ....

"မင်းက ငွေ့ကို လိုက်ပို့မလို့လား"

"ပို့ရမှာပေါ့၊ မိုးချုပ်တော့မယ်၊ သူတစ်ယောက်တည်း ပြန်လွှတ်လို့ဖြစ်မလား"

အဂ္ဂါက သတိုးကိုကြည့်ကာ ခပ်ဟက်ဟက်ရယ်ရင်း...

"သတိုး...သတိုး...မင်းက ခုမှစိတ်မချဖြစ်နေတာပါကွာ၊ မင်းသူ့ကို စ,တွေ့ခဲ့တာ ညကြီးမင်းကြီး တစ်ယောက်တည်းပဲကွ၊ သူသွားနေကျပါ"

"ဒါက တစ်ခါတစ်လေ နေမှာပါ"

"ခုလည်းတစ်ခါတစ်လေပဲ"

"မင်းက ဒီလိုပြန်ပို့တာလေးကိုတောင် မကြည်ဖြူနိုင်ဘူးလား အဂ္ဂါ"

"မကြည်ဖြူတာတော့မဟုတ်ပါဘူး၊ မင်း မေ့နေမှာစိုးလို့ ပြန်ပြောပြတာပါ..."

သတိုးက ကားနောက် ထိုင်ခုံပေါ်မှာ ခပ်လျော့လျော့မှီထိုင်ရင်း ငွေ့အကြောင်းကို စဉ်းစားနေမိပါသည်။ ငွေဟာ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့မိန်းကလေးပဲ၊ သူမနဲ့ ပတ်သက်ပြီး



တွေးစရာတွေလည်း အများကြီးပေးတတ်ပါသည်။ သူကတော့ အဲဒီလိုတွေးစရာတွေကြားကပဲ ငွေ့ကို ဖြူစင်သူကလေးအဖြစ် သံယောဇဉ်ဖြစ်မိပါသည်။

အဂ္ဂါကရော...

သူကတော့ အသည်းမာသူကြီးပီပီ ငွေ့အပေါ် အမြဲတင်းမာနေခဲ့တာပဲ မဟုတ်လား...

အဂ္ဂါသည် သတိုးနည်းတူ ငြိမ်တွေကာ ငွေ့အကြောင်း စဉ်းစားနေမိပါသည်။

ငွေဟာ ချစ်စဖွယ် အပြုအမူတွေကို လုပ်ပဲလုပ်တတ်လွန်းသည်။ သူဘယ်လောက်ပဲ တင်းမပပစေ...သူမကတော့ ချိုသာရွှင်ပျနေမြဲ။ သူကတော့ တင်းလက်စနဲ့ပဲ ချက်ချင်းကြီး အလျှော့မပေးနိုင်။ သူမကို သံယောဇဉ်တွယ်မိသော်လည်း သတိုးလိုတော့ လိုက်လျောချိုသာစွာ မဆက်ဆံတတ်ပါ။ ပြီးတော့ ငွေ့နဲ့ပတ်သက်ပြီး သံသယဝင်စရာတွေလည်း အများကြီးရှိနေခဲ့တာ မဟုတ်လား....

သတိုးသည် ရုံးခန်းထဲမှ ထွက်လာသောငွေ့ကိုမြင်လျှင် ကားစက်နှိုးလိုက်ရင်း အဂ္ဂါကို ဖျတ်ခနဲမေးခွန်းတစ်ခု မေးခဲ့သည်။

"အဂ္ဂါ ...မင်း...ငွေ့နဲ့ပတ်သက်ပြီး ဘာသတိထားမိတာရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက်မှု"

✿ ✿ ✿

ရုတ်တရက် မိုးတွေ ရွာချလာတာမို့ သတိုးက ကားကို ဂရုတစိုက်ထိန်းမောင်းနေရပါသည်။ ကတ္တရာလမ်းမက မိုးရေဖြင့် နက်မှောင်ပြောင်ချောနေသည်။

"သတိုး…ကိုအဂ္ဂါကိုအလျင်ပို့လေ၊ ငွေ့ကို နောက်မှပဲပို့ပါ…"

ငွေ့က ကားနောက်ခန်းမှ လှမ်းပြောသည်။ သတိုးက လမ်းကွေ့လေးနားရောက်ပြီမို့ လီဗာကိုဖော့နင်းလိုက်ရင်း…

"ငွေ့ကိုပဲ အလျင်ပို့လိုက်မယ်။ အဂ္ဂါက ဝေးတယ်"

သတိုးက ဂရုတစိုက်မောင်းနေဆဲ။ လမ်းကွေ့တစ်ခုကို ကွေ့ချလိုက်စဉ် လူရိပ်နှစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရပါသည်။

"ဟာ…ဟောကောင်…လူ"

"ပြဿနာပဲ"

သူ့ကားနှင့်ပွတ်တိုက်မိကာ လမ်းဘေးသို့လဲပြိုသွားသော အမျိုးသမီးကြီးတစ်ယောက်ကို လူရွယ်တစ်ဦးက ဖေးမနေသည်။

သူတို့အားလုံး ကားပေါ်မှဆင်းမည်ပြင်ဆဲ လူရွယ်က သူတို့ကားဆီ ဒေါသတကြီးလျှောက်လာနေပါသည်။



သူတို့လည်း ကားပေါ်က အဆင်း၊ လူရွယ်ကလည်း အနားရောက်ကာ ထိရာမိရာစွပ်ထိုးပစ်လိုက်လေသည်။

"အား…"

ကံဆိုးသူ အဂ္ဂါမှာ သူ့မေးရိုးကိုလက်ဖြင့်အုပ်ကိုင် လိုက်ရင်း…ဒေါသတကြီးရှေ့တိုးသွားသည်။

"ကိုအဂ္ဂါ…ခဏနေဦး၊ ဘာမှပြန်မလုပ်ပါနဲ့…တိုက်မိသွားတာ သူ့အမေထင်တယ်…"

ငွေ့က အဂ္ဂါရှေ့မှာဝင်ရပ်လိုက်သည်။

သတိုးကားလူရွယ်ကို တောင်းပန်ဖို့ကြိုးစား နေပါသည်။

"ညီလေး…အေးအေးဆေးဆေး ဖြေရှင်းမှပေါ့ကွာ၊ အစ်ကိုတို့ တမင်လုပ်တဲ့ကိစ္စလည်းမဟုတ်ရပါဘူး"

"ခင်ဗျားတို့ ဘာကောင်တွေလဲ၊ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ငါ့မှာကားရှိတယ်၊ ငါသူဌေးပဲ၊ လမ်းပေါ်လျှောက်နေတဲ့ သူတွေ ကို သောက်ဂရုမစိုက်ဘူးဆိုတဲ့ အချိုးမျိုးလာ မချိုးနဲ့၊ ကျုပ်တို့မှာ သွားရလာရတာ လွယ်တာ မဟုတ်ဘူး၊ ဆေးခန်းကို အခေါက် ခေါက်သွားရဦးမယ်၊ ဒုက္ခတွေအများကြီး ရောက်မယ်၊ အလုပ်မလုပ်နိုင်ရန် ထမင်းငတ်မယ်…"

"အေးပါကွာ…ညီလေးရယ်၊ အဲဒီအတွက် ကုန်ကျတဲ့ ငွေတွေ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့ ပေးမှာပါ၊ ညီလေး အမေဘာဖြစ်သွားသ

ကြည့်ပါရစေဦး၊ ဆေးခန်းပို့သင့်ရင်လည်း ပို့ရအောင်ပါ–

"ငွေရလည်း အသားနာတာကပျောက်သွားမယ် မထင်နဲ့၊

အမေအသားနာသလို မင်းတို့လည်း အသားနာစေရမ

ကားမောင်းတာဘယ်ကောင်လဲ၊ အသေသတ်ပစ်မယ်"

"ဟာ...ဟေ့...ဟေ့ ဒီလိုမလုပ်နဲ့လေ"

သတိုးတားမြစ်နေဆဲ လူရွယ်က သတိုးကိုလက်

နှင့်ထိုးချလိုက်သည်။ သတိုး မြေပြင်ပေါ်ခွေကျသွားပါသည်။ ထိုသူ

အရက်လည်းမူးနေပုံရကာ ထိရာမိရာ သွေးရူးသွေးတန်းလိုက်

နေပါသည်။

ငွေသည် အင်္ဂါနှင့်သတိုးရှေ့မှ ကွယ်ကာရပ်လိုက်ရင်

"မလုပ်နဲ့...မလုပ်နဲ့...ကားမောင်းတာက ကျွန်မပါ၊သတ်ချင်

ကျွန်မကိုသတ်ပါ"

ငွေသည် ဗရန်းသုန်းကားရှုပ်ထွေးနေသည့် လူသုံးယော

ကြားထဲကို ဇွတ်အတင်းတိုးဝင်ကာ..ထိုသူကို ရင်ဆိုင်လိုက်လေသ

ထိုသူက အနည်းငယ် တွေဝေသွားကာ...

"ခင်ဗျား မောင်းတာလား..."

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်မတောင်းပန်ပါတယ်နော်၊ သူတို့



ကျွန်မအစ်ကိုတွေပါ"

"သူတို့ကို ဘာမှမလုပ်ပါနဲ့ရှင်၊ အခုလို ရန်ဖြစ်နေမယ့်

အား၊ ရှင့်အမေကို သွားပြုစုလိုက်ရင် ပိုအကြောင်းထူးမယ်

င်ပါတယ်၊ ကဲ...လာပါ ရှင့်အမေကို သွားကြည့်ရအောင်ပါ၊

ဒေါသဆိုတာ နေရာတကာမထားကောင်းဘူး အစ်ကိုရဲ့၊ ဒေါသ

တန်းတင်ရင် ဘာကောင်းကျိုးမှ ဖြစ်မလာပါဘူး၊ ဒီကိစ္စမှ

ဘူး၊ နောက်ဘာကိစ္စပဲကြုံကြုံ ဒေါသမကြီးဖို့ ငွေ စေတနာနဲ့

ပါရစေ..."

ငွေသည် ရှေ့ကဦးဆောင်ကာ လမ်းဘေးမှာလဲပြိုနေ

သည့်အမျိုးသမီးကြီးဆီ လျှောက်သွားသည်။ ထိုသူလည်း သတိုးတို့

အာရုံပြောင်းကာ ငွေ့နောက်လိုက်လာသည်။ ငွေသည်

မျိုးသမီးကြီးကို ယုယစွာ ပွေ့ဖက်ထူမ,ပေးရင်း...

"အန်တီ..ဘယ်များထိသွားသလဲဟင်၊ ငွေ့ကြောင့် ဖြစ်ရတာ

ငွေတောင်းပန်ပါတယ်နော်..."

"သိပ်မများပါဘူးကွယ်၊ ခြေထောက်ပဲနည်းနည်းနာသွားတာပါ၊

သားကနည်းနည်းမူးလို့ သမီးတို့ကို လာရမ်းတာ အန်တီ

တောင်းပန်ပါတယ်"

"ကျွန်မတို့က တောင်းပန်ရမှာပါ အန်တီရယ်၊ အန်တီ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းလိုက်ပို့ပေးပါရစေနော်…"

"ရပါတယ်ကွယ်၊ အန်တီဘာသာပဲ သွားလိုက်ပါ့မယ်"

"ဟုတ်တယ်၊ ကျုပ်တို့ဘာသာသွားမယ်၊ ခင်ဗျား ကူညီချ
ရင်…ဆေးဖိုးဝါးခပေးပေါ့…"

"သြော်…ပေးမှာပါ အစ်ကိုရယ်၊ အစ်ကို မပြောခင်ကတည်းက
ပေးမလို့ပါပဲ၊ ဒီမှာ ငွေ နှစ်သောင်းယူထားလိုက်နော်၊ ကျွန်မ
လိပ်စာပေးလိုက်၊ နောက်နေ့တွေလည်း လာကြည့်ပေးပါ့မယ်"

ငွေသည် ခုလောက်နဲ့ ကျေအေးသွားတာကိုပဲ ဝမ်းသာ
ငွေ့စလင်းဘက်ထဲမှ ငွေ နှစ်သောင်းထုတ်ပေးလိုက်ပါသည်။

သူတို့ သားအမိကို တက္ကဆီငှားပေးလိုက်ပြီးမှ ငွေ
သတိုးတို့ဆီပြန်လာရင်း…

"ကိုအဂ္ဂါ ဘယ်ထိသွားလဲဟင်၊ သတိုးကော ဘယ်လိုနေသေး
ငွေဖြင့် စိတ်ပူလိုက်ရတာ၊ ဒီလောက်နဲ့ပြီးသွားလို့ တော်သေး
ပေါ့…"

အဂ္ဂါသည် ကားကိုမှီရပ်လိုက်ရင်း…သူတို့ နှစ်ယောက်
စိတ်ပူပန်စွာ လိုက်မေးနေသည့်ငွေကို ငေးကြည့်မိပါသည်။

စိတ်ထားဖြူစင်သူလေး…..

ငွေဟာ သူတို့နှစ်ယောက်ကို အကာအကွယ်ပေးရင်း



ပြဿနာတစ်ခုကို အေးအေးစွာဖြေရှင်းပေးခဲ့ပါသည်။ ငွေရဲ့
စိတ်ဓာတ်ကို သူ မလေးစားဘဲမနေနိုင်။ သူ့ရဲ့ မောက်မာမှုတွေကို
သူပြန်ရှက်မိပါသည်။

သတိုးကတော့ ငွေရဲ့အစွမ်းအစကို သိပြီးသူမို့ ထူးပြီး
အံ့သြမနေတော့ပါ။

အဂ္ဂါသည် ငွေ့ကိုပြုံးပြလိုက်ရင်း…

"ကျေးဇူးအများကြီးတင်ပါတယ်ငွေ၊ ဒီတစ်ခါ မင်း မတိုက်တွန်း
ရဘဲ ကိုယ် ပြောပါတယ်"

"ကျေးဇူးတင်တယ်ဆိုရင် ကျေးဇူးဆပ်ဖို့ စိတ်မကူးဘူးလား
ကိုအဂ္ဂါ"

"ဘယ်လို ကျေးဇူးဆပ်ရမလဲ"

"ကိုအဂ္ဂါရဲ့ အမြဲတင်းနေတဲ့ မျက်နှာကို တ ထစ်လောက်
လျှော့ပြီး ငွေ့ကို ဆက်ဆံပေါ့…"

"စိတ်ချပါ၊ ကိုယ်…ငွေ့ကိုတွေ့ရင် အမြဲပြုံးပြပါ့မယ်"

"အိုကေ…ကဲ…သတိုး…နင်ကရော ငါ့ကို ကျေးဇူးမတင်ဘူးလား"

"အထူးပြောစရာမလိုပါဘူး…."

"ကဲ…ဒါဆိုရင် နှစ်ယောက်စလုံးငွေ့ကို ကျေးဇူးတင်တဲ့ အထိမ်း
အမှတ်အဖြစ် မနက်ဖြန်ကျရင် တစ်ယောက် နှင်းဆီပန်းတစ်ပွင့်စီ

www.burmeseclassic.com

www.burmeseclassic.com



ယူလာပြီး၊ ငွေ့ကို လက်ဆောင်ပေးရမယ်။ ကိုအင်္ဂါ ဘယ်လိုလဲ ပေးမှာလား"

" ပေးမှာပေါ့ ငွေ..."

" သတိုးရော "

" ပေးရမှာပေါ့ "

" အိုကေ အိုကေ မမေ့စေနဲ့နော်။ ဒါဆို ငွေ့ အိမ်ကသိပ်မဝေးတော့ဘူး။ ငွေ ဒီကပဲလမ်းလျှောက်သွားတော့မယ် တာ့တာ.."

ငွေက လက်ညှိုးလေးတထောင်ထောင်ဖြင့် ပြောရင်း နောက်ဆုတ် နောက်ဆုတ်သွားနေရာက တာ့တာပြကာ လမ်းချိုးလေး ထဲဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

အင်္ဂါက ငွေ့အမူအရာလေးကို သဘောကျကာ ပြုံးကြည့်ကျန်ခဲ့ပါသည်။ သတိုးက အင်္ဂါရဲ့ မျက်နှာရှေ့မှာ လက်ဖဝါးကို လှုပ်ရှားပြရင်း....

"ခုမှ ငြိမ်းချမ်းရေးအပြုံးတွေပြုံးမနေနဲ့၊ ငွေ... သူ့ပိုက်ဆံနဲ့ စိုက်ပေးသွားတာ၊ သူ့ခမျာ စုထားတာလေးတွေကုန်ပြီထင်တယ် မနက်ဖြန် ဆက်ဆက်ပြန်ပေးဖို့မေ့မနေနဲ့ဦး..."

"အေးပါကွာ"



သတိုးက ခုမှတပြုံးပြုံးဖြစ်နေသော အင်္ဂါကိုကြည့်မရ လှတာမို့ ကားကို ဆောင့်ထွက်လာခဲ့ပါသည်။ သူ့စိတ်ထဲမှာ ဘာကို မကျေနပ်မှန်းမသိပါ။

www.burmeseclassic.com

## အခန်း (၁၅)

"ငွေ့အတွက်..."

ငွေ့ရှေ့မှောက်သို့ နှင်းဆီပန်းအနီရဲရဲလေးတစ်ပွင့် ရောက်လာခဲ့ပါသည်။ ငွေ မော့ကြည့်တော့ အဂ္ဂါက ငွေ့ကို ပြုံးကြည့်လျက် ပန်းပွင့်လေးကိုကမ်းပေးနေသည်။

အဂ္ဂါရဲ့ အပြုံးဟာ သိပ်ချိုမြတာပဲ...

ငွေသည် မြင်ရခဲ့သော အဂ္ဂါရဲ့အပြုံးမျက်နှာကို ဖျတ်ခနဲငေးမိသွားရပါသည်။ ငွေ တိတ်တခိုး လေးစား အထင်ကြီးမိသူက ငွေ့ကိုအသာတကြည်ဆက်ဆံနေခဲ့ပြီ။ ငွေ့စိတ်တွေဟာ ထင်မှတ်ထားဘဲ ပေါ့ပေါ့လှုပ်လှုပ်ကလေးဖြစ်လာသည်။ ငွေ သိပ်ပျော်နေတာဟာ ဘာကြောင့်လဲမသိနိုင်ချေ။ သူ့ကို ခင်ရတာဟာ သတို့ကို ခင်ရတာနဲ့လည်းမတူနိုင်...။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ဘာဝေးနေတာလဲ...ယူလေ"

"ကျေးဇူးပါပဲ ကိုအဂ္ဂါ.."

"အလျင်က ပြောဖူးတာကို ပြန်ရုပ်သိမ်းပါတယ်ငွေ၊ အဂ္ဂါလို့ပဲ ခေါ်လို့ရပါပြီ..."

"အိုကေ၊ အဂ္ဂါ..အဂ္ဂါ၊ အဲဒီလိုပဲခေါ်တော့မယ်နော်၊ 'ကို' ထည့်မခေါ်တော့ဘူး"

ပန်းပွင့်လေးကိုလှည့်ကစားရင်း ခေါင်းကလေးငုံ့ကာ ချစ်စဖွယ်ပြုံးရယ်၍ ပြောနေသော ငွေ့ကို အဂ္ဂါ ဖျတ်ခနဲငေးသွားရပါသည်။

မျက်ခွံမို့မို့လေးအောက်က သူမရဲ့မျက်ဝန်းတွေဟာ သူ့အားရပါးရရယ်လိုက်တိုင်း မှေးပိတ်သွားတတ်သည်။ ဆံပင် စင်းစင်းလေးတွေ ပုခုံးပေါ်ဝဲပျံကျနေပုံက အရိုင်းဆန် နေတတ်ပါသည်။

ငွေဟာ သူ့ရင်ထဲကို ခပ်ဆန်းဆန်းဝင်ရောက်ထိုး ဖောက်နိုင်သော မိန်းကလေးတစ်ယောက်ပါပဲ။ ဒါကို မကြာသေးခင်က သေချာသွားခဲ့တာဖြစ်သည်။

"သတိုးရောဟင်၊ သတိုးက ငွေ့ကို ပန်းပေးမယ်ပြောထားပြီး ခုထိမလာသေးဘူး၊ ဒီကောင်ဘာဖြစ်နေတယ် မသိဘူး..."

ငွေသည် ခြံဝင်းဝဘက်သို့ လှမ်းမျှော်ကြည့်ကာ သတိုး

BURMESE CLASSIC .com



ကို ရှာဆဲ အရှိန်ပြင်းပြင်းမောင်းဝင်လာသော သတိုးကားကို တွေ့ရပါသည်။

"ခုမှလာတော်မူတယ်၊ မေ့နေသလားမသိပါဘူး။"

သတိုးသည် ရုံးခန်းထဲသို့ အမောတကောခလုတ် တိုက်မတတ်ဝင်လာပါသည်။ သူက ခပ်မြှောက်မြှောက်ကိုင်လာသော နှင်းဆီဖြူတစ်ပွင့်ကို ငွေ့ထံကမ်းပေးလိုက်ရင်း...

"ဟူး...မောလိုက်တာ ငွေရေ၊ သတိထားနေတဲ့ကြားက ဒီပန်းကိုမှ မေ့ကျန်ခဲ့တယ်ဟာ၊ မနေ့ကညနေကတည်းက သေသေချာချာ သွားဝယ်ပြီး၊ ရေစိမ်ထားတာပါ၊လာခါနီးမှကပ်မေ့တာ၊ ငါ့ သတိမေ့ပုံနဲ့တော့မလွယ်ပါဘူး"

"ဒီမှာ အဂ္ဂါကဖြင့် အစောကြီးကတည်းက ငွေ့ကိုပန်းလာ ပေးပြီးပြီ..."

"သူက ငါ့လိုမှမမေ့တတ်ဘဲ၊ ထားပါတော့ ထားပါတော့၊ ခွင့်လွှတ်လိုက်ပါတယ်၊ ကဲ ဒီနှင်းဆီအဖြူရောင်ကို ဘာ အဓိပ္ပာယ်နဲ့ရွေးချယ်ခဲ့သလဲဆိုတာ ပြောပါဦး"

"ငါက စိတ်ထားဖြူစင်တဲ့သူကို သဘောကျတယ်၊ ငါကိုယ်တိုင် လည်း ဖြူစင်အောင်နေတယ်၊ အဲဒါကြောင့် အဖြူရောင်ပဲရွေး လာတာ..."

www.burmeseclassic.com

www.burmeseclassic.com



"အဂ္ဂါကရော..."

"ကိုယ်ကရဲရင့်ပြတ်သားမှုကို သဘောကျတယ်၊ အဲဒါကြောင့် အနီရောင်ကိုရွေးလာတာ.."

"ဒီပန်းနှစ်ပွင့်လုံးကို ငွေသဘောကျပါတယ်.."

"ဒါဆို ကိုယ်တောင်းဆိုမယ်၊ ငွေ အဲဒီပန်းနှစ်ပွင့်ထဲက ကြိုက်တဲ့တစ်ပွင့်ကို ပန်ပြ.."

"ငွေက နှစ်ပွင့်စလုံးကြိုက်နေတာ၊ ဘယ်လိုရွေးမလဲ အဂ္ဂါရဲ့"

"ဒါက လွယ်ပါတယ်၊ ငွေမျက်လုံးမှိတ်ထား၊ ဒီပန်းနှစ်ပွင့် စလုံးကို ဒီစားပွဲပေါ်မှာတင်ထားမယ်၊ ငွေ့လက်နဲ့စမ်းကြည့်၊ ပထမဆုံးထိမိတဲ့ပန်းကို ပန်ရမယ်..."

"ကောင်းတယ်...ကောင်းတယ်၊ အဲဒီလိုလုပ်၊ ကဲ ငွေ မျက်စိမှိတ် ပြီနော်...."

အဂ္ဂါက ပန်းနှစ်ပွင့်ကိုစားပွဲရဲ့အစွန်းနှစ်ဘက်မှာ တင်ထား လိုက်ပါသည်။

"ကဲ...ငွေ စမ်းလို့ရပြီ"

ငွေ့လက်ချောင်းလေးတွေဟာ စားပွဲပြင်တစ်လျှောက် တို့ထိပြေးလွှားနေပါသည်။ သတိုးသည် ငွေ့လက်ရွေ့လျားရာကို လိုက်ကြည့်ရင်း၊ ချွေးတောင်ပြန်ချင်သည်။ သူ့နှင်းဆီဖြူ ကလေးကိုပဲ



ငွေ ပန်ရစေချင်ပါသည်။ ငွေ့လက်ကလေးရေ နှင်းဆီဖြူကိုပဲ အလျင်ထိလိုက်ပါ။

အဂ္ဂါကတော့ တည်ငြိမ်စွာရပ်ကြည့်နေခဲ့ပါသည်။ သို့သော် အဂ္ဂါရဲ့မျက်လုံးထဲမှာ မျှော်လင့်ခြင်းအရောင်တွေ ဖိတ်ဖိတ်တောက်နေ တာကို ယောကျ်ားချင်းမို့ သူသိပါသည်။

အဂ္ဂါရာ မင်း ငွေ့ကို ချစ်လိမ့်မယ်လို့တော့ ငါမယုံကြည်ပါ ဘူး။ ငွေ့ကို မင်းအထင်သေးနေခဲ့တာမဟုတ်လား။ ကြည့်မရခဲ့ဘူး မဟုတ်လား။ ခုမှချက်ချင်းကြီး သံယောဇဉ်ဖြစ်လာတယ် ဆိုရင်တော့ ငါ ရယ်မိမယ် အဂ္ဂါ။

ငွေ့ရဲ့ လက်ချောင်းကလေးတွေဟာ သတိုးရဲ့နှင်းဆီ ဖြူလေးအနီးကိုချဉ်းကပ်လာပါသည်။ သတိုး မျက်လုံးတွေ ဖျတ်ကနဲ အရောင်တောက်လာသည်။ သို့သော် ငွေ့လက်က နှင်းဆီဖြူဆီ မရောက်မီ မှာပင် နှင်းဆီနီကလေးဆီသို့ ကွေ့သွားပါသည်။ ပြီးတော့ နှင်းဆီဖြူ ဘက်ပြန်နီးကပ်လာသည်။ နောက် နှင်းဆီနီဘက် ရောက်သွားပြန်သည်။ သတိုးရင်မော အံ့သြစရာကောင်းလောက်အောင် အခုန်မြန်နေခဲ့ပါသည်။ ဒါဟာ ဖူးစာရှင်ရွေးနေတာလည်းမဟုတ်။ သာမန် ရွေးချယ်မှုလေး တစ်ခုအတွက် သူ့စိတ်တွေ လှုပ်ရှားနေခဲ့တာ ဖြစ်သည်။

"ဟာ...."

www.burmeseclassic.com

www.burmeseclassic.com



ငွေ့လက်ချောင်းကလေးတွေ နှင်းဆီနီရဲ့ပွင့်ဖက်တွေနှင့်ဖျတ်ခနဲထိမိသွားချိန်မှာ သတိုးရဲ့မျှော်လင့်ချက်တွေ ဝုန်းခနဲပြုတ်ကျသွားသည်။ ဒါဟာ နိမိတ်ပဲ၊ သူ့ရဲ့ ပန်းကလေးတင်ပွင့်တောင် ငွေ့ခေါင်းပေါ်မှာ နေရာမယူနိုင်။

"ဟယ်...ဒီမှာ ထိမိနေပြီနော်၊ ဘာရောင်လဲဟင်၊ ငွေ မျက်လုံးဖွင့်ကြည့်လို့ရပြီလား..."

"ရပြီငွေ၊ ဖွင့်လိုက်တော့"

အဂ္ဂါရဲ့အသံက အောင်မြင်သူကြီးလို...

"ဟယ်...အနီရောင်လေး၊ ကဲ ကံတရားပဲနော်၊ သတိုး စိတ်မဆိုးကြေးနော်၊ ငွေ ဒီပန်းလေးပဲပန်လိုက်တော့မယ်"

အဂ္ဂါရဲ့နှင်းဆီနီဟာ ငွေ့ခေါင်းပေါ်မှာအခန့်သား နေရာယူသွားခဲ့ပါသည်။ အဂ္ဂါကတော့ ကျေနပ်စွာပြုံးကြည့်နေခဲ့သည်။

"ငါ အလုပ်ကိစ္စချိန်းထားတာရှိလို့ အပြင်ပြန်ထွက်လိုက်ဦးမယ်"

သတိုးက မျက်နှာပျက်ပျက်နှင့် ပြောခဲ့ပြီး၊ လှည့်ထွက်လာခဲ့ပါသည်။

ငွေရေ...ဒီလေဘက်ကလေးကိုတောင် ငါ ခံနိုင်ရည်မရှိပါဘူး နင်နဲ့ မဝေးချင်ဘူး ငွေ...။

# အခန်း (၁၆)

"ငွေ...ငါ အမြင်မတော်ဘူးဟာ..."

သတိုးသည် ငွေနှင့်အတူထမင်းစားရင်း၊ ငွေ့နားရွက်ကလေးဆီအကြည့်ရောက်ကာ လွတ်ခနဲပြောမိလေသည်။ ငွေ့ နားပေါက်ကလေးဟောင်းလောင်းဖြစ်နေတာကို ငွေ ဆံပင်တွေ စုစည်းလာတိုင်း သူမမြင်ချင်ဘဲမြင်နေရပါသည်။ မြင်ရတာ စိတ်ကိုမချမ်းသာ။ ငွေဟာကြည့်တော့သာ မဆင်းရဲဘူး ထင်ရပေမယ့် သူ့နားရွက်ကလေးမှာတော့ နားကပ်တောင် မပန်နိုင်ရှာပါ။ ဆင်းရဲချင်ယောင်များဆောင်နေသလားဟု တွေးမိတိုင်း နားပေါက်ဟောင်းလောင်းလေးကိုပြန်မြင်ယောင်ရင်း ငွေ တကယ်ဆင်းရဲရှာတာပဲဟု မှတ်ထင်မိပါသည်။

ငွေသည် ထမင်းစားနေရာက သတိုးကို မျက်စုံးပင့်ကြည့်ကာ မလုံမလဲ ဟိုဟိုဒီဒီငုံ့ကြည့်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟယ်၊ ငွေ ဘာဖြစ်နေလို့လဲ"

"နှင်းနှင်းပေါက်ကလေးကို ဒီလိုပဲထားတော့မလို့လား၊ ငါ့အဘွားကဆို အမြဲပြောတယ်၊ သမီးမိန်းကလေး မွေးထားရင် နားသပြီး နားကပ်ကလေးဝတ်ထားမှ တင့်တယ်တာတဲ့၊ နားပေါက်ဟောင်းလောင်းမနေကောင်းတဲ့၊ အစကတည်းက မဆင်နိုင်ရင်မဖောက်ဘဲ ထားတာက ပိုကောင်းတယ်တဲ့၊ သူ့မြေးမ ပေါက်စလေးတွေမြင်ရင် ပြောပြောနေတာ ငါကြားတယ်"

သတိုးစကားလည်းဆုံး ထမင်းအတူဝိုင်းစားနေကြသော နှယ်နီတို့တစ်ခိုက်က သတိုးကို တအံ့တသြဝိုင်းကြည့်ကြရင်း....

"ဟယ်...ကိုသတိုးရယ်၊ အဲဒါ ရှင် ပြောစရာလား၊ ရှင့်အရာလား၊ ပြောသင့်မှန်း မပြောသင့်မှန်း မသိပါလား၊ ငွေ့ကို အားနာစရာဟယ်..."

"အားမနာရပါဘူး၊ ဒီလို သတိုးရဲ့၊ ငွေ့အမေက အလျှင်တုန်းက တော့ ဆင်နိုင်မယ်ထင်လို့ ဖောက်ပေးတာပါ၊ အခု မဆင်နိုင်တော့လည်း မဆင်နိုင်သလို နေလိုက်တာပေါ့"

"တန်ဖိုးသိပ်မရှိတာတွေ အများကြီးရှိပါတယ် ငွေရယ်၊ ဟိုမှာ ကေသီတို့ဆို ကြည့်ပါလား၊ နားကပ်ကြီးတွေ၊ ဟို နှယ်နီ နားကိုလည်းကြည့် ၊စရာမနားဆွဲကြီးနဲ့၊ ရွှေတွေ စိန်တွေ ဝတ်မှလှတာမဟုတ်ပါဘူး၊ အမြင်တော်ရုံလေးဝတ်လို့ရပါတယ်"



"ကိုသတိုးနော်၊ ဘာမဆိုင်ညာမဆိုင်၊ ကျွန်မတို့ကို နှိမ်ကွပ် မနေနဲ့နော်.."

"ဒါက ဒီလိုရှိတယ် သတိုးရဲ့၊ ငွေက လူကသာ ဘာမှ မဟုတ်တာ၊ နားကပ်ဆို (စိန်)ပဲကြိုက်တယ်၊ ငွေ ပိုက်ဆံရှိမှ စိန်ပွင့်သေးသေးလေးတစ်ပွင့်စီပါတဲ့ နားကပ်မျိုးဝယ်ဝတ်မှာ...။ ခုအတိုင်းလည်း နားရွက်ကလေး ရှင်းနေတော့ နေလို့ကောင်း တာပဲ...."

"ဟိုတ် ငွေ သူ့အမြင်တော်သွားအောင် လောလောဆယ် တာမာ ရိုးလေးထိုးထားလိုက်ပါလား၊ New fashion ပေါ့..."

"ကောင်းသားပဲ၊ ဘယ်လိုလဲ သတိုး၊ ငွေ သူတို့ပြောသလို လုပ်လိုက်ရမလား"

"အရှုံးမတွေ့စကားများဟာ နှင်လိုက်လုပ်ရင် နင်လည်းအရှုံးပဲ..."

သတိုးက ထမင်းဝိုင်းမှထလာခဲ့ရင်း၊ ငွေ့အတွက် ဘာလုပ်ပေးရင်ကောင်းမလဲဟု စဉ်းစားနေမိပါသည်။

ငွေ့အကြောင်း၊ ငွေ မပန်ဖြစ်ခဲ့တဲ့နှင်းဆီဖြူလေး အကြောင်း၊ အဂ္ဂါရဲ့ အရောင်ပြောင်းလာတဲ့ မျက်ဝန်းတွေ အကြောင်း၊ အဂ္ဂါကိုဆို မသိမသာခိုးခိုးငေးရင်း အထင်ကြီး လေးစားရိပ်တွေသမ်းနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ငွေရဲ့ချက်ဝန်းလှလှလေးတွေ အကြောင်း၊ စဉ်းစားစရာတွေက သတိုးကို အမြဲဖိစီးနေခဲ့ပါ သည်။

ငွေကသာ သူမရဲ့ချို့ငဲ့မှုအတွက် ဝမ်းနည်းပုံမပြပေမယ့်၊ သူကတော့ ငွေ့ရဲ့လိုအပ်ချက်တွေကို လိုက်လိုက်တွေးရင်း ရင်မောနေတတ်ပါသည်။ အဲဒါဟာ ငွေ့အပေါ်ထားတဲ့ သူရဲ့ သံယောဇဉ်ပဲပေါ့..။

အဲဒီနေ့ ညနေ ရုံးအပြန်မှာ သူ စိန်တိုက်တစ်ခုသို့ ဝင်လာခဲ့ကာ စိန်ပွင့်သေးသေးကလေးတစ်ပွင့်စီပါသည့် နားကပ်သေးသေးလေးတစ်စုံကို ငွေ့အတွက်ရည်စူးဝယ်ယူ ခဲ့မိပါသည်။

တစ်ချိန်ချိန်မှာပေါ့ ငွေရယ်...

ဒီနားကပ်ကလေးကို ကိုယ်တိုင်ပန်ပေးခွင့်ရချင်ပါတယ်။

# အခန်း (၁၇)

"သတိုး ဟိုမှာကြည့်စမ်း၊ ဟိုမှာ ငွေမဟုတ်လား"

အဂ္ဂါသည် သတိုးကို လှမ်းပြောရင်း FMI center ရဲ့ ဝင်ဝထွက်ဝ လှေကားထစ်တွေဆီ ငုံ့ကြည့်နေမိပါသည်။

"ဟာ ဟုတ်တယ်ကွ၊ ငွေမှငွေပဲ"

သတိုးက တအံ့တဩရေရွတ်ရင်း အဂ္ဂါနားမှာ လာရပ်ကာ ငုံ့ကြည့်နေလိုက်သည်။

ရုံးပိတ်ရက်မို့ FMI မှာ ဆိုင်ဖွင့်ထားသည့် သူငယ်ချင်းတစ်ယောက်ဆီလာရင်း ငွေ့ကို အမှတ်မထင်လှမ်းမြင်လိုက်ရတာဖြစ်သည်။

ငွေသည် တန်ဖိုးကြီးကြီး ခေတ်မီမီအဝတ်အစားများကို ဝတ်ဆင်ထားပြီး၊ ရတနာတွေညှတ်နေအောင် ဖော်ထားသည်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးနှင့်အတူ FMI ထဲဝင်လာသည်။ ဒူးခေါင်းရဲ့အောက် တစ်ဖက်တစ်ချက်မှာ အနည်းငယ်စီခွဲထားသည့် အနားကွပ် ဘောင်းဘီလေးနှင့်။ ဖိနပ်က ခုံထူထူ။ ဦးထုပ်ပျော့ကလေးကို ဆောင်းကာ ပန်းဖျော့ရောင်ပိုက်ဆံအိတ်ကလေးကို လွယ်ထားပါ သည်။ လက်ထဲမှာ ရောင်စုံစက္ကူ လက်ဆွဲအိတ်တွေ စုကိုင်ထားသည်။

"မင်း ဘယ်လိုသဘောရလဲ သတိုး.."

အဂ္ဂါက အောက်ထပ်က fashion ဆိုင်ထဲဝင်သွားသည့် ငွေ့ကိုလှမ်းကြည့်ရင်း မေးခွန်းထုတ်လိုက်လေသည်။

"မြင်တဲ့အတိုင်းပဲ၊ လောလောဆယ်ငွေ့ကို ကြည့်ရတာ မဆင်းရဲ ဘူး၊ တို့ရုံးမှာတော့ ဆင်းရဲတယ်၊ နားပေါက်ကလေးဟောင်း လောင်းနဲ့၊ နားကပ်ကလေးတောင် မဝတ်နိုင်ရှာဘူး.."

"ငွေ့က ဘယ်လိုကြီးလဲကွာ၊ ငါနားမလည်နိုင်တော့ဘူး၊ ငါ သံသယဖြစ်တာလည်း အခါခါပဲ"

"ငါလည်း ဖြစ်တာပဲကွာ၊ ဒါပေမယ့် သူ့ကိုမြင်လိုက်ရင်၊ သူ့ရဲ့ ဖြူဖြူစင်စင် မျက်လုံးလေးတွေကို မြင်လိုက်ရင်၊ သူက သွားဖြဲလေးနဲ့ရယ်ပြလိုက်ရင် အဲဒီ သံသယတွေက ရှင်းသွားရော မင်းလည်း ဒီလိုပဲ မဟုတ်လား"

"ဝန်ခံပါတယ်။ သူ့ကို ငါသံသယဇော်ရှိတယ်၊ ယုံကြည်ချင်



တယ်၊ ဟော ငွေ့ ပြန်ထွက်လာပြီကွ။ လာကွာ လိုက်ကြည့်ရ အောင်..."

သူတို့နှစ်ဦးသား ငွေ့ကိုမီအောင် လှေကားထစ်တွေ အတိုင်း ပြေးဆင်းလာသည်။ သူတို့ အောက်ရောက်တော့ BMW ကားကြီးပေါ်အကျသားတက်ကာ ကိုယ်တိုင် မောင်းထွက်သွားသော ငွေ့ကိုလှမ်းမြင်လိုက်ရပါသည်။

ဘယ်လိုပါလိမ့် ငွေရယ်....

အဂ္ဂါသည် ခေါင်းတစ်ချက်ယမ်းရင်း၊ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိပါသည်။ ငွေ့ကို သူဘာဆိုမမိနိုင်တော့ပါ။ သတိုးကတော့ ခပ်ရွတ်ရွတ် တီးတိုးပြောလိုက်ပါသေးသည်။

"သူ့ကားနံပါတ်က ငါတို့ကားနံပါတ်ထက်တောင် မြင့်သေး တယ်..."

ငွေသည် အမှန်တကယ်ချမ်းသာနေလျှင်တော့ သတိုးက သူဝယ်ထားမိသည့်နားကပ်ကလေးကို သနားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ငွေ့ရဲ့ရှေ့နောက်မညီသောဘဝကို တအံ့မွှေးမွှေး ဖြစ်နေရသော အဂ္ဂါနှင့်သတိုးတို့သည် နောက်တစ်နေ့ ရုံးတက်တက်ချင်း ငွေ့ကို အစ်အောက်မေးဖို့ ဆုံးဖြတ်လိုက်ကြပါသည်။

သတိုးနှင့်အဂ္ဂါသည် တစ်ယောက်တစ်နေရာစီ ထိုင်နေသော်လည်း သူတို့ကို နောက်ခိုင်းထိုင်ကာ ကွန်ပျူတာနှင့်မျက်နှာချင်းဆိုင် ထိုင်နေသော ငွေ့ကို မသိမသာ မေးခွန်းထုတ်ဖို့ကြံစည် ချောင်းမြောင်းနေကြပါသည်။

အဂ္ဂါသည် စာရွက်တွေကို လှန်လှောဟန်ပြုရင်း...

"ငွေ...မနေ့က ဘယ်သွားသေးလဲ..."

ငွေသည် အဂ္ဂါရဲ့မေးခွန်းကြောင့် ခနုကိုယ်ကသတိ

www.burmeseclassic.com

www.burmeseclassic.com



အနေအထားဖြင့် အလိုလိုနေရင်း တောင့်မတ်သွားရပါသည်။ အဂ္ဂါဘာလို့မေးပါလိမ့်။ ငွေမနေ့က မေနဲ့အတူတွဲပြီး ဈေးဝယ်ထွက်လိုက်တာ တစ်နေ့လုံး၊ ငွေလိုချင်တာတွေ ဝယ်လိုက်တာလည်း အများကြီး၊ ငွေက အဂ္ဂါကိုလှည့်မကြည့်ဘဲ...mouse ကိုနေရာ ရွှေ့လိုက်ရင်း...

"အိမ်မှာပဲ နေရတာပေါ့ အဂ္ဂါရယ်"

"ရုံးပိတ်ရက်ဆို ငွေဘာတွေလုပ်တတ်သလဲ"

ဘုရားရေ...အဂ္ဂါရဲ့မေးခွန်းကို ရှောင်တိမ်းဖြေလို့မှ မဆုံးသေးခင် သတိုးရဲ့မေးခွန်းတစ်ခုက ထပ်ဝင်လာသည်။ ငွေသည် ကွန်ပျူတာခလုတ်တွေကို ခပ်မြန်မြန်နှိပ်ရင်း...

"အိမ်မှုကိစ္စတွေကျုံးလုပ်နေရတာပေါ့ သတိုးရဲ့၊ ဘယ်မှ မသွားနိုင်ဘူးလေ၊ အပြင်ထွက်ရင် ဘတ်စ်ကားခ, က ကုန်ဦးမှာ မဟုတ်လား၊ အပျော်အပါးကိစ္စတွေဘက်လည်း ခြေဦးမလှည့်နိုင်ပါဘူး၊ အိမ်မှာပဲနေလိုက်တော့ အလုပ်တွေလည်းပြီး၊ ပိုက်ဆံလည်း အကုန်သက်သာတာပေါ့..."

ညာလက်စမို့ ညာနေရတာ စိတ်မကောင်းပါဘူး သတိုးရယ်။ ငွေသာအမှန်အတိုင်းပြောလိုက်ရင် သတိုးတို့ ဖျားသွားမယ်။ ငွေက ရုံးပိတ်ရက်ဆို Restaurant မှာ ထိုင်းစာ သွားစားတယ်။ shopping center ပတ်လည်မောင်းပြီး သူငယ်ချင်းတွေ အိမ်လျှောက်သွားတယ်။



အားကိုမအားပါဘူး။

"ငွေ တကယ်ပဲ မနေ့ကဘယ်မှမသွားဘူးလား၊ ကိုယ်တို့နှစ်ယောက်တောင် မနေ့က FMIရောက်ဖြစ်သေးတယ်"

အဂ္ဂါရဲ့မေးခွန်းကြောင့် ငွေ့ရင်ထဲ ဒိန်းခနဲဒိုင်းခနဲဆောင့်ခုန်တာ အချက်ပြမီးတွေ တဖျပ်ဖျပ် လင်းလာပါသည်။ သေချာတယ်။ သူတို့ မနေ့က ငွေ့ကိုတွေ့သွားပြီ။ ဒါကြောင့် ငွေ့ကို အစ်အောက်မေးနေကြတာ။ ငွေသည် ငွေ့ရဲ့ ဉာဏ်နှိုဉာဏ်နက်တွေကို အစွမ်းကုန်သုံးစ်ထုတ် လိုက်ပြီးနောက်...

"ဩော် ငွေပြောဖို့ မေ့နေလိုက်တာ၊ မနေ့က မနက်ပိုင်းပဲ အိမ်မှာ နေဖြစ်တယ်၊ နေ့လယ်ပိုင်းကျတော့ ငွေ့ ဖေဖေရဲ့ အလုပ်ရှင် မေမေကြီး ဈေးဝယ်ထွက်တာကို အဖော်လိုက်ပေးရသေးတယ်၊ မေမေကြီးက ငွေ့ကိုဆို သိပ်ချစ်တာ၊ သူဈေးဝယ်ထွက်ရင် ငွေ့ကိုပဲအမြဲခေါ်တယ်၊ ပြီးတော့ သူနဲ့လိုက်ရင် သားသားနားနားလှလှ ပလေးဝတ်မှကြိုက်တယ်ဆိုပြီး၊ သူ့သမီး အဝတ်ဟောင်းတွေပေးဝတ်ပြီး၊ ခေါ်သွားတာလေ၊ အဝတ်အစားတွေက အသစ်မဟုတ်ပေမယ့် တန်ဖိုးတော့ ကြီးတယ်၊ ငွေတို့ FMI တောင်ရောက်ဖြစ်သေးတယ်၊ ငွေက ကားမောင်းတတ်နေတော့ ဒရိုင်ဘာလည်းလုပ်ပေးရသေးတယ်၊ အဲဒီနေ့က

www.burmeseclassic.com

www.burmeseclassic.com



သတိုးတို့သာ ငွေ့ကိုတွေ့ရင် မှတ်မိမှာ မဟုတ်ဘူး၊ ငွေ အရမ်းလှနေတာသိလား၊ ကားမောင်းတော့လည်း ကိုယ့်ကားလို လိုဘာလိုလိုနဲ့၊ တကယ့်သူဌေးသမီး စတိုင်လ်ပဲ၊ ဒါပေမယ့် ငွေက ဝင်ကစွပ်လိုပါပဲ၊ မေမေကြီးခေါ်မှပဲ သွားရလာရတာ

သနားစဖွယ် ငွေ့အပြောကြောင့် အဂ္ဂါရော၊ သတိုးပါ မေးခွန်းဆက်မထုတ်ရက်တော့ဘဲ၊ ငြိမ်ကျသွားရပါသည်။

ငွေပြောတာလည်း ဖြစ်နိုင်တာပါပဲဟု တွေးကာ သံသယတွေ မှေးမှိန်သွားခဲ့ကြပါသည်။

"အားမငယ်ပါနဲ့ ငွေရာ၊ တစ်ခုခု အကူအညီလိုရင်လည်း တို့ကို ပြောပေါ့..."

သတိုးက ငွေ့ကို အားပေးဖေးမလိုက်သည်။

သူတို့ကို နောက်ခိုင်းလျက် ငွေ့မျက်နှာလေးပြုံးစိစိ ဖြစ်နေတာကိုတော့ သူတို့ မတွေ့ကြချေ။

## အခန်း (၁၉)

ရုံးပိတ်ရက် တစ်ညနေတွင် အဂ္ဂါက မိတ်ဆွေတစ်ယောက်ရဲ့ ညှိခံပွဲတစ်ခုကိုလာရင်း ငွေနဲ့ စ,တွေ့ခဲ့သော နေရာလေးကို အမှတ်တရလှမ်းကြည့် ဖြစ်ခဲ့ပါသည်။ ဒီနားမှာ ငွေတို့အိမ်ရှိမှာပဲ။ ခြံဝင်းကြီးကြီးထဲက ခမ်းနားတဲ့တိုက်ကြီးရဲ့နောက်ဖေးတန်းလျား လေးမှာ ငွေရှိနေလိမ့်မည်။

သူက အဲဒီလမ်းဘေးလေးကိုဖြတ်ကာ သိပ်မကြာခင်ကမှ ကားတိုက်မှုဖြစ်ပြီး သူနဲ့သတိုး လက်သီးစာမိခဲ့ရသော လမ်းချိုးလေးနား ကို ရောက်လာခဲ့ပါသည်။ လမ်းကျဉ်းကလေးကို ဖြတ်ကျော်ကာ လမ်းမပေါ်တက်ဖို့ ကားအရှိန် စောင့်နေသော အဂ္ဂါမှာ မထင်မှတ်ဘဲ ငွေ့ကို လှမ်းမြင်လိုက်ရပါသည်။

ငွေက အဒေါ်ကြီးတစ်ယောက်ကို တယုတယတွဲကာ လမ်းဖြတ်ကူးလာသည်။ အဒေါ်ကြီးက ဟိုတစ်နေ့က FMI မှာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သည့်အဒေါ်ကြီးမဟုတ်။ ဝတ်စားထားတာက တော်တော့်ကို ဆင်းရဲနွမ်းပါးနေပါသည်။ ငွေ့အမေများလား။ ဟိုက်...ဒါဟိုတစ်နေ့ က သူ့ကားနဲ့ပွတ်မိသွားတဲ့ အဒေါ်ကြီးပါလား...။

အဂ္ဂါသည် သူ့ကားကို လမ်းမပေါ်မတက်တော့ဘဲ လမ်းဘေးမှာ ကပ်ကပ်သပ်သပ်ရပ်လိုက်ပါသည်။ ငွေက သူ့ကားကိုတွေ့သွားကာ...

"ဟယ်...အဂ္ဂါပါလား၊ ဘယ်ကိုလာတာလဲဟင်"

"ဒီနားက မိတ်ဆွေတစ်ယောက်ရဲ့ပွဲတစ်ခုကို လာတာ၊ ဒီ အဒေါ်ကြီးက ငွေနဲ့ဘယ်လိုပတ်သက်နေလဲ.."

"အဂ္ဂါ မမှတ်မိဘူးလား၊ ဒါ ဟိုတစ်နေ့က ငွေတို့ကားနဲ့ တိုက်မိသွားတဲ့ အဒေါ်ကြီးလေ၊ ခြေထောက်နည်းနည်းနာနေ သေးလို့ ငွေက ဆေးခန်းလိုက်ပို့ပေးတာ.."

"ဟဲ့...ဒါ...ဟိုတစ်နေ့က အဒေါ်သား လက်သီးနဲ့ထိုးတာ ခံလိုက်ရတဲ့ သူငယ်လေး မဟုတ်လား..."

"ဟုတ်ပါတယ် အဒေါ်၊ အဒေါ်ခြေနာသက်သာရဲ့လား ခင်ဗျာ"

"သက်သာပါတယ်ကွာ၊ ဟောဒီသမီးလေးက ဂရုစိုက်လိုက် တာလည်း လွန်ပါရော၊ အင်မတန်စိတ်ကောင်းရှိတဲ့ သမီးလေး ကွယ်၊ ညနေရုံးဆင်းချိန်တိုင်း အဒေါ့်ဆီဝင်လာပြီး ကြည့်တယ်



မုန့်တွေလည်း ဝယ်လာတယ်၊ ဆေးခန်းလည်းလိုက်ပို့တယ်၊ သူတော်ကောင်းမလေးပါကွယ်၊ အဒေါ့်သား လူပလူ့ပေါကြီးက တောင် သမီးလေးကို ရိုရိုသေသေလေးလေးစားစားဆက်ဆံနေ ပြီကွယ့်.."

အဂ္ဂါသည်လည်း ငွေ့ကိုလေးစားစိတ်နှင့် ကြက်သီး းညင်းပင် စိမ့်ဖြာလာရပါသည်။ ငွေ့ရဲ့ စိတ်ဓာတ်ကလေးဟာ ံကိုဖြူစင်ကြည်လင်တာပဲ။ ငွေ့ထံမှာ ဘာကလိမ် ကကျစ်စိတ်မျိုးမှ ှိတာကို သူ ယုံကြည်သွားခဲ့ပါသည်။ သူ့ရဲ့ သံသယတွေအတွက် ့ကို သူကျိတ်၍အားနာသွားရ ပါသည်။ ဘာဒဏ်ရာမှလည်း ဘာမဟုတ်။ သူ့သားကလည်း ကိုယ့်ကိုစွတ်ရွတ်ထိုးလိုက်သေး ဘမို့ ငွေပေးပြီးပြီးရော ဂရုမစိုက်ဘဲနေမိသည့် ကိုယ့်ကိုယ်ကိုယ်ပင် ရှက်သွားရသည်။

"ဆေးခန်းက ဘယ်မှာလဲ ငွေ။ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဆေးခန်းက သွားပြီးပြီ အဂ္ဂါရဲ့၊ ပြန်လာတာ နီးနီးနားနား ဒီ ရပ်ကွက်ထဲက ဆေးခန်းပဲသွားလိုက်တာ၊ အဒေါ်ကြီး အိမ်က ဒီနားတင်ပဲ၊ ငွေ လိုက်ပို့လိုက်ပါ့မယ်.."

"ကဲ ဒါဆိုလည်း အဒေါ်ကြီးအိမ်ကို ကိုယ်ပါလိုက်ခဲ့မယ်"

"လက်သီးစာ ထပ်မိနေဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မမိစေရပါဘူးကွယ်၊ အဒေါ်တာဝန်ယူပါတယ်၊ သူလည်း သူ့ရမ်းကားမိတာအတွက် နောင်တရနေပါတယ်"

အဒေါ်ကြီးကလည်း သူ့ကားကို စီးချင်ပုံရကာ ကွက်ကြည့် ကွက်ကြည့် လုပ်နေတာမို့ ငွေက သဘောတူကာ သူ့ကား နောက်ခန်းမှာ အဒေါ်ကြီးနှင့်အတူ ဝင်ထိုင်လိုက်ပါသည်။

"အောင်မလေး...ကားကြီးကစီးလို့ကောင်းလိုက်တာကွယ်၊ အဒေါ်အိမ်က ဒီနားတင်ဆိုတော့ သိပ်ကြာကြာ စီးရမှာလည်း မဟုတ်ပါဘူး၊ ဒီလိုလုပ်ပါလား သူငယ်ရယ်...ဟိုနား ဒီနား ခဏ တဖြုတ်ပတ်မောင်းပေးပါလား၊ အဒေါ် ဒီကားမျိုးတစ်ခါ မစီးဖူးလို့ပါ၊ ခုတော့ ကားနဲ့တိုက်မိတာကိုပဲ ကျေးဇူးတင် မလိုဖြစ်နေပြီ"

"ကဲ...ကဲ...ကျွန်တော်မောင်းပို့ပါမယ်.."

အဂ္ဂါက ကလေးတစ်ယောက်ကို အလိုလိုက်ဟန်ဖြင့် ပြန်ပြောလိုက်တာမို့ ငွေ ပြုံးမိသွားရပါသည်။ တကယ်တော့ အဂ္ဂါဟာလည်း စိတ်သဘောဆိုးလှတာ မဟုတ်ပါဘူး။

အဂ္ဂါက ကားကို ပတ်မောင်းပေးရင်း ရွှေတိဂုံဘုရား နားသို့ရောက်လာပါသည်။ အဒေါ်ကြီးက ဘုရားဘက် လက်အုပ်ချီကာ ဘုရားစာတွေတတွတ်တွတ်ရွတ်ဆိုနေတာမို့ အဂ္ဂါက



သဘောကောင်းနူးညံ့လှစွာ...

" အဒေါ်ကြီး ဘုရားသွားချင်သေးလား"

"သွားချင်တာပေါ့ကွယ်၊ ဘုရားမရောက်တာတောင် အတော် ကြာပြီ..."

"ကဲ ဒါဆို ကျွန်တော်လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်လိုက်တာကွယ်"

ငွေက သူတို့နှစ်ယောက်ပြောကြဆိုကြပုံကို အသာလေး ကြည့်ရင်း ကျေနပ်မိနေခဲ့ပါသည်။

ဘုရားပေါ်ရောက်တော့ အဒေါ်ကြီးက အကြာကြီး ဘုရားရှိခိုး နေတာမို့ အဂ္ဂါနှင့်ငွေက တန်ဆောင်းတစ်ခုရဲ့ လှေကားထစ်တွေမှာ ထိုင်ရင်းစောင့်နေခဲ့ရသည်။

ငွေသည် အဲဒီအခြေအနေအပေါ်မှာ တစိမ့်စိမ့်ကြည်နူး ရကာ အတော်ထူးဆန်းလေသည်။ ရင်ပြင်တော်ပေါ်မှာ လေတဖြူးဖြူးတိုက်နေတာမို့ ငွေရဲ့လည်စည်းပုဝါလေးဟာ တလွင့်လွင့် ပြုပ်နေသည်။ ငွေကော အဂ္ဂါပါ ရွှေတိဂုံစေတီတော်ကြီးဆီ မော့ကြည့်နေခဲ့ကြပါသည်။

ငွေသည် သူနှင့်နီးကပ်စွာ လှပ်ငန်းခွင်ပြင်ပမှာ ရှိနေတာကို ဘယ်လိုကျေနပ်မှန်းမသိချေ။ သတိုးနှင့်အတူရှိနေရတာနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



မတူချေ။ အမှန်တကယ်တော့ ငွေက သူရဲ့ သဟောက်သဟ
အပြောအဆိုတွေကို ခံခဲ့ရစဉ်ကပင် သူ့ အပေါ် ဘယ်လိုမှသဘော
မထားနိုင်ခဲ့ဘဲ ခင်မင်နှစ်လိုနေခဲ့ ရတာဖြစ်သည်။

အဂ္ဂါရယ် စိတ်ဆိုတာ အကြောင်းပြချက်မရှိဘဲလည်
ခံစားမှုတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေတတ်ပါသည်။

ငွေသည် ဘုရားရှေ့ရောက်နေတာမို့ ငွေအမြဲရွတ်ဆိုနေသ
မုသားတွေအတွက် လိပ်ပြာတောင်မလုံချင်ပေ။

"အဂ္ဂါ...အဂ္ဂါ ငါးပါးသီလလုံလားဟင်"

"အင်း...များသောအားဖြင့်ကတော့ လုံပါတယ်၊ အလုပ်ကိ
ပြောကြဆိုကြရင်း မုသားသုံးမိတာမျိုးတော့ရှိတာပေါ့ ငွေ
ငွေရော...လုံလား"

"ငွေက တစ်ပါး အမြဲမလုံဘူး"

"ဆိုပါဦး ဘယ်သီလကို ချိုးဖောက်နေမိလို့လဲ"

"အဂ္ဂါလိုပဲ၊ မုသားပြောမိတာမျိုးပေါ့၊ ဒါပေမယ့် ငွေကခဏခ
ပြောမိနေတာ"

"သတိထားပြီး မပြောမိအောင်နေပေါ့၊ လူဆိုတာ မုသားတေ
ဘယ်ကင်းနိုင်ပါ့မလဲ ငွေရယ်၊ ဒါပေမယ့် သူတစ်ပါးကို
ထိခိုက်နိုင်တဲ့မုသားမျိုးမဖြစ်ဖို့တော့လိုတယ်"



ငွေသည် အဂ္ဂါရဲ့စကားတွေကို တိတ်ဆိတ်စွာ နားထောင်
ရင်း တစ်ယောက်တည်းကျိတ်နောင်တ ရနေမိပါသည်။ ငွေဟာ
ပျော်ရဖို့ နောက်ရဖို့သာဆိုရင် မေ့ကိုလည်း စိတ်အနှောင့်အယှက်
ဖြစ်အောင် လိမ်ပြောလိုက်တာပဲ။ အဂ္ဂါနဲ့ သတိုးကိုဆိုလည်း
တစ်ချိန်လုံးလိမ်ပြောနေတာပဲ။ ခုကျမှ ဖွင့်ပြောဖို့ကျတော့ ဘယ်လို
အကြောင်းပြရမလဲ ငွေ မသိပေ။ ငွေ့ကို ဆင်းရဲသူဟု တကယ်
ထင်မှတ်ကာ သနား နေရသော သူတို့ကိုလည်း အားနာတာ
ငွေ့ကို အညာမဟု သတ်မှတ်ပြီး စိတ်ဆိုးမာန်ဆိုး အလုပ်ထုတ်
ပစ်လိုက်မှာကိုလည်း ငွေက ကြောက်လေသည်။ ငွေ့အပေါ်စေတနာ
ထားတဲ့ ဒီနှစ်ယောက်နဲ့ ငွေတို့ စိတ်ဆိုးမာန်ဆိုး လမ်းမခွဲကြရ
အောင် ငွေ ဘယ်လိုလုပ်ရပါ့။ သူတို့ကို အရူးလုပ်ထားသည့်
အဖြစ်သနစ်ကြီးကို သူတို့ကလည်း အလွယ်တကူ ခွင့်လွှတ် နိုင်မည်
မဟုတ်ပါ။

"ဟာ...ငွေ့ပဝါလေးလွင့်သွားပြီ၊ နေ...နေ ကိုယ်သွား ကောက်
ပေးမယ်"

လေတိုက်နေတာကြောင့် ငွေ့လည်ပင်းဆီမှ လျှောခနဲ
လွင့်ထွက်သွားတဲ့ ပဝါလေးဟာ ခပ်ဝေးဝေးဆီလွင့်သွားပါသည်။
ငွေ သွားကောက်မည်ပြင်ဆဲ အဂ္ဂါက ပျာပျာသလဲ သွားကောက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ငုံ့ကောက်လိုက်တော့ ပဝါလေးက လွင့်သွားပြန်သည်၊ သူက အပြေးအလွှားလိုက်ကောက်ရပြန်သည်။ အဂ္ဂါရဲ့ ဟိတ်ဟန်တွေဟာ ဘယ်ကိုပျောက်ဆုံးနေသည်မသိ၊ လူငယ်ပီပီ သွက်လက်ပေါ့ပါးနေသော သူ့ကို ငွေက အထူးအဆန်းသဖွယ်လှမ်းကြည့် သဘောကျနေမိပါသည်။

"မိတော့မယ်...မိတော့မယ်၊ ဟော မိသွားပါပြီရှင်"

ငွေက ဘောလုံးပွဲကြော်ငြာသူလို ရေရွတ်နောက်ပြောင်နေတာမို့ သူက ငွေ့ဆီပြန်လာကာ...

"ကဲ..ရော့..ဟာသလုပ်မနေနဲ့ ကောင်မလေး"

ငွေ့ခေါင်းကို တစ်ချက်လှမ်းပုတ်ရင်း ပြောလိုက်ပုံက တကယ့်ချစ်စနိုးဟန်တည်း။ ငွေသည် မျက်ဝန်းလေးတ ဖျပ်ဖျပ်လက်လျက် သူ့ကို စိုက်ခနဲငေးမိသွားရကာ...

"အဂ္ဂါက ခုလိုတော့လည်း ဟန်ပန်မလုပ်တတ်ဘူးနော်၊ မာနလည်းမကြီးဘူး သိလား"

"ဟာ ငွေက ကိုယ့်ကို အဲဒီလိုမျိုးထင်နေတာလား"

"အလျှင်တုန်းကတော့ နည်းနည်းထင်သလိုပဲ၊ ခုတော့ပဝါလေးကိုမရရအောင် ပြေးကောက်ပေးတဲ့စတိုင်လ် ကိုတွေ့ပြီး မထင်ရက်တော့ပါဘူး"



"ဘာကောင်မလေးလည်း မသိဘူးကွာ"

အဂ္ဂါက ပြုံးလျက်ပြောရင်း ငွေ့ကို နှစ်လိုစွာ ငေး ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

" ငွေရေ..."

" ဟေ..ဘာတုန်း...သတိုးရဲ့"

"ဟာ ထူးပုံကြီးကလည်းကွာ"

သတိုးက ငွေ့ထူးပုံကို ချက်နှာချုံ့မဲ့ရင်း ညည်းညူရှုတ်ချလိုက်ပါသည်။ ငွေတစ်ယောက်မှာ ခုနောက်ပိုင်း အင်္ဂလိပ်ကို လေးလေးစားစား စကားအတည် ပြောလာတတ်ပေမယ့် သတိုးကိုကျတော့ အမြဲ နောက်တီးနောက်တောက်လုပ်ဖို့ပဲ အားသန်နေတတ်ပါသည်။ သတိုးကိုဆို ငပေါကလေးလို သဘောထားနေသလားမသိပါ။

"ဘယ်လိုထူးထူး ထူးဖို့ပဲ အဓိက မဟုတ်လား၊ ပြောစမ်းကိုတ်"

"ဆော်ဖီသွားသောက်မလို့၊ အဲဒါ ငွေ့ကို အဖော်ခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ အဂ္ဂါရော မလိုက်ဘူးလား..."

"သူ့မှာ appointment တစ်ခုရှိတယ်၊ နင်ကလည်းဟာ အဂ္ဂါမပါရင် မျိုမကျတော့မယ့် အတိုင်းပဲ"

"ဟာ ဘလိုင်းကြီးပါလား သတိုးလေးရယ်...သူမပါရင် ငွေ မလိုက်ဘူးလို့ ပြောမိလို့လား..တယ်ခက်တဲ့ ကလေးပါလား..."

သတိုးသည် လွှတ်ခနဲပြောမိတာကို အနည်းငယ်ပြန် ရှက်သွားကာ....

"ငါကလည်း အဲဒီသဘောမပြောပါဘူး၊ ရုံးဆင်းတော့မယ်၊ နင့် အလုပ်တွေဖြတ်ထား၊ အဂ္ဂါက ပြန်လာတော့မှာ မဟုတ်ဘူး၊ အိမ်ပဲ တန်းပြန်မှာ..."

"ပြီးရော...ပြီးရော..."

ရုံးဆင်းဖို့ (၁၅)မိနစ်ပဲလိုတော့တာမို့ သတိုးက ဖိုင်တွဲသိမ်း၊ စစ်စရာရှိတာစစ်၊ ဖုန်းဆက်စရာရှိတာဆက်၊ Toilet ဝင်-ဘာဘာညာညာဝိစိကိစ္စတွေပြီးတော့၊ ငါးနာရီအတိ။ သတိုးက ကစ်ႏသော့ကိုလှမ်းယူပြီး ငွေ့ကိုကြည့်တော့ ငွေ ကလည်း အဆင်သင့်ဖြစ်နေပြီ။

ငွေနဲ့သတိုးက ရုံးခန်းထဲမှရှေ့ဆင့်နောက်ဆင့် ထွက်လာကာ ကားပါကင်ဆီသွားဆဲ..မီနီမတ်ကက်ရှေ့သို့ ကားတစ်စီးထိုးရပ်လာကာ



ထိုကားထဲမှ ခေါင်းတွေအများကြီး ငွေ့ဘက်ပြူလာပြီး....

"ဟိတ်...ငွေ ဒါ ဘယ်ကဘယ်လိုတယ်သူနဲ့သွားမှာလဲ ဘယ်က ပြန်လာတာလဲ.."

"မိန်းမ ပျောက်ချက်သားကောင်းနေလိုက်တာ၊တနင်္ဂနွေ လာမယ် ဆိုပြီး မလာဘူး၊ ဆင်ဒီတို့ အိမ်မှာ ဘတ်ဒေးပါတီရှိတယ် ဟ၊ နင့်ကို ဖိတ်ထားတယ် မဟုတ်လား"

"ငွေက ယူနီဖောင်းလေးနဲ့တော့...ဘာတွေစတန့်ထွင်မှန်းမသိ ပါဘူး"

ရှုပ်ယှက်ခတ်ဆူညံသွားသော အသံတွေကို သတိုး နားအူ သွားရပါသည်။ ဘာတွေလဲကွာ၊ ဒါတွေက ငွေ့ သူငယ်ချင်းတွေလား။

ငွေက မအူမလည် ရပ်ကလေးနှင့် သူတို့ကိုကြောင် ကြည့်နေကာ...

"ကျွန်မနာမည် ငွေ တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ရှင်တို့ သူငယ်ချင်း ငွေတော့ မဟုတ်ပါဘူး၊ လူမှားနေတာ ဖြစ်ပါ လိမ့်မယ်၊ သတိုး လာ သွားကြရအောင်"

ငွေက ခပ်ပြတ်ပြတ်ပြောပြီး ထွက်လာပေမယ့်လည်း နောက်မှာတော့ ဆူညံပွက်လောရိုက်ကျန်ခဲ့ပါသည်။ သတိုးက ငွေ့ကို ဇဝေဇဝါကြည့်နေတာမို့ ငွေက ရယ်မောလိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ သူငယ်ချင်းက ငွေနဲ့ နာမည်ကောလူပါတူရတယ်လို့များ သတိုးရယ်၊ ရယ်စရာကြီးနော်၊ ငွေ့မှာဖြင့် အဲဒီလို ဗရုတ်သုတ်ခ ယောင်ရှေ့သူငယ်ချင်းမျိုးတစ်ယောက်မှ မရှိပါဘူး"

"အေးလေကွာ၊ လူတူမရှား နာမည်ဟူမရှားဆိုတဲ့ စကားဟာ ငွေနဲ့မှကွက်တိလာဝင်နေသလား မသိပါဘူး"

သတိုးက ရှည်ရှည်ဝေးဝေးမစဉ်းစားတော့ဘဲ ငွေ့ကိုသာ ထောက်ခံဆွေးနွေးပေးလိုက်လေသည်။

## အခန်း (၂၁)

"သမီးရေ...သမီးသူငယ်ချင်းတွေဆီက ခုလေးပဲ ဖုန်းတွေ တဂွမ်ဂွမ်လာသွားတယ်၊ သမီးက သူတို့ကို ပုံမှားရိုက်သွားလို့တဲ့ သူတို့မျက်စိမှားစရာအကြောင်းမရှိဘူး။ သမီးမှသမီးပဲတဲ့၊ မေ့ကို လှမ်းတိုင်နေကြတယ်ညည်း ဘာတွေဗရုတ်ကျလိုက်ပြန်ပြီလဲ"

ငွေ အိမ်ပြန်ရောက်ရောက်ချင်း မေက ငွေ့သူငယ်ချင်းတွေ အကြောင်းဆီးပြောလေသည်။ ငွေ သူတို့နဲ့ အဲဒီပြဿနာကိုတော်တော် ငြင်းယူရဦးမည်။ ငွေသည် မေ့ပခုံးကို ခေါင်းနှင့် လှမ်းတိုက်လိုက်ရင်း....

"ဟဲဟဲ..ငွေက သူတို့ကို နောက်လာတာပါမေ့ရဲ့"

"နေရာတကာ နောက်နေလို့ မဖြစ်ဘူးနော်၊ ညည်းရဲ့ နောက်တီး နောက်တောက်အကျင့်ကို ဖျောက်ဦး၊ ဩော် ညည်းအမေဆီက

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာသွားတယ်"

"ဟုတ်လား မေ ဘာပြောသေးလဲ မေ၊ ငွေ့ကို ဘာပြောသေးလဲ၊ မေကရော ငွေ့အကြောင်းတွေ ဘာပြန်ပြောလိုက်သလဲ..."

"အသက်ရှူပါဦးအေး ပြောမှာပေါ့၊ မေကတော့ ငွေ့ အကြောင်းတွေအားလုံး ဖေကြီးကို တိုင်လိုက်တာပေါ့၊ ရှင့်သမီးရယ် ဘာတွေအရူးထမှန်းမသိဘူးလို့၊ ရုံးသွားရုံးပြန်ကိုလည်း ဘတ်စ်ကားပဲတိုးတိုးစီးနေတာ ဘာအဓိပ္ပာယ်လည်း မသိဘူးလို့"

"အဟိဟိ အဲဒီတော့ ဖေက ဘာပြန်ပြောလဲ"

"ညည်းအဖေက ညည်းဘက်ကပါအေ၊ ကောင်းတယ် ကောင်းတယ်၊ ဒါမှ ငါ့သမီးလူတွေနဲ့ နီးစပ်ပြီး အောက်သက်ကြေမှာတဲ့.."

"ဒါမှ ငွေ့ဖေဖေကွ"

"အေးပါ အေးပါ ဝမ်းသာနေပါ၊ ညည်းဖေဖေက ညည်းသူ့ဆီမှာ တစ်ပတ်လောက်လာနေပါဦးတဲ့"

"ဟင် ငွေ့မှာက အလုပ်တစ်ဖက်နဲ့"

"ခွင့်ယူသွားပေါ့ ငွေငွေရယ်"

"တစ်ပတ်ကြီးတောင် ယူရမှာဆိုတော့"



"ယူလို့မရရင်လည်း အလုပ်ထွက်လိုက်ပေါ့၊ သမီးဖေဖေက သိပ်မကြာခင်ပြန်လာတော့မှာပဲ၊ ကိုယ့်အဖေကုမ္ပဏီမှာ ပြန်ဝင်လုပ်လေ"

ငွေသည် မေ့စကားကို တိတ်တိတ်ဆိတ်ဆိတ်လေး စဉ်းစားနေမိပါသည်။ ငွေ ခွင့်တော့ယူရမှာပဲ။ ဘယ်လို အကြောင်းပြပြီး ယူရင်ကောင်းမလဲ။ ငွေ့မှာ ငရဲတွေလည်း ကြီးလှပါပြီ။ တော်ကြာ မေ က ဆင်းရဲလိုက်၊ သူများအလုပ် သမားဖြစ်လိုက်၊ ဖေက သူများဒရိုင်ဘာဖြစ်လိုက်၊ ငွေ့ပါးစပ်ထဲမှာ အမျိုးမျိုးဖြစ်နေကြသည်။ ဘုရား...ဘုရား ငွေတော် တော် ငရဲကြီးနေပြီ။

ငွေ တစ်နေ့တော့ ဖွင့်ပြောရတော့မှာပဲ။ နောက်ထားတဲ့ကိစ္စကြီးဟာ တစ်နေ့တော့ပေါ်မှာပဲ မဟုတ်လား။ တစ်သက်လုံး ညာသွားလို့လည်း ရတာမှမဟုတ်တာ။

"ကဲ ဘယ်လိုလဲ သွားမယ်မဟုတ်လား"

"ဟုတ် မေ သွားမယ်လေ၊ မနက်ဖြန်တော့ ငွေရုံးတက်ပြီး ခွင့်ယူမယ့်ကိစ္စပြောရဦးမယ်"

"အေး...အေး ဒါဆိုလည်း ညည်းဖေဆီ ဖုန်းပြန်ဆက်လိုက်ဦး"

"မေကော မလိုက်ဘူးလားဟင်"

"လိုက်လို့မဖြစ်ဘူးလေ ငွေရဲ့၊ သမီး ဘွားဘွားနေမကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတာ မေပဲ သွားသွားပြုစုနေရတာ။ သမီးဖေဖေကလည်း မေရှိနေလို့သာ သူ့အမေကို စိတ်ချနိုင်တာ မဟုတ်လား"

မေကတော့ ဖေ့အပေါ်တင်ချစ်မြတ်နိုးလှတာ မဟုတ်ဘဲ ဖေနောက်ကြောင်းအေးအောင် ယောက္ခမကို ပြုစုစောင့်ရှောက်ပေးတတ်ပါသည်။ သားအငယ်ဆုံး အိမ်မှာနေပေမယ့် သားကလည်း သိပ်ဂရုစိုက်နိုင်လှတာမဟုတ်တဲ့ အထီးကျန်နေတတ်သည့် ဘွားဘွားကို မေပဲ သွားသွားပြုစု နေရတာပါ။ ဘွားဘွားက အနည်းငယ်လည်း ဂျစ်ကျကာ ငွေတို့အိမ်ကိုတော့ လိုက်မနေ၊ သားငယ်ကလည်း ဂရုမစိုက် နိုင်တာမို့ မေပဲသွားနေရတာ ကရိုကထတော့ အများသားပင်။

"ဖေကတော့ မေ့ကိုလွမ်းနေတော့မှာပဲကွယ်"

"ကောင်မလေး အမေကို နှောက်စရာလား"

ငွေက မေ့ကိုနှောက်ဖြစ်အောင်နှောက်ခဲ့ပြီးမှ ဖေ့ဆီ ဖုန်းဆက်ရန် ထ,လာခဲ့ပါသည်။ မေတင်မဟုတ်ပါဘူး။ ငွေလည်း ဒီတစ်ပတ်အတွင်း တစ်စုံတစ်ယောက်ကိုလွမ်းနေရမှာကို ကြိုသိနေမိပါသည်။

## အခန်း (၂၂)

"ငွေ ခွင့်တစ်ပတ်လောက်ယူချင်လို့ပါ"

ငွေ့ခွင့်ပန်စကားကြောင့် သူတို့နှစ်ယောက်စလုံး ခေါင်းတွေတော်လာကာ အဂ္ဂါက စ,တင်မေးခွန်းထုတ်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ ငွေ"

"ငွေ့ မေမေ နေမကောင်းလို့ပါ၊ ငွေ မေမေ့ကို ပြုစုချင်လို့ပါ"

ကန်တော့ပါ မေရေ ကန်တော့၊ ငွေက မေ့ကိုလှမ်းပြီးတောင်းပန်လိုက်မိပါသည်။ ငွေ့မှာ နောက်တောက်တောက်လုပ်နေကနေ အစပြုပြီး ဇာတ်လမ်းရှည်ဝေးကာ တစ်မျိုးပြီးတစ်မျိုး လိမ်လည်နေရတာကို စိတ်ညစ်လှပါပြီ။ ငွေ စက်ဘူကပြန်လာလျှင်တော့ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောလိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ယူလေ ငွေ၊ လခကြိုထုတ်သွားလိုက်၊ တခြား အကူအညီလိုတာရှိရင်လည်းပြော၊ ငွေ့ လိပ်စာပေးခဲ့ဦးလေ တို့လာမေးရအောင်.."

"မလာပါနဲ့ ရပါတယ်၊ ငွေတို့က သူများအိမ်နောက်မှာ နေရတာ"

"ဟာ အဲဒါဘာဖြစ်လဲ၊ ငွေ အဲဒီလို အားငယ်စကားတွေ မပြောစမ်းပါနဲ့ကွာ"

ငွေက သူတို့ကိုလိပ်စာပေးခဲ့ဖို့ ခက်ခဲနေပါသည်။ ငွေ့ အလုပ်လျှောက်တော့လည်း လိပ်စာကို တိတိပပရေးထားခဲ့တာ မဟုတ်ပါ။ သူတို့ သေသေချာချာ မကြည့်လို့သာ မရိပ်မိတာပါ။

"ဟို ငွေက ဒီရက်ပိုင်းအတွင်း ရန်ကုန်မှာ ရှိမှာမဟုတ်ဘူး သတိုးရဲ့၊ ငွေ့ မေမေက သူ့ဇာတိ နယ်ကို သွားချင်တယ်ဆိုလို့ လိုက်ပို့ရမှာ"

"နေမကောင်းတဲ့သူက ခရီးသွားဦးမလို့လား"

"လူက အရမ်းကြီးနေမကောင်းနေတာ မဟုတ်ပါဘူး၊ နယ်က ဘွားဘွားကိုလွမ်းတဲ့စိတ်လည်း ပါတာပေါ့၊ မေမေနဲ့ ဘွားဘွားက သိပ်ချစ်ကြတာ၊ သူတို့နှစ်ယောက်တွေ့ကြရင် မကြာပါဘူး မေ နေကောင်းသွားမှာပါ"



အဲဒီနေ့က အဂ္ဂါရော သတိုးပါ ငွေ့အတွက် စိတ်မကောင်း ကြပါ။ ငွေ့ မေမေအတွက် အဘွားအတွက် စားသောက်စရာ တွေကို သတိုးကသွားဝယ်လာသည်။ အဂ္ဂါကလည်း စိတ်ပူပန်စွာပင် အားဆေးတွေ ဝယ်လာပေးခဲ့သည်။ ငွေ့မျက်နှာလေး အားတုံ့အားနာ ပျက်ယွင်းနေတာကိုတွေ့တော့ပိုလို့တောင် ကရုဏာသက်မိကြ ပါသေးသည်။

ငွေ ပြန်ခါနီးတော့ သတိုးက ငွေ့နားပေါက်ကလေးကို ဖျတ်ခနဲခိုးကြည့်မိရင်း...

"ငွေ.."

"ပြောလေ သတိုး"

"ဟို ငွေ့ကိုပေးချင်တာလေး တစ်ခုရှိလို့"

"ဘာများလဲ အထူးအဆန်း"

သတိုးသည် မနေနိုင်၍စကား စ,မိပြီးမှ သွားခါနီး ငွေ စိတ်အနှောင့်အယှက်ဖြစ်မည်ကို စိုးစွာ...

"ငွေသွားပါ၊ ပြန်လာမှပဲပေးတော့မယ်"

"ဒါဆိုလည်းပြီးရော ရှင်"

ငွေ ခွင့်ယူသွားသည့်တစ်ပတ်အတွင်းမှာတော့ သတိုးနဲ့အဂ္ဂါ တို့ဟာ တစ်ယောက်တစ်မျိုးစီလွမ်းဆွတ်လျက် ကျန်ရစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါက ခါတိုင်းထက်ပို၍တိတ်ဆိတ်နေပြီး ငွေဆိုင်ခဲ့သည့်နေရာလေးကို မကြာခဏခိုးငေးလျက် သတိုးကတော့ ပြကွ်ဒိ ခဏခဏကြည့်ကာ ချောက်ကပ်ကျန်ခဲ့သော ရုံးခန်းထဲမှာမနေတ မထိုင်တတ်ဖြစ်လျက်။ ညနေရုံးဆင်းချိန် ရောက်လျှင်တော့ ငွေနှင့်အ ထိုင်ဖူးသည့်ကော်ဖီဆိုင်လေး ထဲမှာ ငွေကြိုက်သည့် Blue mounta ကော်ဖီတစ်ခွက်ကို စမ်းသောက်လျက်...

## အခန်း (၂၃)

ငွေ ခွင့်ယူသွားခဲ့ပြီး (၆)ရက်မြောက်နေ့တွင် ဖြစ်သည်။

သတိုးနဲ့အဂ္ဂါသည် ပြည်ပသို့ပြန်မည့် မိတ်ဆွေတစ်ဦးကို လိုက်ပို့ရန် လေဆိပ်သို့အတူတကွ ရောက်လာခဲ့ကြပါသည်။ သူတို့မိတ်ဆွေလိုက်ပါသည့် လေယာဉ်ထွက်ခွာသွား ပြီးနောက် လေဆိပ်ခန်းမထဲသို့ ပြန်ဆင်းလာချိန်တွင် သတိုးက ငွေကို သတိတရဖြင့်...

"ငွေတောင် နယ်ကပြန်ရောက်ပြီလား မသိဘူး၊ မနက်ဖြန်ဆို သူ့ ခွင့်ရက်စေ့ပြီ၊ သူမရှိတော့လည်း ခြောက်တပ်ကပ်ကြီး ကွ...နော်"

သူတို့စကားတပြောပြောဖြင့် လျှောက်လာဆဲ... "ပြည်ပဆိုက်ရောက်" ဘက်သို့ အမှတ်တမဲ့လှမ်းကြည့်မိသောအခါ ငွေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်ရပါသည်။

"သတိုး ...ဟိုမှာ ...ငွေ"

"အေး...ငါမြင်တယ် အဂ္ဂါ"

ဒီတစ်ခါတော့ သူတို့သိပ်မအံ့သြကြတော့ပါ။ ငွေနဲ့ ပတ်သက်ပြီး မသင်္ကာဖြစ်ရတာလည်းအခါခါ။ ပြန်လည်ယုံကြည်ခဲ့ရတာလည်းအခါခါ။ ခုတစ်ခါတော့ ငွေဘယ်လိုရှင်းပြပြ သူတို့ မယုံနိုင်တော့ပြီ။

ငွေသည် ဈေးအတော်ကြီးမည့် နေကာမျက်မှန်အနက်ကို တပ်ထားသည်။ ဆင်စွယ်ရောင် ဘောင်းဘီရှည် ပွပွကလေးနှင့် ကုတ်အင်္ကျီအနက်ကလေးကိုဝတ်ကာ လည်စီးပဝါဖြူဖြူလေးစည်းထားသည်။ ခုံမြင့်ရှူးဖိနပ်အနက်ကလေး တခေါက်ခေါက်နှင့် လက်ဆွဲအိတ်ကို တွန်းလှဲမေါ်တင်တွန်း လာပုံကို သူတို့ငေးကြည့်နေမိခဲ့ကြပါသည်။

"ငွေဟာ လုံးဝ ဆင်းရဲတဲ့မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ သူ ငါတို့ကို တစ်ချိန်လုံး လိမ်ညာနေခဲ့တာ၊ အဲဒါကို ငါယုံသွားပြီး သတိုး"

အဂ္ဂါက အေးစက်စွာ ပြောလေသည်။ တဖြည်းဖြည်း နီးလာတော့ သူတို့နှစ်ယောက် မတိုင်ပင်ဘဲ ငွေ့ရှေ့သို့ထွက်ရပ်လိုက်ကြပါသည်။



"ဟယ်..နင်တို့"

ငွေသည် ကိုယ့်ရှေ့မှောက်သို့ ဖြုန်းခနဲ ရောက်လာသော ကိုယ်လုံးသိုင်းဝိုင်းသည်... ကိုယ်လုပ်စားထားသည့် လူနှစ်ယောက်ကို အတွေ့တွင် လန့်ဖျပ်တုန်ရင်သွားရသော်လည်း အချိန်မီပြုံးပြလိုက်ရင်း...

"အဟင်း..ဘယ်တဘယ်လိုရောက်လာကြတာလဲ ဟင်"

"ဒါ ဘယ်ကပြန်လာတာလဲ ငွေ"

"ဟို...စက်ဘ်ပူက"

"သြော်...သြော်...ကဲ လာပါ ဒေါ်ငွေကြေးမုံ၊ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ၊ ဘယ်လို စကားလုံးတွေနဲ့ဆက်လက် လိမ်ညာဦးမယ်ဆိုတာ ကြားချင်သေးလို့ပါ"

အဂ္ဂါက ခပ်တည်တည်ပြောပြီး ရှေ့ကလှည့်ထွက်သွားသည်။

"ကဲ သွားလေ"

အဂ္ဂါနှင့်သတိုးက ငွေ့ကို တစ်ဖက်တစ်ချက်မှ ရံကာ သူတို့ကားဆီခေါ်ဆောင်လာပါသည်။ ငွေက မေ့ဆီကြိုတင် အကြောင်းမကြားဘဲ ဖြုန်းခနဲ အိမ်ပြန်ချသွားပြီးမှ မေ့ကို စ,နောက်ဖို့ ကြံထားတာမို့ အိမ်က ကားလာမကြိုတာကပဲ ခပ်ကောင်းကောင်း။ နောက်မို့ဆို သူတို့လုပ်ပုံနှင့် ခက်ဦးမည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ငွေသည် ခုလိုတော့ဖြင့် သူတို့နှစ်ယောက်ကို ကြောက်ကာ စကားမများရဲ။ ကားနောက်ခန်းမှသာ ခပ်ကုပ်ကုပ်လေး ဝင်ထိုင်လိုက်ပါသည်။

သူတို့မျက်နှာတွေက အင်္ကျီကော်ထားသလို တင်းနေသည်။ သတိုးက မျက်ခုံးနှစ်ခုကို တအားကုပ်ထားပြီး အင်္ဂါက နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ငွေ့မှာ လူဆိုး တွေပြန်ပေးဆွဲလာသလိုမျိုး မလှုပ်မယှက်ငြိမ်ထိုင်ရင်း သူတို့ အရိပ်အကဲကိုသာ ကြည့်လာရပါသည်။ ငွေ့စိတ်ထဲမှာတော့ သူတို့ကို နှစ်သိမ့်ချော့မော့ပေးဖို့ စကားလုံးတွေကို အသည်းအသန်စဉ်းစားနေရသည်။ ဒီအခြေအနေမှာ ရှေ့ဆက် လိမ်ညာဖို့သော့ စကားလုံးမကျန်တော့ပါ။ သူတို့ကလည်း ယုံမှာမဟုတ်။

"ဒီနားက အိုအေစစ် စားသောက်ဆိုင်ကို ဝင်လိုက်မယ် သဘောတူပါသလား သူဌေးမလေး"

"တူပါတယ်"

သတိုးက ခပ်ငေါ်ငေါ်မေးပြီး ကားကို လမ်းသွယ်ထဲ ချိုးကွေ့ဝင်လိုက်ပါသည်။ သူတို့နှစ်ယောက် အကျင့်စရိုက် မတူပေမယ့် ခုလို ငွေ့ကို စိတ်ဆိုးဖို့ကြတော့ တက်ညီလက်ညီ ရှိကြပါလေသည်။

အိုအေစစ်ထဲ ဝင်လာတော့ သူတို့က ငွေ့ကိုလည်း မခေါ်ဘဲ တစ်ယောက်တစ်နေရာစီသွားထိုင်နေသည်။ ငွေက ဘယ်လိုက်ထိုင်ရမှန်းမသိဘဲ အူကြောင်ကြောင်ရပ်ကျန်ခဲ့ရပါသည်။

ငွေ့မှာ တစ်ခါထည်းနဲ့ပြောလို့မပြီး။ တစ်ယောက်တစ်ခါ လိုက်ပြောနေရဦးမည်။ ငွေကလည်း ငွေ့အမှားနှင့်ငွေမို့ စိတ်ပြန်မကောက်ရဲပါ။ ငွေသည် ပထမဦးဆုံး သတိုးဆီသို့ ဦးတည်လိုက်သည်။ သတိုးက သဘောကောင်းကောင်း စိတ်ပျော့ပျော့မို့ ကြာကြာချော့ရမည် မထင်ပါ။ အင်္ဂါကိုတော့ အချိန်ယူချော့ရမှာမို့ နောက်ဆုံးမှ ချော့တော့မည်။

"သတိုး"

www.burmeseclassic.com

www.burmeseclassic.com



ငွေ…သတိုးရှေ့မှာဝင်ထိုင်တော့ သတိုးက မှုန်ကုပ်ကုပ်လုပ်ကာ မျက်နှာလွှဲနေသည်။ ငွေ့ကိုလည်းမကြည့်။

"သတိုး ငွေ့ခေါ်နေတယ်လေဟယ်၊ အဲဒီလို မနေစမ်းပါနဲ့ ကလေးဆိုးကြီးစိတ်ကောက်နေတာနဲ့တူတယ်၊ သတိုးက ကလေးလား"

"ကလေးမဟုတ်လို့ နှင့်လုပ်ပုံကို စိတ်တိုနေတာပေါ့၊ အရူးလုပ်တဲ့နေရာမှာတော့ စံပြပဲ၊ တကယ့်ကို ချီးကျူးပါတယ် ဒေါ်ငွေ ကြေးမုံရယ်၊ နင့်ကို သနားရတာ အရူးကြီးကျနေတာပဲ၊ ခုပြန်တွေးရင် ခုဒေါသဖြစ်တယ်၊ ငါတို့ကို ငပေါကြီးလုံးလုံးဖြစ်အောင်နင်လုပ်နေတာ၊ ပြောစမ်းပါဦး၊ ဘာရည်ရွယ်ချက်နဲ့ လုပ်တာယ်ဆိုတာ.."

" ဆိုးဝါးတဲ့ ရည်ရွယ်ချက်တော့ မရှိပါဘူး၊ ငွေက နောက်ချင် ရုံသက်သက်ပါပဲ သတိုးရယ်"

"အေး ဒါပေမယ့် နင် နောက်နေတာကို ငါက သနားနေရတယ် စာနာနေရတယ်၊ ဘယ်လောက်ရယ်စရာကောင်းလဲ၊ ဒါကို နင်ကကွယ်ရာမှာ ဟားတိုက်နေမှာပေါ့"

"ငွေတောင်းပန်ပါတယ် သတိုးရယ်၊ ငွေက သတိုးတို့ကိုလည်း ခင်လို့ပါ"



"ခင်ရင် နောက်ရောလား၊ ကြောက်စရာကြီးပဲ၊ နင်နောက်တာက လည်း တော်တော်ပြောင်မြောက်ပါတယ်၊သူ့ငွေသမီးဘဝကနေ ဘတ်စ်ကားတိုးစီးလိုက်၊ အမေကိုဆင်းရဲခိုင်းလိုက်၊ အဖေကို ဆင်းရဲခိုင်းလိုက်၊ ဒီကြားထဲ နားပေါက်ကလေးတောင် ဟောင်းလောင်းလေးလုပ် ထားလိုက်သေးတယ်၊ ကိုယ့်ကိုကိုယ် ဒုက္ခခံပြီးမှသူများကိုနောက်ရတယ်လို့ ခုမှပဲကြုံဖူးတယ်၊ ဆိုစမ်းပါဦး –အခုကော ဘယ်ကဘယ်လို နိုင်ငံခြားရောက်သွားတာလဲ ဆိုတာ.."

"ဖေက စက်ာပူမှာ အလုပ်လုပ်နေတာ၊ ငွေက မေ့ဆီ အလည် သွားတာ"

"ဩော်..ဩော် ဒါနဲ့ ကျုပ်တို့ ခင်ဗျားအမေဖို့ ပျားယီး ပျားယာ ဝယ်ပေးလိုက်တဲ့ မုန့်တွေကော ဘယ်အမှိုက်ပုံးထဲလွှင့်ပစ်ခဲ့လဲ"

"မလွှတ်ပစ်ပါဘူး၊ စားဖို့ပဲ ယူသွားတာပေါ့၊ သတိုးနော် ငွေ့ကို ကပ်သီးကပ်သပ်တွေ လျှောက်မမေးနဲ့၊ ဒါ အခု သတိုးက စိတ်ဆိုးနေတာပေါ့၊ ငွေ့ကို ဒေါသဖြစ်နေတာပေါ့ ဟုတ်လား.."

"ဒါမေးစရာလား…ဒီလောက်ပြောနေဆိုနေရတာ အာပေါက်တော့ မယ်။ ဒေါသဖြစ်နေတယ်ဆိုတာ အလိုလိုမသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဩော် သတိုးလေးက ဒေါသဖြစ်နေရှာတာကိုး သနားပါတယ်။ ကျွတ် ကျွတ် ကျွတ်၊ ငွေက သတိုးဆိုတာ စိတ်ဆိုးတတ်တဲ့သူ မဟုတ်ဘူးလို့ထင်ထားတာ၊ ခုတော့ ငွေ အထင်မှားပါပေါ့"

သတိုးက ငွေနဲ့ပြိုင်ပြောမနေတော့ဘဲ တစ်ဖက်လှည့် ကာ ထိုင်နေလေသည်။

ငွေသည် စားပွဲပေါ်သို့တံတောင်ဖြင့် ထောက်ကာ ကိုယ်တိုကိုင်းညွတ်လျက် သတိုးကို ကြည့်ရင်း...

"သတိုး စိတ်ဆိုးနေသည် ငွေ ချော့၍ မရပါ၊ သတိုး ဗိုက်ဆာနေ၏၊ မုန့်ကျွေးလျှင် ပျော့နိုင်ပါသည်"

ငွေသည် ကလေးစာအံသလို တတွတ်တွတ်ရွတ်ရင်း ငွေ့အိတ်ထဲက ချောကလက်ကလေးကိုထုတ်၍ သတိုးကို ကမ်းပေး လိုက်ပါသည်။ သတိုးက ကြာကြာမျက်နှာ မတည်နိုင်ဘဲ မသိမသာ ပြုံးစိစိ ဖြစ်လာသည်။

"သတိုး ပြုံးချင်နေသည်၊ မပြုံးနိုင်ဘူးလား၊ အိုက်တင်ခံနေ၏ စိတ်မပုပ်လျှင် ပြုံးနိုင်ပါသည်။"

သတိုးမျက်လုံးတွေ ရယ်မြူးရိပ်သမ်းလာတာမို့ ငွေက အားတက်လာကာ...



"ကဲ ပြုံးချင်နေတယ် မဟုတ်လား၊ ငွေ့ကို မမုန်းရင် ပြုံး လိုက်တော့"

သတိုးသည် ဖျတ်ခနဲပြုံးမိသွားရရင်း ငွေ့ပုံစံလေးကို ချစ်စနိုးစိတ်ဖြင့် ငေးကြည့်မိပါသည်။ သိပ်ချစ်ဖို့ကောင်းတဲ့ ငွေကလေး။ ခဏတဖြုတ်စိတ်ဆိုးမိပေမယ့်လည်း ဒင်းကလေး ကိုတော့ ပစ်ပစ်ခါခါ မမုန်းရက်နိုင်ပါ။ ငွေ ဘာလုပ်လုပ်ခွင့် လွှတ်ဖို့ အသင့်ရှိသည်ဆိုတာ ကိုယ်တိုင်သေချာနေခဲ့ပြီ။

"နောက်ဆုံးတော့လည်း ပြုံးရတာပဲ မဟုတ်လား သတိုးရယ် စကတည်းက စိတ်မဆိုးဘဲ နေလိုက်ပါတော့လား၊ ကဲ အချိန်မရှိဘူး၊ ဟိုဘက်က ကောက်တေးကို ချော့ရဦးမယ်၊ သူ့ကိုချော့ရတာတော့ တော်တော်ခက်မယ်။ ဩော် ငွေပြန်လာရင် လက်ဆောင်ပေးမယ်လို့ပြောထားတာ ဘာလဲဟင် ဘယ်တော့ ပေးမှာလဲ"

သတိုးက ငွေ့ရဲ့နားရွက်ကလေးဆီလှမ်းကြည့်လိုက် မိပါသည်။ နီလာလုံးချောလေးကို စိန်ပွင့်လေးတွေ ဝိုင်းရံထားသည့်နားကပ်ကလေးက ငွေ့နားရွက်ဖျားမှာတင့်တယ်နေခဲ့ပြီး မလိုတော့ပါဘူး ငွေရယ်။

"ပြောလေ သတိုး၊ ဘာလဲ မပေးချင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် အသုံးမဝင်နိုင်တော့ပါဘူး ငွေရယ်"

"ပြီးတာပဲ၊ မပေးလည်းနေ"

ငွေက သတိုးကိုထားခဲ့ကာ အဂ္ဂါဆီခြေဦးလှည့်လိုက်ပါသည်။ အဂ္ဂါက ဟိုးအောက်ဘက်ကန့်စပ်နားက တံတားလေးပေါ်ကို ရောက်နေလေပြီ။

အေးစက်စက် အဂ္ဂါ့မျက်နှာကငွေ့ကို နှာကျင်စေ ပါသည်။ သူက သတိုးလို ပြုံးပြုံးရောမွေ့ပျောက်လွယ်တာ လည်း မဟုတ်၊ ငွေ့ကို အညိုးတကြီး နာကြည်းမုန်းမျက်နေမှုဖြင့်....

"အဂ္ဂါ"

"ဘယ်လိုလိမ်ညာဖို့ ကြံစည်ပြီးပြီလဲ ငွေ၊ ဆိုပါဦး၊ ပြောင်မြောက်တဲ့ စကားလုံးတွေကို ကိုယ် နားထောင်ကြည့်ချင်လို့ပါ"

"ငွေ့ကိုစိတ်မဆိုးပါနဲ့ အဂ္ဂါရယ်၊ ငွေက အဂ္ဂါတို့ နှစ်ယောက်ကို နောက်ရင်းက ပြန်ဖြည်လို့မရတော့ဘဲ ဆက်နောက်နေမိတာပါ"

"ကိုယ့်ထက်တောင်ချမ်းသာဦးမယ့် သူဌေးသမီးကို ခိုင်းမိတာတွေအတွက် ကိုယ်အားနာပါတယ်"

"အဲဒီလို ခနဲ့တဲ့တဲ့တွေ မပြောပါနဲ့ အဂ္ဂါရယ်၊ ငွေသိတယ်၊



အဂ္ဂါက စိတ်ပိုဆိုးလိမ့်မယ်ဆိုတာသိလို့ နေ့ခက်ဆုံးမှ အချိန်များများပေးပြီးချော့မယ်ဆိုပြီး စိတ်ပြေလွယ်တဲ့ သတိုးကို အလျင်ချော့လိုက်တာ၊ ထင်တဲ့အတိုင်းပဲ.."

"ချော့တယ်ဆိုတဲ့စကားကို မသုံးပါနဲ့ငွေ ကိုယ်မိန်းမကြီး မဟုတ်ဘူး၊ ချော့စရာမလိုပါဘူး"

ငွေသည် အဂ္ဂါရှေ့ကျတော့ သတိုးရှေ့မှာလို စကားလုံးသွက်သွက်ထွက်မလာပါ။ သူ့ကိုသာ မျက်နှာငယ်လေးဖြင့် ကြည့်နေမိပါသည်။

အဂ္ဂါရယ် ငွေ အဂ္ဂါကိုချစ်နေတာ အဂ္ဂါမသိဘူး မဟုတ်လားဟင်။ ငွေ့ကို ဒီလိုမဆက်ဆံပါနဲ့။

အဂ္ဂါသည် မျက်နှာငယ်လေးထံမှ မျက်နှာလွှဲလိုက်မိပါသည်။ ဒီလို မျက်နှာငယ်လေးနဲ့ပဲ လူတကာသနားအောင် သရုပ်ဆောင်သွားပုံက ပြောင်မြောက်ပါပေတယ် ငွေရယ်။

"ကိုယ် ငွေ့အတွက် အကောင်းဆုံးဖြစ်အောင်စဉ်းစားထားတာ တစ်ခုရှိတယ်ငွေ၊ အဲဒါက ငွေအလုပ်ထွက်လိုက်ဖို့ပဲ၊ ကိုယ်တို့ဆီမှာ လာပြီး အပင်ပန်းခံမနေပါနဲ့တော့"

"အဂ္ဂါက ငွေ့ကိုအလုပ်ထုတ်တာလား"

"ထုတ်သင့်လို့ပါ၊ ငွေ့အတွက်ပိုကောင်းသွားမှာပါ..."

www.burmeseclassic.com

www.burmeseclassic.com



ငွေက ဝဲလာသည့်မျက်ရည်တွေကို မျက်တောင်တ ဖျတ်ဖျတ်ခတ်၍ ဖုံးကွယ်ပစ်လိုက်ပါသည်။

"ကောင်းပြီလေ ဒါဆိုလည်းပြီးတာပါပဲ၊ ငွေ့ကို အင်္ဂါတို့ ဘယ်တော့မတွေ့စေရပါဘူး"

ငွေက အင်္ဂါကိုဖျတ်ခနဲကျောခိုင်းလိုက်ပါသည်။ သူ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေဝဲနေတာ ငွေ မသိတာလိုက်လို့ သူ ငွေ့ကိုသံယောဇဉ်မပြတ်နိုင်ပါဘူးဟု ငွေကအလိုလို သိနေပါသည်။

" ငွေ "

" ဘာလဲ "

" ခဏနေဦး "

ငွေ့ခြေလှမ်းတွေကို ရပ်ပစ်လိုက်တော့ အင်္ဂါက ငွေ့ နောက်မှာရပ်လျက်...

"ဒါ တကယ်ပဲ သွားတော့မယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ အင်္ဂါပဲနှင်နေတာ၊ ငွေ နောက်မိတာလေး ဖွေယူနေတာ၊ သတိုးကဆို အင်္ဂါလို မဟုတ်ဘူး၊ ငွေ့ ကို ခွင့်လွှတ်တယ်၊ အင်္ဂါလို အညိုးအတေးကြီးမနေဘူး"

"မင်းက ကိုယ်မပြောခင်ကတည်းက အလုပ်ထွက်ဖို့ စဉ်းစားပြီး သား မဟုတ်လား"



" ဘယ်သူကပြောလဲ "

"နေ ကိုရှိသက်သက်ဝင်နေတဲ့အလုပ်မှာ ဘယ်သူ့ဒွေးသမီးတ အကြာကြီး နေချင်ပါ့မလဲ ငွေ"

" ဘယ်သူပြောလဲ "

"ကိုယ်က မင်းပြောဖို့ ခက်နေမှာစိုးလို့ ဝင်ပြောလိုက်ရတာပဲ ငွေ၊ သွားပါ မင်းဆန္ဒအတိုင်းပဲ သွားပါ"

"ဘယ်သူပြောလဲ ဘယ်သူပြောလဲ...သွားချင်တဲ့ ဆန္ဒရှိတယ်လို့ ဘယ်သူကပြောသလဲ"

ငွေသည် စူဆောင့်အောင့်၍ ပြောရင်း အင်္ဂါကို မျက်နှာချင်းဆိုင်လိုက်လေသည်။ ဘုရားရေ ခုတော့လည်း သူ့မျက်နှာက အင်္ဂတေကိုင်ထားသလို မဟုတ်ဘဲ ပျော့ပျောင်းနေလို့ပါလား။ သူက ငွေ့ကို နူးညံ့နွေးထွေးသော မျက်ဝန်းများဖြင့် ငုံ့ကြည့်ရင်း...

"အမှန်အတိုင်းပြောရရင် ကိုယ် ငွေ့ကို မခွဲနိုင်ပါဘူး၊ ကိုယ့် ရင်ခွင်ထဲမှာပဲ အပိုင်သိမ်းထားချင်ပါတယ်"

ငွေသည် ဖျတ်ခနဲရှက်ရွံ့ရင်ခုန်သွားရကာ သူ့မျက်ဝန်း တွေထံမှ လွှဲဖယ်လိုက်မိပါသည်။ စိတ်ဆိုးတယ်လည်းဆိုသေး ရည်းစားစကားလည်းပြောသေး...

"သိမ်းထားခွင့်ရမလား ငွေ"

www.burmeseclassic.com

www.burmeseclassic.com



ငွေက မျက်လုံးလေးတွေ မှေးပိတ်သွားအောင် ရယ်ရှ လိုက်ရင်း...

"သိမ်းမထားပါနဲ့၊ အလုပ်ရှုပ်နေပါဦးမယ်၊ ငွေ့ဘာသာ သေးသေးလေးဖြစ်အောင်ကျုံ့ပြီး အဂ္ဂါ စားပွဲပေါ်က ပန်း အိုးလေးထဲ ဝင်နေမှာပေါ့..."

"ဟာ...ငွေ၊ တကယ်လား"

ငွေက ခေါင်းညိတ်ပြလိုက်ရင်း သူ့ရှေ့မှပြေးထွက် လာခဲ့မိပါသည်။ ချစ်တဲ့စိတ်ကိုလည်း အကြာကြီးသိမ်းမထား နိုင်ပါဘူး အဂ္ဂါရယ်။



ငွေနဲ့အဂ္ဂါတို့ရဲ့ ချစ်သူ့ဘဝသည် မျှော်လင့်ထားတာ ထက်ပင် ပို၍ချိုမြိန်နေခဲ့ပါသည်။ ငွေသည် အဂ္ဂါထံမှ ကြင်နာ ယုယမှုများ မြတ်နိုးတန်ဖိုးထားမှုများကို တပွေ့တပိုက်ရရှိခဲ့ရသည်။ အဲဒီ အချိန်တွေမှာ သတိုးရဲ့ သံယောဇဉ်တွေကို ငွေက မေ့လျော့နေခဲ့ မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ငွေနဲ့အဂ္ဂါတို့ ချစ်သူဖြစ်ပြီးနောက်။ တစ်ညနေ ...းဆင်းချိန်တွင် ညနေစာအတူစားရန် သတိုးမသိအောင် တိုးတိုး ...တိတ်တိတ်ထွက်ဖို့ ကြံစည်မိကြပါသည်။

စားပွဲပေါ်ခေါင်းစိုက်ကာ အလုပ်ရှုပ်နေသော သတိုး ...မြင်အောင် တစ်ယောက်နဲ့တစ်ယောက်မျက်ရိပ်ပြရင်း ငွေက ...ခြေဖွနင်းကာ အဂ္ဂါက ဟိုလိုလိုဒီလိုလို လမ်းလျှောက်ရင်း ...သိမသာထွက်ခွာဖို့ စ,တင်လိုက်သည်။ မသိစေချင်ကာမှ ...လွယ်ထားသည့် စလင်းဘက်အိတ်က စားပွဲပေါ်က ဘောလ်ပဲန် ...ည့်သည့် ခွက်ကလေးကို တွန်းထုတ်လိုက်သလိုဖြစ်ပြီး အောက်ပြုတ် ...ကျကာ အသံဗလံတွေ ထွက်လာရပါသည်။ သတိုးက ပစ္စည်းတွေကို ...ိုင်းကောက်ပေးရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ငွေက အိတ်တွေဘာတွေတောင် လွယ်လို့ပါလား၊ ပြန်တော့မလို့လား"

"ဟုတ်တယ် ပြန်တော့မလို့"

"အိမ်ကကား လာကြိုမှာလား"

"မကြိုပါဘူး၊ ငွေ့ဘာသာပြန်မှာ"

"ဒါဆိုနေဦးလေ၊ ငါလိုက်ပို့မှာပေါ့၊ အိမ်ကကားက မေမေ ယူသုံးနေလို့ ထားခဲ့ရတာ၊ ညနေဟော့ ဒရိုင်ဘာနဲ့ လွှတ်ပေးမယ် ပြောတယ်"

"ငွေက အဂ္ဂါနဲ့ပြန်မှာ"

"ဩော် အဂ္ဂါက အခုပြန်တော့မလို့လား၊ ဒါဆို အတော်ပဲ ငါလည်း လိုက်ခဲ့မယ်၊ အိမ်က ကားက မှသေချာဘူး၊ ခုထိ မလာသေးဘူး"

"စောင့်ကြည့်ပါဦးလား သတိုးရဲ့၊ လာမှာပါ၊ လာရင်လွဲနေပါဦးမယ်..."

"ဟုတ်သားပဲ သတိုး၊ မင်းကားလာကြိုမှာကိုပဲ စောင့်နေလိုက်ပါလား"

"မင်းတို့က ဘယ်လိုလဲကွ၊ ငါ့ကို ပ,ထုတ်နေသလိုကြီးပါလား"

"မဟုတ်ပါဘူးကွာ၊ ငါနဲ့ငွေက သွားစရာလေးတစ်ခုရှိလို့ပါ"



"ဘယ်သွားမှာလဲ၊ ငါလိုက်ခဲ့လို့မရဘူးလား"

"ဖွတ်ကြီးပဲကွာ"

"ငွေ နင်ကပါ ငါ့ကိုမလိုက်စေချင်လို့ ခွဲထုတ်နေတာလား"

"မဟုတ်ပါဘူး သတိုးရဲ့"

"ဘာမဟုတ်ရမှာလဲ ငွေ၊ ခုတလော နင်တို့ဘာဖြစ်နေရတာလဲ၊ တစ်ခုခုဆို ငါ့ကိုခွဲခြားခွဲခြားနဲ့၊ ဟိုကောင်အဂ္ဂါကလည်း အလျင်နဲ့ ကိုမတူဘူး၊ ခုမှပဲ ငွေ့ကို ဂရုစိုက်နေလိုက်ရတာ...ရိုးကို မရိုးသားဘူး၊ ငါ သိပ်ကြည့်လို့ မရဘူး"

"ဟ ဘလိုင်းကြီးပါလား"

"အေး ဘလိုင်းကြီးပဲ၊ ငါက ငါမြင်တာကိုပြောတာ၊ ငွေကလည်း တော်တော်အရိုးပြောင်းတယ်၊ သူ့ငွေ သမီးမို့ ဘဝင်မြင့်သွားတာလားတော့ မသိဘူး၊ ခုလည်း ငါ့ကိုထားပြီး တိတ်တိတ်လေး လစ်ထွက်ဖို့ ကြံစည်တာ မဟုတ်လား၊ ဒါ ဘာသဘောလဲပြော"

"အေး...အေး ဘာသဘောလဲဆိုတာ မင်းသိချင်ရင် ငါပြောပြမယ်၊ ငွေ ရှက်မနေနဲ့တော့ကွာ၊ ဒါ ရှက်စရာမှ မဟုတ်တာ၊ ပြောပြလိုက်တော့မယ်၊ မျက်နှာပူရင် ဟိုဘက်ခဏလှည့်နေ..."

ပြုံးစိစိ လိုလို ရှက်သလိုလို မျက်နှာထားဖြင့် တစ်ဖက်လှည့်ကာ ငြိမ်နေသော ငွေ့ကို လိုက်ကြည့်ရင်း သတိုး ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားခဲ့ပါသည်။ သူ လက်မခံနိုင်သော အဖြစ်အပျက်တစ်ခုဟာ
သူ့ဆီတည့်တည့်ဦးတည်လာနေခဲ့ ပြီ။ ရှောင်လွှဲလို့လည်းမရနိုင်။

အဂ္ဂါက ငွေ့ကို ငုံ့ကြည့်နေပြီးမှ ကြည်နူးပီတိဖြစ်နေ
သော မျက်နှာထားဖြင့် သူ့ကိုကြည့်ကာ...

"ငွေ့နဲ့ငါ ချစ်သူတွေဖြစ်သွားကြပြီ သတိုး၊ မင်းကို အစော
ကြီးကတည်းက အသိပေးမလို့ပါပဲ၊ ငွေက ရှက်နေသေးလို့
မပြောဘဲနေနေတာ၊ ကဲ ငွေ မရှက်နဲ့တော့ကွာ၊ ခေါင်းမော့
လိုက်တော့၊ သူငယ်ချင်းအချင်းချင်း ပွင့်ပွင့်လင်းလင်းရင်ဆိုင
စမ်းပါ"

ငွေသည် ပြုံးစိစိ မျက်နှာထားလေးဖြင့် ခေါင်းမော့
လာကာ...

"အတိုး ဟုတ်တယ် ငွေမရှက်တော့ပါဘူး၊ ငွေက အမြဲ
နောက်တောက်တောက်လုပ်နေမိတော့လေ၊ အခုလိုအတည်
ပေါက်ကြီး ချစ်သူ ရသွားတော့၊ နေရထိုင်ရ တစ်မျိုးကြီးပဲ
သတိုးရဲ့၊ ပျော်လည်းပျော်တယ်၊ တစ်ခါတစ်ခါကျကိုယ့်ကိုကိုယ်
ရယ်ချင်နေတာ"

"ကဲ သတိုး ရှင်းပြီနော်၊ ကိုယ်ချင်းမစာရင် ဝင်မလည်တော့
တယ်ကွ၊ ကဲ ငါတို့သွားပြီ..."



"သတိုး တာ့တာ"

သတိုးသည် ခုချိန်ကျမှ ကိုယ့်ကိုကိုယ်သေချာသွားကာ
ခေါင်းငိုက်စိုက်ကျသွားခဲ့ပါသည်။ ငွေ့ကို သူသိပ်ချစ်သည်။
လမ်းဘေးမှာ စ,တွေ့ကတည်းက ငွေဟာသူ့စိတ်ကို စ,တင်လွှမ်းမိုး
ခဲ့တာ ဖြစ်သည်။ ငွေ့ကို သူတို့နှစ်ယောက်ရှိ ရာသို့ ဆွဲခေါ်ခဲ့တာလည်း
သူကိုယ်တိုင်ပဲဖြစ်သည်။ ခုတော့ နှင်ထုတ်ချင်သူ အဂ္ဂါက ငွေ့အချစ်
ကို ရယူသွားခဲ့ပြီ...။

အဂ္ဂါရဲ့အချစ်ကို သူ မယုံကြည်ပေ။ အဂ္ဂါထံမှ အချစ်
တု အချစ်ယောင်တွေကို ငွေ ရရှိသွားမှာကို သူ အင်မတန်
ကြောက်ရွံ့မိပါသည်။

ငွေ့ကို တွေ့စကတည်းက အထင်သေး၊ အမြင်သေး
နှိမ့်ချခဲ့သော၊ ငွေ့အပေါ်အမျိုးမျိုးအပြစ်ရှာ တင်းမာခဲ့သော
အလုပ်ဖြုတ်ပစ်ဖို့ ဟန်တပြင်ပြင်ရှိခဲ့သော အဂ္ဂါရဲ့ အရိပ်တွေက
သူ ပြန်လည်မြင်ယောင်ရင်း ငွေ့အတွက် ပိုလို့သာ စိုးရိမ်
လာခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နောက်တစ်နေ့မှ စ,ကာ သတိုးသည် ငွေနဲ့အဂ္ဂါကြား မှာ အနှောင့်အယှက်တစ်ခုအဖြစ် အမျိုးမျိုးနှောင့်ယှက်ဖို့ ကြိုးစားလေသည်။

ငွေသည် သတိုးရဲ့အပြုအမူများကို နားမလည်နိုင် တော့ပေ။ အမှန်တကယ်တော့ သတိုးဟာ စိတ်ထားဖြူစင် ကြည်လင်သူ ဖြစ်သည်။ သူတစ်ပါးအပေါ်ကောက်ကျစ်စဉ်းလဲခြင်း အလျှင်းမရှိသော လူငယ်လေးလည်းဖြစ်သည်။ ကျည်ရိုင်းပင်းတတ်သော သနား သွာတာတတ်သော လူငယ်လေး လည်း ဖြစ်သည်။

ခုတော့ ရုတ်တရက်အပြောင်းလဲကြီး ပြောင်းလဲကာ မှုပ်မှုပ် ပေါ်စပ်အလုပ်များကို စ,တင်လုပ်ဆောင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်းတစ်ခုတွင် ဖြစ်သည်။ ရုံးခန်းထဲတွင် ငွေနှင့် အဂ္ဂါက ဣန္ဒြေရရစကားထိုင်ပြောနေဆဲ သတိုးက ရုံးခန်းထဲ ဝင်လာကာ....

"ကဲ ငွေရေ အားနေရင်ဒီအတိုင်းထိုင်မနေ နဲ့လေ၊ ဒီမှာ ရိုက်ဖို့စာတွေ တစ်ပုံကြီးပဲ၊ ရိုက်ပေးပါဦး။ ဒါ ဒီနေ့ပြီးမှဖြစ်မယ်။ အဂ္ဂါ မင်းကဒီအခန်းထဲမှာပဲ အချိန်ဖြုန်းမနေနဲ့ကွာ၊ အပြင်လေး ဘာလေးထွက်ဦးမှပေါ့။ ငါတစ်ယောက်တည်း ထွက်နေရတာ ဖားနေပြီ နားပါရစေဦး။ ကွန့်တိန့်နာတစ်လုံးထပ်ရောက်လာတာ မင်းသွားစစ်လိုက်ဦးလေ..။

"ကောင်းပြီလေ...ငါသွားလိုက်မယ်၊ ငွေ ကိုယ် သွားလိုက်ဦးမယ်"

" ဟုတ် " •

အဂ္ဂါက သတိုးကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်ပြီး လှည့်ထွက်သွားခဲ့လေသည်။

ငွေသည် သတိုးကိုမသင်္ကာပေ။ သတိုးဟာ ငွေတို့နှစ်ယောက်ကို မရှုစိမ့်နိုင်ဘဲ တမင်ဝေးကွာအောင်လုပ် နေသည်ဟု ခံစားလာရပါသည်။

အဂ္ဂါထွက်သွားတော့ သတိုးက ငွေ့ရှေ့မှာလက်ပိုက် ရပ်ကာ....



" ငွေ..."

" ဘာလဲ "

" လေသံက မာလိုက်တာဟာ "

"မာတာပေါ့ နင် ဘာဖြစ်လို့ ဗုပ်ပုပ်စပ်စပ်အလုပ်တွေ လုပ်နေသေးလဲ"

" ငါ ဘာလုပ်လို့လဲ "

"ငါနဲ့ အဂ္ဂါကို တမင်ခွဲထုတ်နေတာလေ.."

"ငါကနင့်ကို စိုးရိမ်လို့ပါ ငွေ"

"ဘာစိုးရိမ်စရာရှိလဲ၊ အဂ္ဂါက လူဆိုးကြီးလည်း မဟုတ်ဘူး"

"လူဆိုးကြီးမဟုတ်လို့ စိုးရိမ်တာပေါ့ ငွေ။ လူဆိုးအစစ်က သူဆိုးမှန်းလူတကာသိတယ်။ လူဆိုးအတုက သူတော်ကောင်းယောင်ဆောင်ပြီး၊ နောက်ကွယ်မှာကောက်ကျစ်နေတတ်တာ၊ အဲဒါမျိုးကို ပိုကြောက်ရတာ"

"နင်ပြောနေတာ ဘာသဘောတွေလဲ"

" ငါ အဂ္ဂါကိုမယုံဘူး ငွေ၊ ခုနေတော့ ငါ ဒါပဲပြောချင်တယ်။ နင်လည်းကြည့်ယုံပေါ့"

သတိုးထွက်သွားတော့ ငွေက ပခုံးလေးတစ်ချက်တွန့်ကာ ကွန်ပျူတာဆက်ရိုက်နေလိုက်ပါသည်။ ငွေကတော့ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော အဂ္ဂါကိုယုံတာပဲ။ ချစ်သူနှစ်ယောက်ကြားမှာ ယုံကြည်ခြင်းဟာ အဓိကကျသည်ဟု ငွေက ထင်သည်။

အဂ္ဂါက ငွေ့ကိုယုံနေသရွေ့၊ ငွေကအဂ္ဂါကိုယုံနေသရွေ့ ငွေတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ဘယ်အရာကမှမဖြိုခွင်းနိုင်။

သတိုးကတော့မလျော့ပေ...။

နောက်နေ့တွေမှာလည်း ငွေတို့ကို နှောင့်ယှက်ဖို့ တစ်နည်းမဟုတ် တစ်နည်းကြိုးစားနေခဲ့ပါသည်။ သတိုးရဲ့ စိတ်ထားဖြူဖြူလေး ဘယ်ရောက်သွားပါလိမ့်။ ငွေက နမြော လှပါသည်။ တကယ်ဆို ငွေက သတိုးကို အဂ္ဂါထက်တောင် သံယောဇဉ်ပိုခဲ့သေးတာပါ။ သူ့ကို ငွေ့ရဲ့အဖြူစင်ဆုံး၊ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်အဖြစ် အမြဲ ငွေ့နံဘေးမှာ ရှိနေစေချင်ပါသည်။

# အခန်း (၂၆)

နောက်တစ်နေ့ နေ့လယ်ထမင်းစားချိန်တွင် ဖြစ်သည်။ ငွေနှင့်အဂ္ဂါတို့က ရုံးခန်းရှေ့လမ်းမရဲ့ ဟိုဘက်ခြမ်းက စားသောက်ဆိုင်လေးမှာ အတူထိုင်ရင်း ထမင်းစားနေခဲ့ကြပါသည်။

အဂ္ဂါက ငွေ့ပန်းကန်ထဲ အရိုးနွှင်ထည့်ပေးနေဆဲ သတိုးက ဖြုန်းခနဲ ငွေတို့အနားသို့ ရောက်လာကာ...

"ဟာ မင်းတို့က ဒီရောက်နေကြတာကိုး၊ ဘာဟင်းတွေနဲ့ စားနေကြတာလဲ၊ ငါလည်း စားမယ်ကွာ၊ ငွေ ဟိုဘက် နည်းနည်းတိုး"

သူ့လုပ်ရပ်က ဝရုန်းသုန်းကား ဆန်လှတာမို့ ငွေက တစ်ဖက်သို့အမြန်ရွှေ့ထိုင်လိုက်ရပါသည်။ သတိုးက ငွေတို့ နှစ်ယောက်ကြားမှာ မျက်နှာပြောင်ပြောင်ဖြင့် ဝင်ထိုင်ရင်း၊ စားပွဲထိုးကို လှမ်းခေါ်ကာ ဟင်းတွေတစ်မျိုးပြီးတစ်မျိုး မှာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိုး ဘယ်လိုကြီးလဲကွာ၊ ဒီမှာ အေးအေးဆေးဆေး စားနေတာ၊ မင်း တမင် ဝင်နှောင့်ယှက်နေတာ အသိသာကြီးပဲ၊ သွားကွာ စားချင်ရင်လည်း ဟိုဘက်မှာထိုင်၊ ကြားထဲမှာ ကပ်သီးကပ်သပ်လာမထိုင်နဲ့"

"မင်းက ဘာဖြစ်နေတာလဲ ၊ ငွေဆောင် ဘာမှမပြောဘူး"

"ငွေက မပြောချင်လို့ကြည့်နေတာ"

"နင်ကပါ ငါ့ကို မကြည်ဖြူတာလား ငွေ"

"သတိုးကလဲနော်၊ မကြည်ဖြူတာ မဟုတ်ပါဘူးဟဲ့၊ နင်က ဗရုတ်သုက္ခလိုက်လုပ်နေတာကိုး စိတ်တိုတာပေါ့၊ နင်ပဲ ကိုယ်ချင်းစာကြည့်ပါဦး၊ ငါလည်း ငါ့ ချစ်သူနဲ့ ငါ အေးအေးဆေးဆေးနှစ်ယောက်တည်း တွေ့ချင်၊ စကားပြောချင်သေးတာပေါ့၊ တကယ်ပဲ၊ ဒါတွေပြောပြနေရတာ ရှက်တောင်ရှက်ပါရဲ့၊ ဒီလိုမှမပြောရင်လည်း နင်ကမှ အလိုက်မသိတော့ ခက်တာပေါ့"

ငွေ့ကိုမော့ကြည့်လိုက်သော သတိုးရဲ့မျက်ဝန်းတွေ ဟာ ငွေ အစိမ့်ပွါယ်မဖော်နိုင်သော အရိပ်အယောင်များဖြင့် ပြည့်နှက်နေပါသည်။

"ဒါဆိုလည်း အလိုက်သိရမှာပေါ့...ဆောရီး"



"ဟဲ့ ပြန်တော့မလို့လား၊ ဟင်းတွေမှာထားတယ် မဟုတ်လား"

"နင်တို့ စားလိုက်တော့၊ ပြီးမှ ကျသင့်ငွေ ငါပြန်ရှင်းပေးမယ်"

"သတိုးတစ်ယောက်ဟာ ဘာမှန်းကိုမသိဘူး"

ငွေကသာ ဘာမှန်းမသိပေမယ့် အင်္ဂါကတော့ သိပါသည်။ သတိုးအူတိုနေတာ အင်္ဂါရဲ့ငွေ့အပေါ်ထားတဲ့ အချစ်ကိုမယုံကြည်နိုင်တာ။ ဒါကြောင့်ပဲ အမျိုးမျိုးအနှောင့်အယှက်ပေးနေခဲ့တာ။

ယောကျ်ားချင်းမို့ သတိုးရဲ့နှလုံးသားကိုလည်း သူ လှမ်းမြင်ရပါသည်။ ငွေ့အပေါ်ထားတဲ့ သတိုးရဲ့သံယောဇဉ် ကိုလည်း သူမှန်းဆမိပါသည်။ သို့သော် သတိုးကို ငဲ့ညှာပြီး ငွေ့ကို မချစ်ဘဲနေဖို့အထိတော့ သူ့နှလုံးသားက အတ္တမကင်း စင်သေးပါ။

ငွေ့အပေါ်မကြည်မဖြူ ဆက်ဆံခဲ့တာတွေဟာလည်း သံသယတွေကြောင့်သာ ဖြစ်ခဲ့ရတာပဲ။ သံသယတွေကြားက ခေါင်းပြူလာတတ်တဲ့ သူ့ရဲ့ချစ်ခြင်းကို မာနတွေ ဟန်ဆောင်မှုတွေဖြင့် ဖွတ်အတင်းကွယ်ကာ ထားခဲ့ရတာဖြစ်သည်။

မထင်မှတ်ဘဲ ဝုန်းခနဲပွင့်ထွက်လာခဲ့တဲ့ ချစ်ခြင်းတစ် ခုကို သူ ဘယ်လိုတားဆီးမလဲ။ သတိုးမယုံကြည်တာကိုတော့ သူစိတ်မကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"သတိုး ဘာလာရှုပ်ပြန်ပြီလဲ"

"ငါ မင်းကားနဲ့ကားကြုံလိုက်မလို့"

အဂ္ဂါက သတိုးကို စိတ်ပျက်လက်ပျက်ကြည့်မိလေသည်။ အမျိုးမျိုးနှောင့်ယှက်ဖို့ ကြံစည်နေသော သတိုးသည် သူ့ကားကို တမင်ထားခဲ့ကာ အဂ္ဂါကားကို မှီ၍စောင့်နေခဲ့တာဖြစ်သည်။ အဂ္ဂါကားသော့ဖွင့်လိုက်တော့ သတိုးက ကားတံခါးကို ဆွဲဖွင့်ကာ ရှေ့ခန်းမှာ အခန့်သားတက်ထိုင်နေပြီး ကားကက်ဆက်ကို လှမ်းဖွင့်လိုက်သည်။ အဂ္ဂါက ကက်ဆက်ကိုပြန်ပိတ်လိုက်ရင်း—

"သတိုး ဘာကောင်လဲကွာ၊ မင်း တမင်နှောင့်ယှက်နေတာ၊ ကလေးကျင့်ကလေးကြံတွေ မလုပ်စမ်းပါနဲ့ကွာ၊ ပြီးမှ ငွေထွက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့မယ်၊ ငွေ့ရှေ့မှာမင်းနဲ့ငါ စကား မများချင်ပါဘူး၊ မင်းမှာ ကားပါတယ် မဟုတ်လား၊ သွားပါကွာ"

"မသွားဘူးကွာ၊ ငါ့ငွေ့ကိုစိတ်မချလို့ မင်းတို့နဲ့ အတူလိုက်မလို့"

"ကျွတ် ဘာစိတ်မချစရာအကြောင်းရှိလဲ၊ ငွေ့သိက္ခာပွန်းပဲ့အောင် ငါဘာမှမလုပ်ဘူး"

" ငါမယုံဘူး"

"မင်း နည်းနည်းလွန်ပြီ ထင်တယ် သတိုး"

"မင်း သူ့ကို ချစ်တယ်ဆိုတာ ငါမယုံဘူး အင်္ဂါ"

"လဲသေလိုက်ကွာ၊ မင်းမယုံလည်း ငါရှင်းမပြတတ်ဘူး၊ ငါငွေ့ကို ချစ်တယ်ဆိုတာ ငါ့ကိုယ်ငါ သေချာတယ် ၊ ငွေ့ကလည်း ငါ့ကိုချစ်တယ်၊ ငါချစ်တာကိုယုံတယ်၊ ဒါဆို မပြီးဘူးလား၊ မင်းမယုံတဲ့ကိစ္စကို ထည့်စဉ်းစားရဦးမှာလား"

"မင်း ငွေ့ကို ဘယ်လို သဘောထားခဲ့တယ်ဆိုတာ ငါ အသိဆုံးပဲ"

"ကျွတ် မင်းနားလည်အောင် ငါဘယ်လိုရှင်းပြရဦးမလဲဟိုမှာ ငွေလာနေပြီ၊ မင်းနဲ့ငါ မနက်ဖြန်ကျ အဲဒီကိစ္စကို နှစ်ယောက် တည်းရှင်းမယ်"

ငွေက သူတို့ရဲ့ တင်းမာမှုကိုမသိဘဲ သူတို့အနီးသို့



ရောက်လာကာ...

"ဟောတော့ သတိုးက ငွေထိုင်မယ့်နေရာမှာ အခန့်သား ပါလား၊ ဘာလိုက်ရှုပ်ဦးမလို့လဲ၊ အမယ် မျက်နှာကြီးကလည်း ပုပ်သိုးနေတာပဲ၊ ကဲ ကဲ ကလေးကလိမ္မာတယ်၊ လိုက်ခဲ့နော်၊ အင်္ဂါ ငွေတို့ သုံးယောက်အတူ မသွားဖြစ်တာကြာပြီနော်၊ သုံးယောက်အတူတူ ကော်ဖီသွားသောက်ကြရအောင်၊ ဒီကလေးကိုလည်းချော့ရင်းပေါ့"

ငွေက သတိုးကို နောက်ရင်း ကားနောက်ခန်းထဲဝင် ထိုင်လိုက်ပါသည်။

အဲဒီနေ့က ငွေသည် ငွေပစ်ထားမိသည့် သူငယ်ချင်း လေးကို ချော့မော့ရင်း အင်္ဂါကိုတောင် စကားသိပ်မပြောနိုင်ဘဲ သတိုးနှင့်သာ စကားဖောင်ဖွဲ့နေမိပါသည်။

နှင်းဆီဖြူနှင့်အလားတူသော သတိုးက ငွေ့ကို ဖြူစင်စွာ နှောင်ဖွဲ့ထားနိုင်ပြီး၊ နှင်းဆီနီနှင့် အလားတူသော အင်္ဂါက တော့ ငွေ့ကို ကြိုးပေါင်းများစွာဖြင့် ရုန်းမရအောင်အထပ် ထပ်နှောင်ဖွဲ့ထားနိုင်ခဲ့ပါသည်။

သူတို့နှစ်ယောက်စလုံးဟာ ငွေ့ဘဝအတွက်တစ် ယောက်ကို တစ်မျိုးစီ အရေးပါသည်ဟု ငွေယုံကြည်လက်ခံ ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

လေတွေတဟူးဟူးတိုက်နေသော ဂေါ့(ဖ်)ကွင်းအစပ်မှာ သူတို့ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ပြီး၊ ကားပေါ်မှ ဆင်းလာခဲ့ကြပါသည်။ သတိုးက သူ့ကားကိုမှီကာ အဂ္ဂါကို စောင့်နေခဲ့တာမို့ အဂ္ဂါကသတိုးထံလျှောက်သွားကာ မျက်နှာချင်း ဆိုင်လိုက်ရင်း....

"ကဲ ပြော သတိုး၊ မင်းဘာပြောချင်လဲ၊ မင်း ဘာတွေကို မကျေနပ်ဘူးလဲ၊ ဘာတွေကို မယုံသင်္ကာဖြစ်နေသလဲ၊ ပွင့်ပွင့် လင်းလင်းပြော"

"အေး လိုရင်းကိုပြောရရင် မင်းကို ငါလုံးဝ အယုံအကြည် မရှိဘူး၊ အထူးသဖြင့် ငွေ့အပေါ်ထားတဲ့ မင်းရဲ့အချစ်ကို အတုအယောင်လို့ပဲ ယူဆတယ်၊ မင်းကိုချစ်နေတဲ့ငွေ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့စိတ်ဆင်းရဲရမယ် လို့ပဲထင်တယ်၊ ငွေ့ စိတ်ဆင်းရဲရမှာကို ငါမလိုလားဘူး၊ အဲဒါပဲ အဋ္ဌါ၊ ဒါငါပြောချင်တာပဲ"

"မင်းကဘယ်လို အထောက်အထားတွေနဲ့ ဒီလိုစွပ်စွဲတာလဲ သတိုး..."

"မင်း စိတ်ကို မင်းပြန်ဆန်းစစ်ပေါ့၊ ငွေ့အပေါ် မင်းဘယ်လို သဘောထားခဲ့သလဲ၊ ဘယ်လို ဆက်ဆံခဲ့သလဲ၊ ငွေသူဌေးသမီးဆိုတာ သေချာသွားပြီးတဲ့နောက်မှာ ဘာဖြစ်လို့ ချက်ချင်းကြီး ချစ်သွားရတာလဲ"

"မင်းက ငါ့ကို ဘယ်လိုစွပ်စွဲချင်သေးတာလဲ၊ ငွေ့ကိုသူဌေးသမီးမို့ အပိုင်ဖမ်းတယ်လို့ ဆိုလိုချင်တာလား၊ မင်းသူငယ်ချင်း အဋ္ဌါဟာ အဲဒီလောက် အောက်တန်းမကျဘူးဆိုတာ မင်းသိထားဖို့ကောင်းတယ်၊ ငါလည်း စုတ်ပြတ်သပ်နေတာမှ မဟုတ်တဲ့ သတိုး၊ မိန်းမ တစ်ယောက်ကို ချစ်တဲ့ကိစ္စမှာ ငွေကြေးကိစ္စကို ထည့်တွက်စရာတောင် မလိုဘူးကွာ"

"ငါ ဒီသဘောမျိုးမဆိုလိုပါဘူး၊ မင်းရဲ့ ပြောင်းလဲမှုကို အံ့သြတာ၊ ငွေ့နေရာမှာ ဝင်စားကြည့်ပြီး မယုံနိုင်တာ"

"သတိုး သတိုး၊ ငါ ဘယ်လိုရှင်းပြရမလဲ၊ အချစ်ဆိုတာ တစ်ခါတစ်ရံမှာ အမြော်အမြင်ရှိရတဲ့မေးခွန်းတွေနဲ့ ပြည့်နှက်နေတာ



တယ်၊ ငွေ့အပေါ် မယုံတာတွေ တင်းမာတာတွေရဲ့ နောက်ကွယ်မှာ ချစ်ခြင်းဆိုတဲ့ ဝှက်ဖဲတစ်ချပ်ရှိနေနိုင်တယ်လို့ မင်းတစ်ခါမှစဉ်းစားမကြည့်မိဘူးလား၊ အဲဒီ ဝှက်ဖဲဟာ မထင်မှတ်တဲ့ အချိန်မှာ လှပတဲ့အပြောင်းအလဲတစ်ခုကို မဖန်တီးနိုင်ဘူးလား"

"ဒါက မင်းရဲ့ဆင်ခြေတွေလည်း ဖြစ်နိုင်တယ်"

"မင်းစကားက သိပ်ကလေးဆန်မနေဘူးလား သတိုး"

"ငါသိထားသလောက်ကတော့ မင်းဟာ မိန်းမတွေကို အထင်သေးတယ်၊ တော်ရုံမိန်းမဆိုရင် အထင်မကြီးဘူး၊ ငွေ့ကိုတွေ့စ, ကတည်းကမင်း အထင်သေးခဲ့တယ်၊ ဒါကြောင့် ဆင်းရဲတဲ့မိန်းမတစ်ယောက်ကို ဖေးမရမယ့်အစား နှိမ်ပြီး ဆက်ဆံတယ်၊ နိုင်လို့ရတိုင်း နိုင်ချင်တယ်၊ မောက်မောက်မာမာ ဆက်ဆံတယ်၊ ငွေဟာ အဆင့်အတန်းမနိမ့်တဲ့ မိန်းမ တစ်ယောက်ဆိုတာ သိတော့မှ မင်းရဲ့အထင်သေးမှုတွေ ပျောက်ပြီး ငွေ့ကို အလျှော့ပေးလာတယ်၊ နောက်ဆုံး ချစ်သူအဖြစ်စည်းရုံးသိမ်းသွင်းလိုက်တယ်၊ ငွေနဲ့ပတ်သက်ပြီး သဘောထားကြီးမှု၊ မြတ်နိုးမှု၊ သနားငဲ့ညှာမှုဆိုတာ မင်းဆီမှာ ဘာတစ်ခုမှမရှိခဲ့ဘူး၊ ဘဲ ဘယ်မှာလဲ မင်းရဲ့စစ်မှန်တဲ့အချစ်"

"အချစ်ဆိုတာ ငါ့ရင်ထဲမှာရှိတာလေ။ ငါခံစားချက်လေ၊

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာကို ဆွဲထုတ်ယူပြီး ဒီမှာပါ၊ စစ်ပါတယ်လို့ ပြလို့ရနိုင်သလား။ အချိန်အခါနဲ့ ငါ့ရဲ့လုပ်ဆောင်ချက်တွေကို စောင့်ကြည့်လိုက်ပေါ့ သတိုး၊ မင်း တစ်နေ့ကျ နားလည်လာပါလိမ့်မယ်၊ ကဲ ဒါ့ထက်ပိုပြီးတော့လည်း ငါ့မှာ ရှင်းပြစရာ စကားလုံး မရှိတော့ဘူး၊ ငါ သွားတော့မယ်"

အဂ္ဂါသည် သူ့ကားဆီသို့ပြန်လျှောက်သွားခဲ့ပါသည်။ ကားကို သတိုးဘေးမှကျော်ဝိုက်ကာ မောင်းထွက်လာ တာမို့ သတိုးနားအရောက်မှာ ကားကိုရပ်တန့်လိုက်ရင်း...

"သူများရဲ့စိတ်ကိုပဲ လိုက်သံသယဖြစ်မနေနဲ့ သတိုး၊ မင်းစိတ်ကို မင်းသေချာပြန်စစ်ဆေးလိုက်ဦး၊ ငွေ့အပေါ်မင်းရဲ့စိတ်ကရော ပုံမှန်ဟုတ်ရဲ့လား"

အဂ္ဂါက သတိုးနံဘေးမှ ကားကိုခပ်ကြမ်းကြမ်းမောင်းထွက်လာခဲ့လေသည်။

# အခန်း (၂၉)

သတိုးဘာပဲပြောပြော၊ ငွေ့နှင့်အဂ္ဂါတို့မှာ လက်ထပ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီ ဖြစ်သည်။ အဂ္ဂါသည် ငွေ့ကို သူ့အမေထံ ခေါ်ဆောင်သွားခဲ့ပြီး၊ သူ့ရဲ့သတိုးသမီးလောင်းအဖြစ် မိတ်ဆက်ပေးခဲ့လေသည်။ အဂ္ဂါရဲ့မာမီက ငွေ့ကို မြင်မြင်ချင်း သဘောကျကာ...

"ဟယ် သမီးလေးက ချစ်စရာကောင်းလိုက်တာကွယ်၊ဖြူဖြူ စင်စင်သဘောကောင်းကောင်းပုံစံမျိုးလေးပဲ၊ သား ဘယ်ကများ ရှာတွေ့လာသလဲကွယ်"

"လမ်းဘေးကတွေ့တာ မာမိ"

"ဟဲ့ ဘယ်လိုပြောလိုက်တယ်"

"လမ်းဘေးကဆိုတာက လမ်းဘေးမှာ သူကားပျက်နေတုန်း

www.burmeseclassic.com



တွေ့တာကို ပြောတာပါ မာမီရဲ့"

"မင်းဟာလေ အပြောအဆိုကို မဆင်ခြင်ဘူး"

ငွေ့က သူ့မာမီမမြင်အောင် လက်သီးထောင်ပြလိုက်သည်။ အဲဒါ ငွေ့ကို သရော်တာ မဟုတ်လား အဲ့ ...။

"အေးကွယ် မာမီလည်း ခုမှပဲ စိတ်အေးရတယ်၊ မာမီ ကတော့ ကိုယ့်သားသမီးကို အရွယ်ရောက်လို့ ပညာစုံရင် အိမ်ထောင်ရက်သားချပေးပြီးမှပဲ စိတ်ချချင်တယ်၊ ခုခေတ် ယောကျ်ားလေးတွေမှာလည်း အန္တရာယ်က အများသား မဟုတ်လား သမီးရယ်၊ မိန်းကလေး အနှောင့်အယှက်ဆို ပိုကြောက်ရသေးတယ်၊ ကိုယ်က အပျော်သဘောသွား ပတ်သက်မိလို့ မိန်းမလည်တွေနဲ့တွေ့ရင် ကိုယ်ပဲ သိက္ခာကျရမှာ မဟုတ်လား"

"သူက မိန်းကလေးတွေကို အပျော်သဘောသွားပတ်သက်တတ်သလား အန်တီ၊ ငွေလည်း သူ့ကို သိပ်မသက်ဘူး၊ သူ့အကျိုမှာ နှုတ်ခမ်းနီတွေ ဘာတွေများတွေ့မိသလား..."

"ဟင် အဲ သားက အဲဒီလောက်ကြီးတော့"

"ဟား ဟား အလကား မာမီရေ အဲဒါ ငွေ မာမီကို သက်သက်ကြပ်နေတာ၊ ဟိုတစ်ခါ မာမီတွေ့တဲ့နှုတ်ခမ်းနီ ကိစ္စက



သူ ကျွန်တော့်ကို သက်သက်လုပ်ကြံတာ၊ သူ့နှုတ်ခမ်းနီ တောင့်နဲ့ ကျွန်တော်အလစ်မှာ ကျွန်တော့် အကျိုကို ခိုးသုတ် ထားတာ၊ ကျွန်တော် ဘုဂလန့်ပြောတာကို ကြည့်မရလို့တဲ့၊ သူ့မှာ ဗရုတ်ဖျက်ကျအကျင့်ရှိတယ် မာမီ၊ ဆုံးမဖို့က မာမီ တာဝန်ပဲ၊ မာမီလက်ထဲအပ်လိုက်ပြီ"

ငွေနဲ့ယောကျ်ားမလောင်းတို့ရဲ့ တွေ့ဆုံပွဲက ချစ်ခင်ရင်းနှီးမှု ရယ်မောပျော်ရွှင်စွာပြီးဆုံးခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

ငွေ့ မေမေနှင့် အဂ္ဂါတို့ရဲ့တွေ့ဆုံပွဲကလည်း...ငွေ ဖျော်လင့်ထားသလိုပင် ချောမွေ့နေခဲ့ပါသည်။

"သမီးကိုတော့ မောင်အဂ္ဂါတော်တော်သည်းညည်းခံရမယ်၊ သမီးက အလိုလိုက်ထားတော့ ဆိုးချင်တယ်ကွယ်"

"သူဆိုးတာတော့ ကျွန်တော့် ကိုယ်တွေ့ပါပဲ၊ ကျွန်တော်တို့ကို နောက်ချင်တာနဲ့ သူ့ကိုယ်သူဆင်းရဲချင်ယောင်ဆောင်ပြီး ကျွန်တော့်ကုမ္ပဏီမှာ အလုပ်လာလုပ်တယ်လေ"

"ဘုရားရေ အမလေး မေ အခုမှသိရတာပါလား ငွေရယ်၊ ညည်းက အကြံနဲ့ကိုး၊ အန်တီ့ကို ဒီအကြောင်းတွေ သူပြော မထားဘူး မောင်အဂ္ဂါရေ"

www.burmeseclassic.com

www.burmeseclassic.com



ရိုးလှသော မေက ခုမှပဲ ရင်သပ်ရှုမောဖြစ်နေသည်။ ငွေကလည်း ငွေ့ရဲ့ဇရက်ကျမှုတွေကို ကြိုပြောမထားခဲ့ပေ။ ငွေက ဖော်ကောင်လုပ်နေသော အဂ္ဂါကို မျက်စောင်းထိုး လိုက်မိပါသည်။ မေသည် အဂ္ဂါကို တွေ့တွေ့ချင်းပဲ ရင်းနှီး ချစ်ခင်ပုံနှင့်....

"သမီးက သူ့မှာ လက်ထပ်ဖို့ရည်စူးထားတဲ့ ချစ်သူရှိ နေပြီဆိုပြီး သူ့အဖေဆီလည်း ဖုန်းဆက်ပြော၊ အန်တီ့ကိုလည်း ပြောပြီး သားအကြောင်းနည်းနည်းပါးပါးပဲ ကြိုပြောထားတာ၊ မေတို့ချင်း တွေ့မှ မေသိချင်တာတွေမေးကြည့်ပေါ့တဲ့၊ ကဲ ဘယ်လောက် ဇရက်ကျလိုက်သလဲဆိုတာ.."

"သူကလေ ငွေ့ကို အမြဲစွပ်ဟောက်နေတာ မာမီရဲ့၊ ငွေ့ကို သူ့တကယ်ချစ်ရဲ့လားဆိုတာတောင် မသေချာဘူး၊ မေပဲ နည်းနည်းစစ်ကြည့်ပေးပါဦး"

"ဩော် ဒီကောင်မလေးဟာ"

ငွေတို့သည် နှစ်ဘက်မိဘများကို ချွဲနွဲ့ကြရင်း.. လက်ထပ်မည့်ရက်ကို လျှင်မြန်စွာသတ်မှတ်လိုက်ကြလေသည်။

ထိုအချိန်ထိ အနှောင့်အယှက်ဟူ၍ ဘာတစ်ခုမှ မရှိဘဲ ချောမွေ့ဖြောင့်ဖြူးခဲ့ကြပါသည်။

## အခန်း (၃၁)

လက်ထပ်ရက်ကို သတ်မှတ်လိုက်ကြပြီး နောက်တစ်နေ့မှာပင် ငွေနှင့်အဂ္ဂါသည် ရုံးရှိဝန်ထမ်းများအားလုံးရှေ့တွင် ငွေတို့ရဲ့ မင်္ဂလာသတင်းကို ကြော်ငြာလိုက်လေသည်။

"အားလုံးကို အသိပေးစရာလေးတစ်ခုရှိလို့ပါ ခင်ဗျား၊ ကျွန်တော်နဲ့ ငွေကြေးမုံတို့ ရှေ့လထဲမှာ လက်ထပ်ကြဖို့ဆုံးဖြတ်ပြီးပါပြီ"

"ဟုတ်ကဲ့..ငွေကလည်း အားလုံးကို လှည့်စားခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်၊ ငွေ ဆင်းရဲချင်ယောင်ဆောင်ခဲ့စဉ်က သနား စနာပေးခဲ့ကြတဲ့...နွယ်နီတို့ ကေတို့အားလုံး အားလုံးကို အနူး အညွတ်တောင်းပန်ပါတယ်၊ ငွေ့ရဲ့မှသားတွေအတွက် အဂ္ဂါနဲ့

www.burmeseclassic.com



သတိုးက ခွင့်လွှတ်သလို ကျန်တဲ့သူအားလုံးကပါ ခွင့်လွှတ်ပေးကြဖို့ လောဘတကြီးတောင်းဆိုပါတယ်"

"ဟေး...ဟေး ထင်တယ်၊ ဓာ အစကတည်းက ထင်သားပဲ၊ ငွေဟာ ဆင်းရဲတဲ့သူမဖြစ်နိုင်ပါဘူးဆိုတာ..."

"ခုတလော ကိုအဂ္ဂါကြည့်ရတာ သဘောကောင်းကောင်း ရွှင်ရွှင်ပျပျဖြစ်နေတာ တစ်ခုခုတော့တစ်ခုခုပဲလို့ နွယ်နီထင်နေတာ.. လက်စသတ်တော့ ဒီလိုကိုး..."

"ငွေ.. ငွေတို့လက်ထပ်ပြီးရင် ကိုအဂ္ဂါ ခုလိုသဘော ကောင်းကောင်းလေ အမြဲဖြစ်နေအောင် ထိန်းထားပေးနော်...ဒါမှ နွယ်နီတို့အဆူမခံရမှာ..."

အားလုံးက တစ်ယောက်တစ်ပေါက်ဆူညံပျော်ရွှင်သွားကြပါသည်။ အဂ္ဂါကလည်း ရယ်မောရွှင်ပျနေကာ ဝန်ထမ်းအားလုံးနှင့် တရင်းတနှီး ရောနှောစကားပြောနေခဲ့သည်။ ရုံးဝန်ထမ်းကောင်လေးတစ်ယောက်က ရုတ်တရက် မတ်တပ် ထ,ရုံကာ အသံကျယ်ကျယ်ဖြင့်....

"ဆြော် ဆန်းကြယ်လိုက်တာနော်၊ အချစ်ဆိုတာ... မျက်နှာတည်တည်ကိုတောင် ရယ်မောရွှင်ပျတဲ့မျက်နှာမျိုးဖြစ်လာအောင် ပြောင်းလဲနိုင်စွမ်းရှိပါကလား"



"ဟေး...ဟေး၊ ဖြောင်း...ဖြောင်း"

ထိုကောင်လေးအပြောကို အားလုံးကသဘောတကျ အားပေးလိုက်ကြလေသည်။

"ပြောကြဗျာ ကြိုက်သလိုပြောကြတော့..."

အဂ္ဂါသည် အားလုံးအပေါ်ဖွေမယူဘဲ ပြုံးပြုံးကြီးကျေနပ်နေခဲ့သည်။ ငွေသည် သတိုးကိုသတိရသွားရကာ...

"ဒါနဲ့ သတိုးတစ်ယောက်ကော မမြင်ပါလား၊ ဒီကောင်ဘယ်ရောက်နေလဲ"

"ရှိမယ် ရှိမယ်၊ မနက်ကတော့ တွေ့လိုက်တယ်"

"စတိုခန်းထဲမှာ ပစ္စည်းစစ်နေတယ် ထင်တယ်"

"သတိုးတစ်ယောက်ဟာ အချိုးကိုမပြေဘူး၊ အရေးထဲကျမှ ပစ္စည်းစစ်နေရတယ်လို့...၊ အဂ္ဂါ ငွေ သတိုးကို သွားခေါ်လိုက်ဦးမယ်"

ငွေက စတိုးခန်းထဲဝင်လာကာ သတိုးကို ရှာလေသည်။ ပစ္စည်းတွေက ပြည့်ကျပ်နေတာမို့ သတိုးကို မမြင်ရ။

" သတိုးရေ "

ငွေက အော်ခေါ်ရင်း စက္ကူသေတ္တာတွေပုံထပ်ထားသည့်နေရာနားကို ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကြည့်စမ်း နင်ဘာလုပ်နေတာလဲ"

သတိုးသည် စက္ကူပုံ တစ်ခုကို မိုကာ မျက်နှာပေါ် ဦးထုပ်တစ်လုံးအုပ်ပြီး ထိုင်နေခဲ့လေသည်။ ငွေက သတိုး မျက်နှာပေါ်က ဦးထုပ်ကိုဖျတ်ခနဲ ဆွဲယူလိုက်သောအခါ သတိုးက မျက်စိ ပျက်၊ မျက်နှာပျက်ဖြင့်...

"ဟာ ဘာလဲဟာ ဘာလာလုပ်တာလဲ၊ ဒီမှာ ပစ္စည်းစစ်ရင်း ညောင်းလာလို့ ခဏထိုင်နေတာ၊ လာမနှောင့်ယှက်စမ်းပါနဲ့ ငွေရာ...."

"နားချင်လည်း ကိုယ့်ရုံးခန်းထဲကိုယ်ဝင်နားနေပါလား၊ လာပါ သတိုးရာ..ငွေတို့ လက်ထပ်မယ့်သတင်းကို အားလုံးရှေ့မှာ ကြေငြာနေတာဟ၊ နင်တစ်ယောက်တည်းဘာက်ပုံပြီး ခွဲထွက်မနေစမ်းပါနဲ့...လာ လာ သွားမယ်"

ငွေက သတိုးလက်ကိုဆွဲယူလိုက်တော့ သတိုးက ငွေကို တုန်လှုပ်စွာကြည့်ရင်း...

"နင်တို့ လက်ထပ်ကြတော့မယ်"

"ဟုတ်တယ်လေ၊ ရက်တောင်ရွေးပြီးသွားပြီ"

"ဩော် .... ဩော်..."

"လာ မြန်မြန် ဟိုမှာအားလုံးစောင့်နေကြတယ်"



ငွေ့နောက်မှ လိုက်လာသောသတိုးကို မြင်တော့ အားလုံးက ရယ်မောကြရင်း....

"သတိုးတစ်ယောက်တော့ ဘာက်ပုံကျန်ခဲ့ပြီ၊ အကြောမခံနဲ့လေ သတိုးရဲ့ချစ်သူလေးတစ်ယောက်လောက် အမြန်ရှာပြီး သူတို့ ထက်ဦးအောင် လက်ထပ်လိုက်စမ်းပါ"

သတိုးက အားလုံးနှင့်အတူ ရယ်မောနေခဲ့ပါသည်။ သတိုးရဲ့ ရယ်မောခြင်းတွေထဲမှာ ပျော်ရွှင်မှုမပါတာကို အင်္ဂါ တစ်ယောက်သာ သိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

*ငွေ.....*

*နှင်နဲ့ငါ ကော်ဖီအတူမသောက်ရတာကြာပြီ။ ငါ့ကို နှင်ကြိုက်တဲ့ **Blue mountain** တစ်ခွက်လောက်လိုက်တိုက် ပါလား..။*

*နှင်...အခု ထွက်လာခဲ့။*

*ငါ ကားပါတင်နှားကစောင့်နေမယ်*

သတိုး...

" သတိုးတစ်ယောက်ကတော့ ရစ်ပြီကွာ...ဒီမှာ အလုပ်တွေ မပြီးနိုင်ရတဲ့ကြားထဲ..."

ငွေ့စားပွဲပေါ်မှာ ဖိထားသည့်စာရွက်ခေါက်လေးကို ဖြန့်ဖတ်လိုက်ပြီး...ငွေက တီးတိုးညည်းညူမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါကလည်း အပြင်ထွက်သွားတာ ခုထိပြန်မလာသေးပါ။ ရုံးချိန်အတွင်း ခေါ်နေတာမို့ ငွေ စိတ်ရှုပ်သွားရသည်။ လိုက်ကာစကို ဘေးသို့ကပ်ကာ ကားပါကင်ဘက်သို့ လှမ်းကြည့်မိတော့ သတိုးက ရောက်နှင့်နေခဲ့ပြီ။

ငွေက အကျိုးအကြောင်းပြောရန် သူ့ဆီထွက်လာခဲ့သည်။ သူက ငွေ့ကိုတွေ့တွေ့ချင်း ကားတံခါးကို အသင့်ဖွင့်ထားလိုက်သည်။

"နင့်ကားတံခါးကြီး ပြန်ပိတ်လိုက်ဦး။ ငွေ လိုက်လို့ မဖြစ်ဘူး။ ရုံးချိန်အတွင်းကြီး ဘာရောဂါ ထ,တာလဲ သတိုးရယ်၊ ညနေမှ သွားပါလား"

"ညနေ ငါ အလုပ်ကိစ္စတစ်ခုသွားစရာရှိတယ်"

"ဒါဆိုလည်း မနက်ဖြန်ပြန်မှသွား"

"ငါက အခုပဲသွားချင်တာ"

"ခက်ပါလား...၊ အဂ္ဂါလည်းမရှိဘူး၊ နင်နဲ့ငါကပါ အပြင်ထွက်သွားတော့ ရုံးကအလုပ်ကိစ္စတွေ လစ်ဟင်းကုန်မှာပေါ့..."

"ခဏပဲ၊ မကြာပါဘူး"

"ဇွတ်ပဲဟာ၊ နင့်ကြည့်ရတာ ကလေးဆိုးကြီးကျနေတာပဲ၊ ကဲ တက် သွားမယ်..ခဏဆိုခဏပဲနော်၊ ဩော် နေဦး... ငါတို့ဘယ်သွားတယ်ဆိုတာ ရုံးမှာ မှာခဲ့ဦးမယ်လေ..."



"မှာမနေပါနဲ့ဟာ၊ ခဏပဲ၊ ပြောချင်ရင် ဟိုရောက်မှ ငါ့ hand phone နဲ့ လှမ်းပြောလည်းရတာပဲ၊ နင့် hand phone က ဘယ်မှာလဲ ပါလာလား..."

"ဘယ်လိုလုပ် ပါမလဲ၊ ပိုက်ဆံအိတ်တောင်မပါဘူး နင်နဲ့ လိုက်မယ်လို့ ရည်ရွယ်ပြီး ထွက်လာတာမှ မဟုတ်တာ..."

ငွေသည် သတိုးနံဘေးမှာဝင်ထိုင်လိုက်ချိန်အထိ သတိုးအပေါ် သံသယမရှိခဲ့ချေ။

သတိုးက ကားကိုပုံမှန်ထက်အရှိန်မြင့်ကာ မောင်းထွက်လိုက်ပါသည်။

ထိုအချိန်မှ စ,ကာ ငွေတို့သုံးယောက်ကြားမှာ မယုံနိုင်စရာကောင်းသော အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ရတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

သတိုးအတွက်တော့ ဒီနေ့ဟာ မိုက်မဲမှုတစ်ခုအစပြု ခဲ့သော နေ့တစ်နေ့ဖြစ်သည်။ သူ့ဘဝတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်ရစ်မည့် အဖြစ်အပျက်တစ်ခုကို ဖန်တီးမည့်ခရီးကို သူ စ,တင်ခဲ့မိပြီဖြစ်သည်။

ငွေ့ကို ချစ်သောစိတ်၊ ပိုင်ဆိုင်လိုသောစိတ်၊ အဂ္ဂါရဲ့ ရှင်ခွင်ဆီမှာ ငွေ့ကို စိတ်မချနိုင်သည့် ခံစားမှုတွေက သူ့ရဲ့ ဆင်ကန်းတောတိုးလုပ်ရပ်ကို တွန်းအားပေးခဲ့တာ ဖြစ်သည်။

သတိုးက ကားကို မြို့ပြင်ဘက်ဆီသို့ ဦးတည်လိုက် ချိန်တွင် အေးအေးဆေးဆေးထိုင်လိုက်လာသော ငွေ့ရဲ့ မျက်လုံးလေးပြူးဝိုင်းကာ...

"ဟဲ့ သတိုး ဒါ ဘယ်သွားမလို့လဲ ကော်ဖီဆိုင်က တစ္ဆသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာလမ်းထဲမှာပဲ…"

"မြို့ပြင်ဘက်သွားမလို့…"

"ခြော် မြို့ပြင်မှာအသစ်ဖွင့်တဲ့ကော်ဖီဆိုင်ရှိလို့လား၊ နှင်း ဟာလေ တော်တော်အတတ်ဆန်းတယ်၊ အချိန်သိပ်ကြာလို့ မဖြစ်ဘူးနော်၊ မြန်မြန်တော့မောင်း…."

ငွေ့ရဲ့ယုံကြည်မှုက သူ့ရဲ့မိုက်မဲမှုကိုလှောင်ပြောင်သရော်နေခဲ့သည်။ ငွေသည် သူ့ကိုယုံကြည်စိတ်ချစွာပင် ကက်ဆက်ကို လှမ်းဖွင့်ရင်း သီချင်းညည်းနေလိုက်သေးသည်။ သူ့ကားက မြို့ရဲ့ အနားသတ် နယ်နိမိတ်ကိုပင် ကျော်လွန် လာခဲ့ပြီ။

ငွေသည် ရုတ်တရက် သူ့ကိုလှည့်ကြည့်ကာ….

"သတိုး ဒါ ဘယ်သွားမလို့လဲ"

"နှင့်ကို ပေက်ထပ်မလို့ခေါ်လာတာ"

"အရှူး၊ နောက်မနေနဲ့…"

"တကယ်ပြောတာ ငွေ၊ ငါ နှင့်ကို အင်္ဂါရင်ခွင်ထဲ မထည့်နိုင်ဘူး"

ငွေသည် ရုတ်တရက် ထိတ်လန့်သွားရသော်လည်း သတိုးကို စိုက်ကြည့်နေရာမှ လှစ်ခနဲပြုံးလိုက်မိရင်း…

"ခြော် ဒီလိုကိုး၊ ကဲ ဘယ်ကိုသွားမှာလဲပြော၊ ပဲခူးဘက်



ကိုလား…"

"ငွေ ငါနောက်နေတာမဟုတ်ဘူးနော်၊ တကယ်ပြောနေတာ"

"အေးပါ၊ ငါသိပါတယ်၊ နှင်တကယ်ပြောနေတယ်ဆိုတာကို လည်းယုံတယ်"

"ယုံရင် နှင်ဘာဖြစ်လို့ ငါ့ကိုရန်မလုပ်တာလဲ"

"နှင်က ရန်လုပ်ရလောက်အောင် မိုက်မဲတဲ့သူမှ မဟုတ်ဘဲ၊ သူငယ်ချင်းလေးရယ်၊ နှင့် စိတ်ကို ငါ အသိဆုံးပါ၊ ကဲ နှင်ခေါ်တဲ့နောက်ကိုလိုက်ရင်း တို့နှစ်ယောက် စကားပြောကြ တာပေါ့…"

သတိုးသည် ငွေ့ရဲ့ဆန်းကြယ်မှုကို အံ့ဩလို့သာနေမိပါသည်။ ငွေကတော့ သွေးပူတုန်လှုပ်ခြင်းအလျှင်း မရှိပါ။ ဆား ဒတ်ရှိဘူတ်ထဲက သကြားလုံးဘူးကို ထုတ်ယူကာ သူ လည်းယူစား၊ သတိုးကိုလည်း အခွံခွာပြီး လှမ်းပေးနေသည်။

သတိုးက သကြားလုံးကို လှမ်းယူရင်း ငွေ့ကို စိတ်မှ နှံ့ရဲ့လားဟူသောအကြည့်ဖြင့် အူကြောင်ကြောင်ကြည့်မိလေသည်။ ငွေက ထပ်ပြုံးပြကာ…

"ဘာလဲ ငွေ့ကို စိတ်မနှံ့ဘူးထင်သွားလို့လား၊ အထင် မမှားပါနဲ့ သတိုးလေးရယ်၊ ကဲ သတိုးဘာပြောချင်လဲ၊

www.burmeseclassic.com

www.burmeseclassic.com



သတိုးရင်ထဲမှာ ရှိတာတွေအားလုံးဖွင့်ထုတ်မစ်လိုက်၊ ငွေ နားထောင်ပေးမယ်၊ ပဲခူးမရောက်ခင်အထိပေါ့ ဟုတ်လား"

သတိုးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကောင်းပြီ ငွေ၊ ခုချိန်မှာ ငါ့စိတ်တွေ ဆောက်တည်ရာမရ တုန်လှုပ်နေတယ်၊ နင့်ကို ဆုံးရှုံးလိုက်ရတာဟာ ငါ့ဘဝရဲ့ အကြီးမားဆုံး ဆုလာဘ်တစ်ခုကို ဆုံးရှုံးလိုက်ရသလိုပဲ"

"ငါ နင့်အေးနားက ခွဲခွာသွားဖို့ စဉ်းစားကြည့်တယ်၊ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ နင်နဲ့ ငါကြားကို အဂ္ဂါဆိုတဲ့ စည်းတစ်ချခြားသွားပြီးကတည်းက ငါနဲ့နင်ဟာ အလိုလိုဝေးသွားတယ်၊ နင်နဲ့အတူ ကော်ဖီသောက်ခွင့်၊ နင့်ကိုပြန်လိုက် ပို့ပေးခွင့် ဘာမှမရတော့ဘူး..."

"နင့်ကို ငါသိပ်ချစ်တယ်ငွေ...၊ လမ်းဘေးမှာ ကိုးရိုးကားရားပုံစံနဲ့ စ,တွေ့ကတည်းက ငါ နင့်ကိုတန်ဖိုးထားခဲ့တယ်၊ အဂ္ဂါကို ငါမယုံဘူး၊ တစ်နေ့ကျရင် အဂ္ဂါဆီက စိတ်ဆင်းရဲစရာတွေကိုပဲ နင်ရလိမ့်မယ်လို့ ငါထင်တယ်"

"သူ့အချစ်ကို ငါမယုံဘူးငွေ...၊ ဒါ့ကြောင့် နင့်ကိုစိတ်မချနိုင်ဘူး၊ ပြီးတော့ ငါ ငါ နင့်ကို မစွန့်လွှတ်နိုင်ဘူး"

" ငါ မိုက်ပါရစေ၊ ဒီတစ်ကြိမ်တော့ မိုက်ပါရစေ ငွေရယ်၊



ငါ့ကိုခွင့်ပြုပါ..."

သတိုးရဲ့ စကားလုံးများက ငွေ့ရင်ထဲကို နစ်ဝင်သွားခဲ့ပါသည်။

ဖြစ်ရလေ သတိုးရယ်။ ငွေ တကယ်ပဲ စိတ်မကောင်းပါဘူး။ ဒါပေမယ့် နှလုံးသားဆိုတာ ပြင်ဆင်လို့လည်း မရနိုင်တော့ဘူး...။

"သတိုးပြောပြီးပြီးဆိုရင် ငွေ့ကို ပြောခွင့်ပြုပါ သတိုး"

"အချစ်ဆိုတာဟာ ဘာနဲ့ဘာပေါင်းရင် ဘာရတယ်ဆိုပြီး၊ အိကွေးရှင်းချပြီး...အဖြေရှာလို့ရတာမှ မဟုတ်ဘဲ သတိုးရယ်...၊ ချစ်ခြင်းမှာတည်မြဲတဲ့ ပုံသေနည်းရှိလို့လား..."

"အဂ္ဂါရဲ့ ဟိုအလျင်က ငွေ့အပေါ်ပြုမူခဲ့ဖူးတာတွေအတွက် ငွေ သူ့ကိုမချစ်ရဘူးလို့ ဘယ်လိုအရာကမှ တားမြစ်လို့ မရဘူး ငါ သူ့ကိုသိပ်ချစ်သွားခဲ့ပါတယ်၊ တစ်ချိန်ချိန်မှာ သူ့ဆီက အခိုးတွေရခဲ့ရင်လည်း ချစ်စိတ်တစ်ခုတည်းနဲ့ သည်းခံခွင့်လွှတ်ဖို့ ငါ ဆုံးဖြတ်ပြီးသားပဲ...၊ သူ့ကြောင့် ဒုက္ခတွေရလာခဲ့ရင်လည်း အဲဒီဒုက္ခထဲမှာ ငါ ပျော်နေမယ်ဆိုရင် နင် မကျေနပ်နိုင်ဘူးလား စိတ်မချနိုင်ဘူးလား..."

သတိုးက ကားကို လမ်းဘေးတွင် ဖြည်းညှင်းစွာ ရပ်

www.burmeseclassic.com

www.burmeseclassic.com



တန့်ခဲ့လေသည်။

"သတိုးရဲ့ ဆုံးဖြတ်ချက်ကို ပြင်ပါလို့ ငွေက စ,ပြီး မတောင်းဆိုဘူး သတိုး၊ သတိုးဆန္ဒအရ ရှေ့ဆက်သွားနိုင် သလို နောက်ကို ဆုတ်လို့လည်း ရတယ်"

ငွေက သွေးအေးစွာပြောရင်း ကားနောက်မှီပေါ် သက်သောင့်သက်သာ ကျောမှီကာ ငြိမ်သက်နေလေသည်။

"ငွေရယ်..."

သတိုးသည် ငွေ့ကိုငေးကြည့်ရင်း၌ တွေဝေတိတ်ဆိတ် သွားခဲ့သည်။

"တစ်ခုထပ်ပြောချင်သေးတယ် သတိုး၊ ငါ နင့်ကို သိပ်ချစ်ပါတယ်၊ အဖြူစင်ဆုံး သူငယ်ချင်းတစ်ယောက်အဖြစ်နဲ့ ငါ သိပ်ချစ်တယ်၊ နင့်ရဲ့ အရောင်ပါတဲ့ အချစ်ကို ငါမတုံ့ပြန် နိုင်တော့ပေမယ့် တန်ဖိုးတော့ထားတယ်၊ ငါ သိမ်းထားပေးပါ့ မယ်၊ အဲဒီလိုပဲ ငါ အဂ္ဂါအပေါ်ချစ်တဲ့အချစ်၊ အဂ္ဂါက ငါ့ အပေါ်ချစ်တဲ့အချစ်ကိုလည်း နင်တန်ဖိုးထားပေးစေချင်တယ်"

သတိုးသည် ငွေ့ရဲ့လေးနက်တည်ကြည်သော မျက်နှာ ကလေးကို တသသငေးကြည့်မိခဲ့ပါသည်။ ငွေ့ရဲ့ ခိုင်မတ်သော အချစ်က သူ့ရဲ့မိုက်မဲမှုကို လှောင်ပြောင်သရော် နေခဲ့သည်။ သူက



မျက်နှာကိုလက်ဖဝါးနှစ်ဖက်ထဲ ဝှက်ထည့်ရင်း ငြိမ်သက် သွားခဲ့သည်။ သူ့မျက်ရည်တွေ ခမ်းခြောက်သွားတော့မှ ငွေ့ကို မော့်ကြည့်ရဲပါသည်။

"ဆောရီး ငွေ၊ ငါ မှားသွားခဲ့တယ် တောင်းပန်ပါတယ်၊ ငါ နင်တို့အချစ်ကို တန်ဖိုးထားပါ့မယ်၊ နင့်ကို အဂ္ဂါဆီပြန်ပို့ ပေးမယ်၊ ငါ့ကို ရန်မလုပ်တဲ့အတွက်လည်း အရမ်းကျေးဇူးတင် ပါတယ်"

သတိုးက သူ့ပိုက်ဆံအိတ်ထဲက ဘူးလေးတစ်ဘူး ထုတ်ယူ ဖွင့်ပြလိုက်ရင်း....

"ဒီမှာ ငွေ၊ ဒါ ငွေ့ကိုဆင်းရဲတယ်လို့ ထင်ခဲ့တုန်းက ငွေ့ အတွက်ရည်စူးပြီး ဝယ်ထားတဲ့နားကပ်ကလေးပါ၊ ဒီ နားကပ် ကလေးကိုတော့ ငါ ပန်ပေးလိုက်ပါရစေ၊ နောက်ဆုံး အနေနဲ့ပါ" "လှသားပဲ သတိုးရဲ့ ပန်ပေးလေ၊ နေဦး ငါ့နားကပ်ချွတ် လိုက်ဦးမယ်"

ငွေသည် အဂ္ဂါထံပြန်ရတော့မည်ဖြစ်၍ ချက်ချင်း ရွှင်လန်း လာကာ နားကပ်ကလေးကို ချွတ်ပေးလိုက်သည်။

ငွေက နားရွက်ကလေးကိုငဲ့ပေးလိုက်သောအခါ သတိုးက ငွေ့ရဲ့နားရွက်ကလေးကို မရဲတရဲကိုင်ကာ နားကပ် သေးသေးလေးကို ခက်ခက်ခဲခဲ ဝတ်ပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင် နေရောင်ပျောက်စပြုသည့်အချိန် တွင် ငွေတို့ကားလေးက ရန်ကုန်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့လေသည်။

## အခန်း (၃၄)

ငွေ ပထမဆုံးရင်ဆိုင်ရသည်မှာ အဂ္ဂါရဲ့ ဒေါသဖြစ်သည် ငွေ့ရဲ့ရိုးစင်းသော ဖြောင့်ချက်တစ်ခုက အဂ္ဂါရဲ့ ဒေါသက မွှေးဖွားစေခဲ့တာ ဖြစ်သည်။

မှောင်စပျိုးသည့်အချိန်တွင်ကျမှ ရန်ကုန်မြို့တွင်းသ ပြန်ရောက်လာခဲ့သော ငွေသည် သတိုးကိုအဂ္ဂါရှေ့သို့ခေါ်ဆောင်ကာ အမှန်အတိုင်း ဝန်ခံတောင်းပန်စေခဲ့တာ ဖြစ်သည်။ ငွေက အဂ္ဂါအပေ ဘာတစ်ခုမှ ဖုံးကွယ်လိမ်လည်ခြင်း မပြုလိုခဲ့ပေ။

"ဖုံးကွယ်ထားတဲ့ကိစ္စတစ်ခုကနေ ပေါက်ဖွားလာတဲ့ သံသယတေ ကို ငွေ မခံစားချင်ဘူး သတိုး... သတိုး အဂ္ဂါကိုအမှန်အတိုင ဝန်ခံရင်ဆိုင်ပါ၊ အဂ္ဂါ ဖုန်းကို ငွေခေါ်ပြီး ချိန်းဆိုကာမယ်

www.burmeseclassic.com

www.burmeseclassic.com



ငွေက သတိုးဖုန်းကို ဖွင့်လိုက်ပြီး အဂ္ဂါရဲ့ဖုန်းနံပါတ်တွေကို နှိပ်လိုက်ပါသည်။ ဖုန်းဝင်သွားသည်နှင့် တစ်ဖက်က အဂ္ဂါရဲ့ ဒေါသတကြီးအသံပေါ်လာကာ....

"သတိုး မင်း အခုဘယ်ရောက်နေလဲ...ငွေ ဘယ်မှာလဲ၊ ငွေ့ကို မင်းခေါ်သွားတယ် မဟုတ်လား၊ မင်း ဖုန်းပိတ်ထားတာလည်း လုံးဝမရိုးသားဘူး၊ ယောကျ်ားမင်း..."

"အဂ္ဂါ သတိုးမဟုတ်ပါဘူး။ ငွေပါ သတိုးဖုန်းနဲ့ဆက်နေတာပါ"

"ငွေ မင်း သတိုးဆီမှာရှိနေတယ် မဟုတ်လား...၊ ကိုယ့်ကို အမှန်အတိုင်း ပြောစမ်းငွေ၊ ကိုယ် မင်းတို့ကို လိုက်ရှာနေတာ တစ်မြို့လုံးနှံ့နေပြီ၊ ရုံးက လူတွေက မင်း သတိုးကားနဲ့ပါသွားတယ်၊ ဘာမှမမှာခဲ့ဘူး ပြောတယ်၊ ပြီးတော့ ရုံးဆင်းတဲ့အထိ မင်းရောသတိုးပါ ပြန်မလာဘူး၊ သုံးယောက်စလုံးရဲ့ သိက္ခာတွေ ပွဲရှုံ့ကုန်တော့မယ်ကွ၊ မင်း သိရဲ့လား"

"ဒေါသကိုလျှော့ပါ အဂ္ဂါ၊ သတိုးဆီနားမှာ ငွေရှိနေတာ မှန်ပါတယ်၊ ဒါပေမယ့် အဂ္ဂါစိတ်ပူသလို သိက္ခာတွေပွဲရှုံ့စေမယ့် ဖြစ်ရပ်မျိုးတွေ မဖြစ်ခဲ့ပါဘူး၊ အဂ္ဂါ အခုဘယ်မှာလဲ...ငွေတို့က ကားပေါ်မှာပဲ၊ ဂေါ့(ဖ်)ကွင်းနားရောက်နေပြီ..."



"ကောင်းပြီ...အဲဒီကပဲစောင့်၊ ကိုယ် ငါးမိနစ်အတွင်းရောက်အောင်လာခဲ့မယ်"

ငွေနဲ့သတိုးက ကားကိုဂေါ့(ဖ်)ကွင်းအစပ်မှာရပ်ကာ မကြာခင်ကျရောက်လာမည့် ကံကြမ္မာတစ်ခုကို စောင့်မျှော်နေခဲ့ကြသည်။ ကံကြမ္မာတစ်ခု လှပမည်မလှပမည်ဆိုတာကိုတော့ ငွေတို့ကြိုတင် မမှန်းဆနိုင်ပေ။

"သတိုးကို အဂ္ဂါ ခွင့်လွှတ်နိုင်ပါစေ..."

ငွေက ခပ်တိုးတိုး ဆုတောင်းနေဆဲ၊ အဂ္ဂါကားက ငွေတို့ဆီ ဦးတည်လာနေတာကို လှမ်းမြင်လိုက်ရပါသည်။

"ငါ မစွန့်လွှတ်နိုင်လို့ ခေါ်သွားမိတဲ့ ငွေ့ကို မင်းလက်ကို ပြန်အပ်ပါတယ် အဂ္ဂါ...၊ ငါ ငွေ့ကို တန်ဖိုးထားခဲ့ပါတယ်၊ မှဲ့တစ်ပေါက်မှမစွန်းစေခဲ့ပါဘူး၊ အဲဒါကို မင်းယုံပေးပါ၊ ငါ့ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုဘူး အဂ္ဂါ၊ မင်း ကြိုက်သလို အပြစ်ပေးပါ"

" ခွပ်..."

သတိုးစကားဆုံးသည်နှင့် အဂ္ဂါရဲ့လက်သီးများက

www.burmeseclassic.com

www.burmeseclassic.com



သတိုးမျက်နှာပေါ် ဆင့်ကဲဆင့်ကဲကျရောက်သွားခဲ့ပါသည်။ သတိုးက မခုခံပေ။ နောက်ဆုံးတွင် မြက်ခင်းပေါ် ဒူးညွတ် ကျသွားခဲ့သည်။

"အဂ္ဂါ တော်ပါတော့ တော်ပါတော့ အဂ္ဂါရယ်၊ သူငယ်ချင်း အချင်းချင်း ဒီလောက်တောင် မလုပ်ပါနဲ့"

"သူငယ်ချင်း အချင်းချင်း လက်သီးနဲ့ထိုးတာဟာ… သူငယ်ချင်း လက်ထပ်မယ့် ချစ်သူကို ဖြတ်ခေါ်တာထက်စာရင်အများကြီး တော်ပါသေးတယ် ငွေ"

"သူ နေခင်တာရပြီပဲ သတိုး၊ ငွေ့ကိုလည်း သူ ဘာတစ်ခု မှ မစော်ကားခဲ့ဘူး၊ ခု အဂ္ဂါရှေ့မှာ လာဝန်ခံနေပြီပဲ၊ သူ့ကို ခွင့်မလွှတ်နိုင်ရင်နေပါ၊ ဒီလောက်တော့ မရက်စက်သင့်ပါဘူး အဂ္ဂါ…"

"ငွေ ဖယ်ပေးလိုက်ပါ၊ သူကြိုက်သလောက်ထိုးပါစေ၊ ငါ့ အပြစ်အတွက် ငါခံနိုင်ပါတယ်"

"နင်ခံနိုင်ပေမယ့် ငါ ကြည့်မနေနိုင်ဘူး သတိုး"

"ငွေ မင်း ဘာဖြစ်လို့ သတိုးဘက်က ဒီလောက်တောင် အကာအကွယ်ပေးနေတာလဲ"

"သတိုးဟာ ငွေ့ သူငယ်ချင်းပဲ၊ အဂ္ဂါရဲ့ သူငယ်ချင်းလည်း ဖြစ်တယ်…၊ သူမိုက်ခဲ့တာဟာ အဆုံးစွန်အထိလည်း မဟုတ်ခဲ့



ဘူး၊ သူ့စိတ်က ဖြူပါတယ် အဂ္ဂါ၊ ဖြူလွန်းလို့အစွန်းအထင်း လွယ်သွားတာပါ၊ သူ့ကို ခွင့်လွှတ်လိုက်ပါ"

"ဆောရီး ငွေ၊ ကိုယ် သူ့ကို တစ်ခုခုတော့ ဒဏ်ခတ် လိုက်ရဦးမယ်။ အခုလို ဒဏ်ခတ်တာဟာ အပေါ်ယံ အသား နာရုံပဲ ရှိပါသေးတယ်၊ ကိုယ့် စိတ်ကို နာကျင်အောင် သူ ညှဉ်းဆဲခဲ့သလို သူ့စိတ်နာကျင်အောင်လည်း ကိုယ်ညှဉ်းဆဲရ ဦးမယ်၊ ဟောကောင် သတိုး၊ ထစမ်း"

သတိုးက အားယူကာ ထရပ်လိုက်ပြီ…အဂ္ဂါရှေ့မှာ ခေါင်းငုံ့ငြိမ်သက်နေသည်။

"မင်း လုပ်ခဲ့တဲ့အပြစ်အတွက် မင်းဘက်က အလျော်[illegible] ပြန်ပေးရမယ်"

"ပြော ငါ ဘာလုပ်ပေးရမလဲ"

"ငါတို့မင်္ဂလာပွဲကျရင် မင်း သတို့သားအရံလုပ်ရမယ်၊ ပြီးတော့ ငွေကိုင်ဖို့ ဘိုကေးကို မင်းကိုယ်တိုင်လုပ်ပြီး ယူလာရမယ် ငါတို့အတွက် မင်းရဲ့လက်ဖွဲ့အနေနဲ့ပေါ့"

သတိုးက ငွေတို့ကို ဖျတ်ခနဲမော့ကြည့်လိုက်ပြီး မျက်ဝန်း လွှဲသွားကာ…

"ကောင်းပြီ…ငါလုပ်ပေးမယ်" [illegible]…ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com

"အိုကေ...မင်းသွားနိုင်ပြီ...."

ဖြစ်တယ်...၊ သူမ



သတိုးထွက်သွားပြီးနောက် ငွေရင်ဆိုင်ရသည်မှာ အဂ္ဂါရဲ့ စိမ်းလက်တောက်ပသောမျက်ဝန်းများကို ဖြစ်သည်။ သတိုးထွက်ခွာသွားသည်နှင့် အဂ္ဂါရဲ့မျက်နှာဖုံးဖိမရအောင် ညိုမှောင်ပြုကွဲလာသည်။ အဂ္ဂါက ငွေ့ပခုံးနှစ်ဘက်ကို တင်း တင်းဆုပ်ကာ...

"ငွေ...ဒီအဖြစ်အပျက်ကြီးကို ကိုယ့်ဘဝထဲက ဆွဲထုတ်ပေးလို့ မရဘူးလား ငွေ၊ ကိုယ်ဟာ တော်ရုံမိန်းမကို အထင်မကြီးခဲ့ဘူး၊ ကိုယ်ယူတဲ့မိန်းမဟာလည်း မှဲ့စွန်းမရှိအောင်ဖြူစင်သန့်ရှင်းတဲ့ မိန်းမပဲ ဖြစ်ရမယ်လို့ ကိုယ့်ရည်စူးခဲ့ဖူးတယ်၊ ခုတော့...."

"အဂ္ဂါဆိုလိုတာက ငွေဟာ မှဲ့စွန်းသွားပြီလို့ ယူဆချင်တာလား..."

"မဟုတ်သေးဘူး ငွေ၊ ဒီအဖြ[illegible]ကြီးဟာ...ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကြားမှာ ရှိမလာသင့်ဘူး၊ ကိုယ့်စိတ်ထဲမှာ တစ်သက်လုံးသယ်ဆောင်မသွားချင်ဘူး..."

"အဂ္ဂါ သဘောအတိုင်းပဲရှိပါစေ၊ ငွေကတော့ အားလုံးကို ခံနိုင်ရည်ရှိတယ်၊ အဂ္ဂါ ငွေ့ကို သံသယတွေနဲ့လက်ထပ်ပြီး တစ်သက်လုံးနှိပ်စက်သွားမယ်ဆိုလည်း ငွေက အဂ္ဂါကိုချစ်တဲ့ အချစ်နဲ့ ခံနိုင်ရည်ရှိနေမှာပဲ၊ အဂ္ဂါဆီက အချစ်နဲ့ ယုံကြည်မှုကိုမရနိုင်လည်း ငွေက ရသမျှနဲ့ ပျော်ရွှင်နေဦးမှာပဲ၊ အဲဒါဟာ အဂ္ဂါကို ချစ်တဲ့ငွေ့ရဲ့အချစ်ပဲ အဂ္ဂါ..."

"ချစ်တယ်"ဆိုတာ ချစ်သူချင်းမှ သုံးစွဲရတဲ့စကားလုံး မဟုတ်ဘူး အဂ္ဂါ၊ ငွေ့ဘဝမှာ တစ်ပြိုင်တည်း ပတ်သက်မိတဲ့ ယောကျာ်း နှစ်ယောက်စလုံးကို ငွေ ချစ်တယ်၊ အဂ္ဂါကိုချစ်တယ် သတိုးကိုလည်း ချစ်တယ်၊ အဂ္ဂါချစ်တဲ့အချစ်ထဲမှာ ရင်ခုန်ခြင်း တွေ၊ စိတ်လှုပ်ရှားမှုတွေ တွယ်ငြိတပ်မက်မှုတွေ အများကြီး ပါတယ်၊ သတိုးကိုချစ်တဲ့အချစ်ထဲမှာတော့ ဖြူစင်ငြိမ်းချမ်းခြင်း တွေပဲ ရှိတယ်၊သူနဲ့ ခွဲခွာရခြင်းဟာ ငွေ့စိတ်ကို အဆိပ်မသင့် စေဘူး၊ အဂ္ဂါနဲ့ခွဲခွာရခြင်းကတော့ ငွေ့စိတ်ကို အဆိပ်သင့်စေ တယ်၊ သတိုးမှာ ရှိတဲ့ စိတ်ရှည်သည်းခံမှုတွေ၊ နူးညံ့မှုတွေ အဂ္ဂါမှာမရှိပေမယ့်လည်း အဂ္ဂါကိုငွေက ချစ်ခြင်းနဲ့ ရွေးချယ်



တယ်၊ တကယ်တမ်းချစ်ကြပြီဆိုရင် ကိုယ်ချစ်တဲ့ သူ့ဆီက ကောင်းတာလေးတွေကို မက်မောတာ၊ မကောင်းတာတွေကို မလိုချင်တာတွေ ဘာမှမရှိတော့ဘူး အဂ္ဂါ၊ ချစ်ခြင်းဆိုတာ ကိုယ့်ချစ်သူပိုင်ဆိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုတွေနဲ့ ဘာမှမပတ်သက်ပါဘူး..."

"အဂ္ဂါ သံသယရှိလို့ ငွေ့ကိုစွန့်ပစ်လည်းငွေက အေးအေးဆေးဆေး လိုက်လျောမှာပါပဲ..."

"ငွေ၊ ငွေ့ကို ကိုယ်သိပ်ချစ်ပါတယ်..မစွန့်ပစ်နိုင်ပါဘူး၊ ကိုယ်မုန်းတာက ဒီအဖြစ်အပျက်ကြီးကိုပါ၊ ငွေ့ရဲ့ သိက္ခာကို ကိုယ်ယုံကြည်တယ် ပြီးတော့..."

အဂ္ဂါက ရုတ်တရက်တိတ်ဆိတ်သွားပြီးမှ တိုးတိုးပြောသည်မှာ....

"ဟိုကောင့် သိက္ခာကိုလည်း ကိုယ်ယုံကြည်ပါတယ်"

"ကျေးဇူးတင်ပါတယ် အဂ္ဂါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ငွေတို့ မင်္ဂလာပွဲကျင်းပတော့မည် ဖြစ်သည်။

မင်္ဂလာပွဲနီးကပ်လာတာနှင့်အမျှ သတို့သည် အကောင်းဆုံး ဘိုကေးတစ်ခုဖန်တီးရန် အလုပ်ရှုပ်လျက်ရှိ လေသည်။

ဘိုကေး ပြုလုပ်ဖန်တီးရန် ကက်တလောက်များ၊ စာအုပ်များကို ရှာဖွေဝယ်ယူခြင်း၊ မိတ်ဆွေတစ်ဦး၏အကူ အညီဖြင့် Flowral တစ်ခုတွင် ဘိုကေးလုပ်နည်းကို သွားရောက်သင်ယူခြင်း၊ နှင်းဆီခြံတွင် ကြိုက်ရာနှင်းဆီဖြူဖူးများကို ရွေးချယ်ကာ booking လုပ်ထား ခြင်းတို့ဖြင့် ငွေ့အတွက် အကောင်းဆုံး ဘိုကေးတစ်ခု ဖန်တီးနိုင်ရန် ကြိုးစားလျက်ရှိလေသည်။



မနက်ဖြန်တွင် မင်္ဂလာပွဲကျင်းပတော့မည် ဖြစ်သည်။

သတို့က သူ့လက်ရာ ဘိုကေးတစ်ခုလုံးကို နှင်းဆီဖြူ များဖြင့်သာ ဖန်တီးရန် ဆုံးဖြတ်ခဲ့သည်။

ငွေမပန်ဖြစ်သောနှင်းဆီဖြူများကို ငွေ့အတွက် အမှတ်တရ အဖြစ် ပေးအပ်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သတို့၏အခန်းထဲတွင် နှင်းဆီဖြူများစွာ ပွင့်ကြဲနေခဲ့လေသည်။

ကက်တလောက်စာရွက်များ၊ ကပ်ကြေး၊ ဖဲကြိုး အစရှိသည့် ပစ္စည်းများစွာက သတို့ကို ဝိုင်းရံထားခဲ့သည်။

သတို့သည် လှပသော ဘိုကေးတစ်ခုကို စိတ်တိုင်းကျ ဖန်တီးလျက်ရှိလေသည်။



နှင်းဆီဖြူဘိုကေးတစ်ခု ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ သတို့က ဘိုကေးလေးကို တဖွဖွကိုင်တွယ်ကြည့်နေဆဲ…တံခါးခေါက်သံ ပေါ်လာကာ…

"သားရေ…သားကားက အရိုက်မမိဘူး ဖြစ်နေတယ်နော်၊ မနက်ကျ ဒရိုင်ဘာလောရင်ပြင်ခိုင်းလိုက်ဦး၊ မေမြီး စီးသွားမိမှ စိုးလို့သတိပေးတာ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

သတို့က ပြီးစလွယ်ခေါင်းညိတ်ပြလိုက်ပြီး၊ ငွေနဲ့ တွေ့စ,ကတည်းက ငွေ သူ့ကားထဲ ပစ်ပေါက်ထည့်ခဲ့သည့် ဖိနပ် အနီလေးတစ်ဖက်ကို လှပစွာထုပ်ပိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိုးသားအရံဝတ်စုံပြည့်ဝတ်ထားသော သတိုးသည် ဖိနပ်ထုပ်ကလေးနှင့် နှင်းဆီဖြူဘိုကေးကို ကိုင်ကာ သူ့ကားရှိရာသို့ စိတ်မှတ်မဲ့သူလို ခေါင်းငိုက်စိုက်ချလျှောက်သွားခဲ့ပါသည်။

ကားတံခါးကိုဆွဲဖွင့်ကာ ဘိုကေးထည့်ထားသည့် ကြိမ်ခြင်းလေးကို သူ့နံဘေးနေရာမှာ တယုတယတင်လိုက်ပြီး၊ သူ့ကားကို ငွေတို့မင်္ဂလာပွဲရှိရာသို့ ဦးတည်လိုက်လေသည်။



မင်္ဂလာပွဲ စ,တင်ချိန်အထိ ဘိုကေးလက်ဆောင်ပေး မည့် သတို့သားအရံ ရောက်မလာသေးသောအခါ သတို့သမီးလေးသည် စိတ်ပူစ, ပြုလေသည်။

"မျှော်မနေနဲ့တော့ ငွေ၊ ဒီကောင် သတ္တိကြောင်တာ၊ ရှောင်ထွက် သွားတာ.."

"မဟုတ်သေးဘူး အဂ္ဂါ၊ ငွေ့စိတ်ထဲမှာ တစ်မျိုးပဲ၊ ထင့်နေတယ်၊ သူလာတော့လာမှာပါ"

"မင်္ဂလာပွဲက စ,နေပြီ ငွေ၊ ဘိုကေးမပါဘဲ ထွက်မလား"

"ဟော ဟိုမှာ လူတစ်ယောက်ဝင်လာနေတယ်တွေ့လား အဂ္ဂါ၊ သူ့လက်ထဲမှာ ဘိုကေးနဲ့..."

ခန်းမထဲသို့ ရေးကြီးသုတ်ပျာဝင်လာသောသူသည် ဘိုကေး မပါဘဲ ထွက်လာရသည့် သတို့သမီးရှေ့သို့ရောက်လာခဲ့ကာ...

"ဒီမှာ သတို့သမီးအတွက် ဘိုကေးပါ..၊ ကိုသတိုး ပို့ခိုင်း လိုက်တာပါ၊ ဒီအထုပ်ကလေးပါ ယူထားလိုက်ပါ..."

"သူက ဘယ်မှာကျန်ရစ်သလဲ၊ ဘာဖြစ်လို့ ကိုယ်တိုင် လာမပေး သလဲ..."

အဂ္ဂါက မေးခွန်းထုတ်နေဆဲတွင် ငွေက ပွဲရှု့နေသည့် အထုပ်ထဲက တစ်စွန်းတစထွက်ပြူနေသည့် ဖိနပ်ကလေးတစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ကို ဆွဲထုတ်ကြည့်လိုက်လေသည်။ ငွေသည် ရုတ်တရက် ပါကင်စက္ကူပေါ်က သွေးစတစ်ချို့ဆီအကြည့်ရောက်သွားရကာ ရင်ထဲလှပ်ခနဲ တုန်ရင်သွားရပါသည်။ ငွေသည် ငွေ့ရှေ့ကလူ့ကို မော့ကြည့်လိုက်မိရင်း...

"ဒီမှာ ... သူ...သူ တစ်ခုခုဖြစ်နေပြီလား"

"ကိုသတိုးရှို ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေပါတယ်၊ ကားထဲကနေ ဒီဘိုကေးကို မပျက်မစီးပြန်ရပါတယ်၊ သူသတိရလာတော့ ခင်ဗျားတို့မင်္ဂလာပွဲကို ဘိုကေးနဲ့ ဖိနပ်ထုပ်လေးရောက်အောင်ပို့ပေးဖို့ တောင်းပန်လို့ လာပို့ပေးတာပါ"

"အင်္ဂါ ငွေကတော့ ဒီမင်္ဂလာပွဲကို ပစ်ပြီး သတိုးဆီခုပဲသွားရမယ်၊ အင်္ဂါလိုက်ချင်သလား"

"လိုက်မယ်ငွေ၊ ကိုယ်တို့ အားလုံးကို ခဏတောင်းပန် ထားခဲ့မယ်..."

အင်္ဂါသည် ငွေ့လက်ကိုဆွဲကာ ပရိသတ်ရှေ့သို့ထွက်လာခဲ့ပြီး...

"အားလုံးပဲ..ကျွန်တော်တို့ အနူးအညွတ်တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရဲ့အချစ်ဆုံး သူငယ်ချင်း ကားအက်ဆီးဒင့်ဖြစ်တဲ့သတင်းကို ခုပဲရလိုက်ပါတယ်၊ ကျွန်တော်တို့ ခဏသွားခွင့်



ပြုပါ၊ လာ...ငွေ"

အင်္ဂါသည် ငွေ့လက်ကိုဆွဲကာ မင်္ဂလာခန်းမထဲမှ အပြေးအလွှားထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သားအရံ၏ မျက်ဝန်းများသည် အခန်း၀ဆီသို့ မျှော်လင့်တကြီး စောင့်စားနေခဲ့လေသည်။

သတို့သားနှင့် သတို့သမီးရောက်လာခဲ့ချိန်တွင် မျက်ဝန်းများက ဖျတ်ခနဲအရောင်လက်လာခဲ့ပြီး နှုတ်ခမ်းများ မသိမသာပြုံးကာ ငြိမ်သက်သွားခဲ့လေသည်။

“သတို့း.....”

ငွေသည် မျက်ရည်စ,များကို လက်ခုံနှင့်ပင့်သုတ်လိုက်ပြီး တစ်ချက်ကျိတ်ရှိုက်လိုက်သည်။ နှင်းဆီဖြူနှင့်အလားတူသော လူယယ်လေးကိုတော့ ငွေတို့ပြန်မရနိုင်တော့ပြီ။

“ငါတို့ မင်းကိုခွင့်လွှတ်ပါတယ်၊ မင်းလည်း ခွင့်လွှတ်ပေးပါ သတို့း”

အင်္ဂါက တီးတိုးပြောလိုက်လေသည်။

ငွေသည် ငွေ့လက်ထဲကဘိုကေးလေးကို သတို့းရင်ဘတ်ပေါ်အသာအယာတင်ပေးခဲ့လေသည်။



ဒေါက်မိနစ်အနီလေးတစ်ဖက်ကိုတော့...ငွေက အင်္ဂါ၏ခွင့်ပြုချက်ကိုရယူကာ အမှတ်တရအဖြစ် သိမ်းဆည်းထားခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဖြူလေးကို ငွေ မဝန့်ဖြစ်ခဲ့ချေ။

သို့သော် သူ့ရဲ့ဖြူစင်တဲ့အရောင်

အသွေးကိုတော့ ငွေ့နှလုံးသားထဲမှာ

ထာဝရ သိမ်းဆည်းထားခဲ့ပါသည်။

ပုညခင်

BURMESE CLASSIC .com
www.burmeseclassic.com